# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်    ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၃၅]


**အရိယ သစ္စာန ဒဿနံ**
**တေံမင်္ဂလ မုတ္တမံ**
**သစ္စာလေးပါးကိုသိခြင်းသည်**
**မြတ်သော မင်္ဂလာမည်၏။**

# တည်ငြိမ်အေးချမ်းစွာ အသွင်ကူးပြောင်းနိုင်ခဲ့သည့် အခြေအနေသည် နိုင်ငံနှင့်ပြည်သူများအတွက် ငြင်းဆန်မရသည့် အောင်မြင်မှုများဖြစ်



**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈နာရီ မိနစ်၂၀ တွင် အထူးလေယာဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိကြရာ ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး မြောက်ဦးမြို့သို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ

*စာမျက်နှာ ၈ ကော်လံ ၁ ✻*

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြောက်ဦးမြို့၌ ဒေသခံတိုင်းရင်းသူတစ်ဦးအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)


ECONOMY Green GROWTH

## အစိမ်းရောင်ဖွံ့ဖြိုး ပြည့်အကျိုး

ဆောင်းပါး၊ စာမျက်နှာ-၆





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဘာသာပြန်စာပေ ရှင်သန်ဖွံ့ဖြိုးရေး

ဘာသာပြန်စာပေသည် ကမ္ဘာတစ်ဝန်း နေ့စဉ်နှင့်အမျှ ဖြစ်ပျက်နေသော သတင်းအကြောင်းအရာများနှင့် စာဖတ်ပရိသတ်ပြည်သူထုအကြား အဓိကပေါင်းကူးတံတားသဖွယ် ဆက်စပ်ပေးလျက်ရှိသည်။ ဘာသာပြန်စာပေမှတစ်ဆင့် အသိပညာဗဟုသုတများစွာကို ရရှိစေပြီး ဦးနှောက်စွမ်းရည်ဖွံ့ဖြိုးမှုအတွက်များစွာအထောက်အကူပြုလျက်ရှိသည်။ မျက်မှောက်ခေတ်တွင် မိုဘိုင်းအင်တာနက်ကို ကျယ်ပြန့်စွာသုံးစွဲလာမှုနှင့် အတူဘာသာပြန်စာပေအသုံးချမှုမှာလည်း လျင်မြန်စွာကျယ်ပြန့်လာလျက်ရှိသည်။ စာပေဗဟုသုတများရှာမှီးရာတွင် ဘာသာပြန်စာပေ၏အခန်းကဏ္ဍသည် ကျယ်ဝန်းနက်ရှိုင်းလှ၏။

ဘာသာပြန်စာပေဟူသည်ဘာသာစကားတစ်ခုမှ ဘာသာစကားတစ်ခုသို့ ပြန်ဆိုထားသော စာပေများပင်ဖြစ်၏။ ဘာသာပြန်စာပေကို ဖတ်ရှုလေ့လာခြင်းထက် ဘာသာပြန်စာပေအပေါ်နားလည်တတ်ကျွမ်းအောင် လေ့လာသင်ယူကြခြင်းဖြင့် အကန့်အသတ်မရှိသော ဗဟုသုတအကြောင်းအရာများစွာတို့ကို ရှာဖွေလေ့လာနိုင်ကြမည်ဖြစ်ပါသည်။ ယနေ့ခေတ်တွင်ဘာသာပြန် စာပေများကျယ်ပြန့်လာသော်လည်း ဘာသာပြန် စာပေတတ်ကျွမ်းမှုအရေအတွက်မှာအလွန်ပင်နည်း၏။ ဘွဲ့ရပြီးလူငယ်များသည်ပင်လျှင် အင်္ဂလိပ်စာတတ်မြောက်မှုအားနည်းခြင်းကြောင့် အင်တာနက်ခေတ်ကြီးတိုးတက်လာသော်လည်း ဗဟုသုတများစွာတို့နှင့်အလှမ်းဝေးနေကြရသည်။ လူငယ်အများစုသည်အင်္ဂလိပ်စာမှာ ငါတို့နှင့်မဆိုင်ဟု ယူဆကြလေသောကြောင့် ထိုမှရရှိနိုင်မည့် ဗဟုသုတများတို့နှင့်လည်း လွဲချော်နေကြရသည်။

ဘာသာပြန်စာပေနှင့်ပတ်သက်၍ အမျိုးသားစာပေဆုနှစ်ကြိမ်တိုင်တိုင်ဆွတ်ခူးနိုင်ခဲ့သည့် ဘာသာပြန်စာရေး ဆရာဦးခင်မောင်စိုး (မောင်ပေါ်ထွန်း)က "အခုချိန်မှာဘာသာပြန်စာပေတွေအားနည်းလာတယ်။ ဒါကဘာသာပြန်စာပေတွေကို ဖတ်ရှုတဲ့သူတွေနည်းလာလို့ပဲ၊ နောက်တစ်ချက်က တက္ကသိုလ်/ကောလိပ်တွေမှာ ဘာသာပြန်သင်ကြားပေးမှုသင်တန်းတွေအားနည်းတယ်၊ အပြင်မှာ ဘာသာပြန်သင်တန်းတွေရှိပေမယ့် ဒါကဘာသာပြန်မှုနည်းပဲ သိနိုင်တယ်၊ ဘာသာပြန်သူဟာလက်တွေ့များများရေးကျင့်ဖို့လိုအပ်သလို ကိုယ့်ကိုပြန်စစ်ပေးနိုင်တဲ့မိတ်ဆွေကောင်း၊ ဆရာကောင်းလည်းလိုအပ်ပြန်တယ်၊ ဘာသာပြန်သူတွေဟာ ဖွဲ့ရှိဖို့လိုသလို မိမိတို့ရဲ့မြန်မာစာကို နားလည်တတ်ကျွမ်းဖို့အထူးလိုအပ်တယ်။ မြန်မာစာတော်ဖို့လိုအပ်တယ်။ တချို့ဘာသာပြန်လူငယ်တွေက မြန်မာဝတ္ထု ၁၀ အုပ်လောက်တောင်မဖတ်ဘူးဘဲနဲ့ဘာသာပြန်တော့ ကိုယ်ရေးတဲ့စာက ဖတ်သူနားမလည်ဘူး ဖြစ်နေတယ်" ဟူ၍ ၂၀၁၄ ခုနှစ်အမျိုးသားစာပေဆုအတွက် တွေ့ဆုံမေးမြန်းရာတွင် ရှင်းပြသည်။

ဘာသာပြန်အလုပ်သည် ခက်သည်လည်းမဟုတ်၊ လွယ်သည်လည်းမဟုတ်ပေ။ သို့သော်ပရော်ဖက်ရှင်နယ် ဘာသာပြန် ဆရာကောင်းတစ်ဆူဖြစ်လာရန်မှာ နှစ်နှင့်ချီ၍ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရသော အလုပ်ဖြစ်လေသည်။ ဘာသာပြန်အလုပ်သည်ဖတ်စရာမှတ်စရာများ အလွန်ကျယ်ဝန်းနက်ရှိုင်းသကဲ့သို့ ဘာသာပြန်အလုပ်မှ ဗဟုသုတရရှိနိုင်မှုမှာလည်း အတိုင်းအတာအကန့်အသတ်မရှိပေ။ ဘာသာပြန်အလုပ်ကိုများများလုပ်လေ ဗဟုသုတသည် တိုးပွားလေဖြစ်၏။

သို့ဖြစ်၍ယနေ့ခေတ်လူငယ်လူရွယ်များအနေဖြင့် ခေတ်မီတိုးတက်နေသည့်ခေတ်ကြီးတွင် ဘာသာပြန်စာပေကို လေ့လာလိုက်စားသင့်ပေသည်။ ဘာသာပြန်အတတ်ပညာကို လေ့လာလိုက်စားခြင်းမှအတိုင်းအဆမရှိသော ဗဟုသုတများကို ရှာမှီးနိုင်ကြမည်ဖြစ်ပါသည်။ ဘာသာပြန်စာပေများ ရှင်သန်ထွန်းကားရေးကို အလေးအနက်ထားသင့်ပြီဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ရေအလေအလွင့်လျှော့ချရေးစီမံကိန်းအတွက် ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် ရေအလေအလွင့်လျှော့ချရေးစီမံကိန်းအတွက် လူသားချင်းစာနာထောက်ထားမှုအနေဖြင့် ဂျပန်အစိုးရက အမေရိကန် ဒေါ်လာ ၆၁၀၃၁၇ ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၃၀ ရက်က ရန်ကုန်မြိုင်ဟောဝန်ပန်းခြံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှသံအမတ်ကြီး H.E.Mr. Tateshi HIGUCHI၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

မရမ်းကုန်းမြို့နယ် ရေအလေအလွင့်လျှော့ချရေး၊ ရေသွယ်ရေးစနစ် တိုးတက်ကောင်းမွန်စေရေးနှင့် ရန်ကုန်စည်ပင်သာယာသို့ နည်းပညာများ လက်ကမ်းပေးနိုင်ရေးတို့အတွက် ရည်ရွယ်ပြီး ထိုသို့ကူညီထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံတွင် အသေးစားစီမံကိန်းများ ထောက်ပံ့ရေး အစီအစဉ်ဖြင့် ၁၉၉၃ ခုနှစ်မှစတင်ပြီးစီမံကိန်းပေါင်း ၇၃၁ ခုကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ရာ အဆိုပါ ကူညီထောက်ပံ့မှုများသည် လက်ရှိမြန်မာ-ဂျပန်နှစ်နိုင်ငံချစ်ကြည်ရေးကိုလည်း ပိုမိုတိုးတက်ခိုင်မာလာစေလိမ့်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ထင်သာမြင်သာပြုပြင်စရာ

# စည်းကမ်းမဲ့ ယာဉ်ရပ်နားမှုများကြောင့် ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းပေးစေလို

**တာချီလိတ် နိုဝင်ဘာ ၃**

တာချီလိတ်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးနှင့် ချစ်ကြည်ရေးတံတားထိပ် အဝိုင်းနေရာသည် တာချီလိတ်မြို့မှ ထိုင်းနိုင်ငံသို့ သွားရောက်မည့် ယာဉ်များ၊ ထိုင်းနိုင်ငံဘက်မှ တာချီလိတ်မြို့သို့ လာရောက်သည့်ယာဉ်များ၊ တာချီလိတ်မြို့မှ မိုင်းဆတ်မြို့သို့ သွားရောက်ကြမည့်ယာဉ်များဖြင့် ယာဉ်အသွားအလာ ထူထပ်သော နေရာတစ်ခုဖြစ်သည်။

အဆိုပါ အဝိုင်းထိပ်နေရာတွင် ယာဉ်မရပ်ရ အမှတ်အသားများ ပြုလုပ်ထားသော်လည်း စည်းကမ်းမဲ့ယာဉ်များမှာ နှစ်ထပ် သုံးထပ်အထိ ပိတ်ဆို့ကာ ကြာမြင့်စွာ ရပ်ထားပြီး ကုန်တင် ကုန်ချပြုလုပ်လေ့ရှိသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုများ နေ့စဉ်ဖြစ်ပေါ်နေသည်။



ထို့အပြင် စည်းကမ်းမဲ့ဈေးသည်များကလည်း လမ်းဘေးပလက်ဖောင်းကို ကျော်လွန်ကာ ရောင်းချခြင်း၊ ကုန်ပစ္စည်းများ စုပုံထားခြင်းတို့ကြောင့် လမ်းသွားလမ်းလာများအတွက် အခက်အခဲဖြစ်ရသည်။

ထို့ကြောင့် စည်းကမ်းမဲ့ယာဉ်များနှင့် စည်းကမ်းပျက်ဈေးသည်များအား သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေး မြို့သူမြို့သားများမှ လိုလားလျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# ကျေးလက်မီးလင်းရေး အထောက်အကူပြု ပစ္စည်းများ ပေးအပ်

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၃**

မော်လမြိုင်ကျွန်းမြို့နယ်တွင် ကျေးလက်မီးလင်းရေးအထောက်အကူပြု ပစ္စည်းများပေးအပ်ပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် ရီမွန်ကုမ္ပဏီကိုယ်စား ဦးလှကြည်တို့က ကျေးလက်မီးလင်းရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်ရခြင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ထီတိုလိုကျေးရွာအုပ်စုမှ အိမ်ခြေ ၁၀၀ နှင့်ပက်ဖြဲကျေးရွာအုပ်စုမှ အိမ်ခြေ ၁၀၀ ရှိဒေသခံပြည်သူများအတွက် ဖယောင်းတိုင်အစားထိုး ကျေးလက်မီးလင်းရေးစနစ်အဖြစ် ဘက်ထရီ ၁၂ ဗို့အားသုံးဆိုလာပြားနှင့် မီးလုံးပစ္စည်းတစ်စုံစီကို မြို့နယ်တာဝန်ရှိသူများက ဒေသခံပြည်သူများ လက်ဝယ်အရောက် ပေးအပ်ကြသည်။ အဆိုပါ ကျေးလက်မီးလင်းရေး အထောက်အကူပြုပစ္စည်းများ သုံးစွဲခြင်းဖြင့် ဖယောင်းတိုင် ၅၀ ၏ အလင်းအားကိုပေးနိုင်ပြီး တစ်ရက်လျှင် ၆ နာရီ အသုံးပြုနိုင်သောကြောင့် ကျေးလက်နေမိသားစုများ၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃-၁၁-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၈၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၃၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၈၃၀၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၃၀/၆၄၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၇၀/၆၉၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၇ |
| ဥရောပ | တစ်ယူရို | ၁၄၀၇.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂.၄၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၈၉၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၅၃၃ |
| တရုတ် | တစ်ယွမ် | ၂၀၂.၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၂၉ |

ခင်ရတနာ-စုစည်းသည်။

၂၆-၁၀-၂၀၁၅ မှ ၃၀-၁၀-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၅၈၂ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၆၀ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အပေါ် ဆက်လက်အကောင်အထည်ဖော်ပြီး ထာဝရငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ရမည်ဖြစ်





**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ စစ်တွေမြို့သို့ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် စစ်တွေတပ်နယ်ရှိ ဗန္ဓုလခန်းမ၌ တပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေး၊ တပ်နယ်မှအရာရှိ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သည် စစ်ရေးစွမ်းရည် အမြဲတမ်းထက်မြက်နေရန် လိုအပ်ကြောင်း၊ တစ်ဦးချင်းစွမ်းရည်ရှိရန် လိုအပ်သလို တပ်ဖွဲ့အလိုက်၊ တပ်အလိုက်လည်း စွမ်းရည်ရှိရန် လိုအပ်ကြောင်း၊ တပ်တွင်းတပ်ပြင် စည်းရုံးရေးဆောင်ရွက်ရာတွင် လက်တွေ့ပါသောစည်းရုံးရေးနှင့် လက်တွေ့မပါသောစည်းရုံးရေးဟူ၍ နှစ်မျိုးရှိကြောင်း၊ လက်တွေ့ပါသောစည်းရုံးရေးဆိုသည်မှာ မြင်သာသော ပြည်သူ့အကျိုးစီးပွား ဖော်ဆောင်ကာကွယ်ပေးမှုများဖြစ်ကြောင်း၊ လက်တွေ့မပါသော စည်းရုံးရေးဆိုသည်မှာ စစ်သည်တော်ကောင်းတစ်ဦး ပီသစွာနေထိုင်ပြီး ကျင့်ဝတ်(၆၀)ပါ ပြည်သူလူထုအပေါ်ပြုကျင့်ရမည့်ကျင့်ဝတ်(၁၀)ပါးကို လိုက်နာစောင့်ထိန်းခြင်းပင်ဖြစ်ကြောင်း၊ ခေါင်းဆောင်များက ခေါင်းဆောင်ပီသစွာ တပ်ကိုကြပ်မတ်ကွပ်ကဲရန်လိုသလို ပေးအပ်ထားသော တာဝန်များကိုလည်း ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံရေးနှင့်ပတ်သက်ပြီး မကြာမီ ကိုယ်တိုင်ရွေးချယ်ပေးကြရတော့မည်ဖြစ်၍ ရွေးချယ်မှုမှန်ကန်ရန် လိုအပ်ကြောင်း၊ တိုင်းပြည်ကို ခေါင်းဆောင်နေသူသည် နိုင်ငံနှင့်ဒေသကို ဖွံ့ဖြိုးအောင်လုပ်မည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မည့်သူ၊ တပ်မတော်အပေါ် နားလည်မှုရှိသူ၊ အမြင်လေးမြင်ရှိသူ၊ အမျိုးဘာသာ သာသနာနှင့်ပတ်သက်ပြီး မှန်မှန်ကန်ကန်နှင့် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နိုင်သူ၊ နိုင်ငံခြားသား၊ နိုင်ငံခြားတိုင်းပြည် အဖွဲ့အစည်းတစ်ခုခုဖြင့် တစ်နည်းနည်းဖြင့် ဆက်သွယ်မှုမရှိသူ၊ လွှမ်းမိုးမှုမရှိသူ ဖြစ်ရန်လိုကြောင်း။

တိုင်းရင်းသားများ ဝန်းရံထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်၍ ပြည်ထောင်စုအပြိုကွဲမခံနိုင်ကြောင်း၊ ကြိုတင်မဲပေးခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကို ပေါ့ပေါ့တန်တန်မလုပ်ဘဲ ၎င်းအပေါ်မှာအခြေခံပြီး တပ်များ၏စွမ်းရည်ကို မြင့်မားအောင်လုပ်ရန် လိုအပ်ကြောင်း။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အပေါ် ဆက်လက်အကောင်အထည်ဖော်ပြီး ထာဝရငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်ပြီး စိတ်ရှည်သည်းခံစွာ ဆောင်ရွက်လျက်ရှိပြီး ကျန်အဖွဲ့များနှင့် လက်မှတ်ရေးထိုးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်နယ်မိသားစုများအတွက် သုတရသစာစောင်များ ပေးအပ်ရာ ဒေသကွပ်ကဲရေးမှူးက လက်ခံရယူသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အားကစားပစ္စည်းများ ပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမည့် PACE အဖွဲ့မှ ရွေးကောက်ပွဲအပြီး ၄၈ နာရီအတွင်း ရွေးကောက်ပွဲ၏ ကနဦးအစီရင်ခံစာထုတ်ပြန်မည်

**( သတင်း – ရဲခေါင်ညွန့်၊ မြတ်သန္တာမောင် )**

**ရန်ကုန် နိုဝင်ဘာ ၃**

လာမည့်နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် ရွေးကောက်ပွဲဖြစ်စဉ်အပေါ် စောင့်ကြည့်လေ့လာလျက်ရှိသည့် PACE အဖွဲ့မှ ရွေးကောက်ပွဲကျင်းပအပြီး ၄၈ နာရီအတွင်း ရွေးကောက်ပွဲ၏ ကနဦးအစီရင်ခံစာကို ထုတ်ပြန်သွားမည်ဟု အဆိုပါအဖွဲ့၏ ဒါရိုက်တာဖြစ်သူ ဦးစိုင်းရဲကျော်စွာမြင့်ထံမှ သိရသည်။

**“ကနဦးအစီရင်ခံစာကို ရွေးကောက်ပွဲအပြီး ၄၈ နာရီအတွင်းမှာ ထုတ်ပြန်နိုင်ဖို့စီစဉ်ထားတယ်။ အပြီးသတ်အစီရင်ခံစာကိုတော့ တစ်လအတွင်းမှာ ထုတ်ပြန်နိုင်ဖို့ ကြိုးစားမယ်။** ကော်မတီတွေ၊ ပါတီတွေအနေနဲ့ သိသင့်သိထိုက်တဲ့ကိစ္စမျိုးဆိုရင်တော့ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်သွားမယ်။ အင်ဒိုနီးရှားနိုင်ငံ သမ္မတရွေးကောက်ပွဲမှာဆိုရင် SOB နည်းသုံးပြီး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေက ထုတ်ပြန်တဲ့ရလဒ်နဲ့ တကယ့်တရားဝင်ရလဒ်တွေနဲ့ကြည့်တဲ့အခါမှာ ရာခိုင်နှုန်းတွေ သိပ်မကွာခြားဘူး” ဟု ဦးစိုင်းရဲကျော်စွာမြင့်က ပြောသည်။

PACE အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ရွေးကောက်ပွဲအားစောင့်ကြည့်လေ့လာရာတွင် ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူအများစုအသုံးပြုသည့်မဲရုံများကို စာရင်းအင်းနည်းပညာဖြင့် တွက်ချက်ရသည့် Sample Base Observation (SBO) နည်းဖြင့် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။ အာဆီယံနိုင်ငံများအနေဖြင့် အင်ဒိုနီးရှားနိုင်ငံရွေးကောက်ပွဲ၊ ဖိလစ်ပိုင်နိုင်ငံရွေးကောက်ပွဲနှင့် ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲများတွင် Sample Base Observation (SBO) နည်းဖြင့် စောင့်ကြည့်လေ့လာသူများက စောင့်ကြည့်ခဲ့ကြောင်း သိရသည်။

စာရင်းအင်းနည်းပညာဖြင့်တွက်ချက်ရသည့် Sample Base Observation (SBO) နည်းဖြင့် လေ့လာမည့် PACE အဖွဲ့သည် မြန်မာနိုင်ငံတစ်ဝန်းရှိ မဲရုံပေါင်းတစ်ထောင်တွင် စောင့်ကြည့်လေ့လာသူ ၂၀၀၀ ဖြင့် လေ့လာစောင့်ကြည့်သွားမည်ဖြစ်သည်။ PACE သည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အဆင်ပြေချောမွေ့မှု ရှိမရှိ၊ ရွေးကောက်ပွဲ၏ပွင့်လင်းမြင်သာမှုနှင့် သမာသမတ်ကျမှုကို မေးခွန်းပေါင်း ၄၀ ကျော်အပေါ်အခြေခံကာ အဓိကစောင့်ကြည့်မည်ဖြစ်သည်။ ရရှိလာသည့်တွေ့ရှိချက်များအပေါ်အခြေခံပြီး နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရွေးကောက်ပွဲကော်မရှင်အား ရွေးကောက်ပွဲ၏အားသာချက်၊ အားနည်းချက်များကို အကြံပြုသွားမည်ဖြစ်ကြောင်း သိရသည်။ PACE အဖွဲ့သည် နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်နေ့များတွင် ကြိုတင်မဲပေးမှုအား ကာလရှည်လေ့လာစောင့်ကြည့်သူ ၁၃၀ ဖြင့် မြို့နယ် ၁၃၀ တွင် ရွေးကောက်ပွဲ၏ Trend ကို လေ့လာစောင့်ကြည့်သွားမည်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သတင်းထုတ်ပြန်ချက်အရ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအား နိုင်ငံတကာသံရုံး ၃၂ ရုံးမှ လေ့လာသူ ၄၇၀၊ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ခြောက်ခုမှ ၄၆၅ ဦး၊ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတွက် အကူအညီပေးနေသည့် နိုင်ငံတကာအဖွဲ့အစည်းကိုးခုမှ ၁၈၃ ဦးအပါအဝင် စုစုပေါင်းပြည်ပလေ့လာစောင့်ကြည့်သူ ၁၁၁၈ ဦး၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်း ၁၃ ခုမှ ၉၄၀၆ ဦး၊ ပြည်ပသတင်းမီဒီယာ ၄၅ ဖွဲ့မှ ၂၉၁ ဦးတို့အား စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ သက်သေခံကတ်ပြားများ ထုတ်ပေးခဲ့ပြီးကြောင်း သိရသည်။

# မြန်မာရေလုပ်သား ၈၅ ဦး အမိမြန်မာနိုင်ငံသို့ ထပ်မံပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၃**

အိန္ဒိယသမ္မတနိုင်ငံ ပို့ဘလဲယားမြို့ Open Dlstress Camps ၌ ထိန်းသိမ်းထားသည့် မြန်မာရေလုပ်သားများအား နိုင်ငံတော်အစိုးရက လေယာဉ်စရိတ်များ ကုန်ကျခံကာ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း စင်းလုံးငှားလေယာဉ်ဖြင့် ခေါ်ယူပေးလျက်ရှိရာ ယနေ့တွင်ကျန်ရှိနေသော မြန်မာရေလုပ်သား ၈၅ ဦးကို ဒုတိယအသုတ်အဖြစ် ပြန်လည်ခေါ်ခဲ့သည်။

ထို့နောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချမ်းဟာရဲ ဦးဆောင်သောအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ ပို့ဘလဲယားမြို့သို့ လေကြောင်းခရီးဖြင့် သွားရောက်ပြီး လေဆိပ်ခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ နယူးဒေလီသံရုံး စီးပွားရေးသံမှူး ဦးဇော်ညွန့်နှင့် ကာလကတ္တားမြို့ ကောင်စစ်ဝန်ချုပ်ရုံး သံရုံးအုပ် ဦးတင်ထွန်းအောင်ထံမှ မြန်မာရေလုပ်သား ၈၅ ဦးကို စာရင်းအချက်အလက်များနှင့်အတူ လွှဲပြောင်း လက်ခံရယူသည်။

ယင်းနောက် ပို့ဘလဲယားမြို့ လေဆိပ်မှ ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။ **(အောက်ပုံ)**



ယနေ့ ထပ်မံရောက်ရှိလာသည့် ရေလုပ်သားများအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ တာဝန်ရှိသူများ၊ နိုင်ငံတကာရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုအားပေးစကား ပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများက ရေလုပ်သားများအား ထောက်ပံ့ငွေ၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ခရီးစရိတ်များ၊ ငွေကျပ် ၁၀၀၀ ဖြည့်ပြီး MPT ဖုန်းကတ်များ ထောက်ပံ့ပေးအပ်ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် နေရပ်ဒေသအသီးသီးသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးကြသည်။

ယနေ့ ပြန်လည်ရောက်ရှိလာသည့် ရေလုပ်သား ၈၅ ဦးတွင် ဧရာဝတီတိုင်းဒေသကြီးမှ ၇၇ ဦး၊ ရခိုင်ပြည်နယ်မှ ရှစ်ဦးတို့ပါဝင်ပြီး အဆိုပါ ရေလုပ်သားများသည် အိန္ဒိယရေပိုင်နက်အတွင်း တရားမဝင်ဝင်ရောက်ပြီး ငါးဖမ်းကြရာမှ အိန္ဒိယအစိုးရ၏ဥပဒေအရ အပြစ်ဒဏ်များ ကျခံပြီး မြန်မာနိုင်ငံသားများဖြစ်ကြောင်း အတည်ပြုချက်ရရှိပြီးသူများဖြစ်သည်။

နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် မြန်မာရေလုပ်သားများအား အိန္ဒိယနိုင်ငံမှ ပြန်လည်ခေါ်ယူခဲ့ရာ စုစုပေါင်း ၂၄၃ ဦး ရှိပြီဖြစ်သည်။

**သတင်း၊ ဓာတ်ပုံ–ဇော်မင်းလတ်**

# အစ္စရေး၌ ပါလက်စတိုင်းလူမျိုးတစ်ဦးက ဓားဖြင့်တိုက်ခိုက်၍ သုံးဦးဒဏ်ရာရ

**ဂျေရုဆလင် နိုဝင်ဘာ ၃**

တနင်္လာနေ့က ပါလက်စတိုင်းလူမျိုးတစ်ဦးက ဓားကိုင်တိုက်ခိုက်မှုကြောင့် အစ္စရေးနိုင်ငံသားသုံးဦး ဒဏ်ရာရရှိသွားကြောင်း ရဲက ပြောသည်။

ဟီဘရွန်အနောက်ဘက်ကမ်းတွင် နေထိုင်သူ ၁၉ နှစ်အရွယ်လူငယ်တစ်ဦးသည် တဲလ်အဗစ်တောင်ပိုင်းအချက်အချာမြို့ဖြစ်သည့် ရီရွန်လက်ဇီယွန်ဒေသရှိ ဘတ်စ်ကားတစ်စီးပေါ်တက်ရောက်ကာ ခရီးသည်များအား ဓားဖြင့်တိုက်ခိုက်ခဲ့သည်ဟု ရဲကပြောသည်။

ယာဉ်မောင်းသူက ခရီးသည်များ လွတ်မြောက်စေရန်ကားတံခါးများကို ဖွင့်ပေးခဲ့သည်။ ဓားကိုင်တိုက်ခိုက်သူသည် ကားအပြင်ဘက်သို့ ထွက်လာပြီးနောက် လူသွားစင်္ကြံပေါ်ရှိ လူတစ်ဦးကို တိုက်ခိုက်ခဲ့ပြီး အဝတ်အထည်ရောင်းချသည့် ဆိုင်ခန်းအတွင်းသို့ ပြေးဝင်ရှောင်တိမ်းရန် ကြိုးစားသူနောက်တစ်ဦးကို ထပ်မံတိုက်ခိုက်ခဲ့သည်။ ရဲများက လာရောက်ဖမ်းဆီးချိန်အထိ အမျိုးသမီးတစ်ဦးက ၎င်းအားဆိုင်ခန်းအတွင်း ပိတ်ထားရန်ကြိုးပမ်းခဲ့သည်။

ဓားဖြင့်တိုက်ခိုက်ခံရသူနှစ်ဦးမှာ ဒဏ်ရာပြင်းထန်သဖြင့် ဆေးရုံသို့အရေးပေါ် ပို့ဆောင်ခဲ့ရပြီး သုံးယောက်မြောက်ပုဂ္ဂိုလ်မှာ စိုးရိမ်ဖွယ်မရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောခဲ့သည်။


(ဆင်ဟွာ)

# တရုတ်နှင့်ပြင်သစ်အကြား ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆို

**ပေကျင်း နိုဝင်ဘာ ၃**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ၎င်း၏ ဆွေးနွေးဖက် ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းတို့သည် တနင်္လာနေ့က ပေကျင်း၌ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးတွဲကြေညာချက်အပေါ် ဆွေးနွေးခဲ့ကြသည်။

ပါရီ၌ ပြုလုပ်မည့် ရာသီဥတုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲအတွင်း၌ ရာသီဥတုပြင်းထန်ဆိုးရွားမှုကို လျှော့ပါးစေရန်၊ ပြုပြင်မွမ်းမံရန်နှင့် ကူညီထောက်ပံ့ရန်အတွက် ၂၀၂၀ မတိုင်မီ အင်အားစိုက်ထုတ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်ကို မြှင့်တင်ရန် အလေးအနက်ကတိကဝတ်ပြုခဲ့ကြသည်။



၎င်းတို့အနေဖြင့် အဆိုပါ ပါရီသဘောတူညီစာချုပ်၌ ယုံကြည်နားလည်မှုကို တည်ဆောက်ရန် ပိုမိုကောင်းမွန်သော ပွင့်လင်းမြင်သာသည့် စနစ်တစ်ခုကို လိုလားလျက်ရှိသည်။

ဒီဇင်ဘာလ၌ ပြုလုပ်မည့် ရာသီဥတုဆိုင်ရာ ထိပ်သီးညီလာခံ (COP21)ကို ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ ညီလာခံ၌ တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့် ရလဒ်ကောင်းများပေါ်ထွက်လာရန် အကြီးအကျယ်မျှော်မှန်းထားသည်ဟု သိရသည်။

အဆိုပါ သဘောတူညီမှုသည် ကမ္ဘာကြီးအား စိမ်းလန်းသော၊ ကာဗွန် ဓာတ်လျှော့နည်းပြီး ပုံမှန်ရာသီဥတုအခြေအနေ ပြန်လည်ရောက်ရှိစေသော ပြောင်းလဲမှု အသွင်ဆောင်မည့် ဝိသေသထူးတစ်ခုကို ပေါ်ထွက်လာစေမည်ဟု ကြေညာချက်၌ ဆိုထားသည်။

(ဆင်ဟွာ)

# ဂေါ်ဇီလာအယ်လ်နီညိုကြောင့် ရေငန်မိကျောင်းများသေဆုံးနိုင်

**ဆစ်ဒနီ နိုဝင်ဘာ ၃**

ဂေါ်ဇီလာအယ်လ်နီညို ရာသီဥတုကြောင့် မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသောရေငန်မိကျောင်းအများအပြားမိုးရွာသွန်းမှုကို စောင့်ဆိုင်းနေရပြီး သေဆုံးနိုင်ကြောင်း ဩစတြေးလျ ကျွမ်းကျင်သူများက သတိပေးပြောကြားလိုက်သည်။



ဩစတြေးလျနိုင်ငံ မြောက်ပိုင်းတွင် နိုဝင်ဘာလမှ ဧပြီလတိုင်အောင် မုတ်သုံမိုးရွာသွန်းသည့် မိုးရာသီသို့ ရောက်ရှိမည်ဖြစ်သော်လည်း ဂေါ်ဇီလာ အယ်လ်နီညို ရာသီဥတုကြောင့် လာမည့်နှစ်ဆန်းသည့်တိုင်အောင် မိုးအဝင် နောက်ကျလိမ့်မည်ဟု ဩစတြေးလျမိုးလေဝသဗျူရိုက ခန့်မှန်းထားသည်။

ရှည်ကြာသော ပူပြင်းခြောက်သွေ့ရာသီကြောင့် မြစ်ရေအလွန်နည်းပါးနေသော မြစ်ချောင်းများအတွင်းရှိ ရေငန်မိကျောင်း အများအပြား သေဆုံးသွားနိုင်ကြောင်း မိုးလေဝသကျွမ်းကျင်ပညာရှင်များက သတိပေးပြောကြားသည်။

မိကျောင်းများသည် ရွှံ့နွံတောများအတွင်း နစ်မြုပ်နေခြင်း၊ အပူလွန်ကဲမှုဒဏ်ကို ကြာရှည်စွာခံရခြင်း၊ နေလောင်ခြင်း၊ ရေငတ်ခြင်းအစရှိသည်တို့ကြောင့် သေဆုံးသွားနိုင်ကြောင်း မိကျောင်းဇီဝဗေဒပညာရှင် ပါမောက္ခ ဂရာဟမ်းဝက်က ဩစတြေးလျရုပ်သံသို့ အင်္ဂါနေ့တွင် ပြောသည်။ “မိုးအမြန်ဆုံး ရွာချလိုက်စေချင်ပါပြီဗျာ၊ ဒါမှ ရွှံ့နွံတောတွေထဲမှာ ပိတ်မိနေတဲ့တိရစ္ဆာန်တွေက မြစ်တွေထဲကို ပြန်ဆင်းသွားနိုင်မှာ၊ နို့မိုရင် သူတို့သေကုန်ကြတော့မယ်”ဟု ဂရာဟမ်းဝက်က အေဘီစီရုပ်သံသို့ ပြောသည်။

(ဆင်ဟွာ)

# တောင်တရုတ်ပင်လယ်လူလုပ်ကျွန်းအနီး အမေရိကန်ရေတပ်ကင်းလှည့်မှု နှစ်ကြိမ်ပြုလုပ်ရန်စီစဉ်နေဟုဆို

**ဝါရှင်တန် နိုဝင်ဘာ ၃**

အမေရိကန် ရေတပ်သည် တောင်တရုတ်ပင်လယ် လူလုပ်ကျွန်းမှ ၁၂ မိုင်အတွင်း ကင်းလှည့်ခြင်းကို နှစ်ကြိမ်မက ပြုလုပ်သွားရန် စီစဉ်နေကြောင်း၊ ယင်းမှာနိုင်ငံတကာ ဥပဒေအရဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောသည်။

“ကျွန်တော်တို့အနေနဲ့ တောင်တရုတ်ပင်လယ်အတွင်း အနည်းဆုံး ကင်းလှည့်ခြင်း နှစ်ကြိမ်ပြုလုပ်သွားဖို့ရှိပါတယ်။ ရေတပ်ရဲ့ အစီအစဉ်နဲ့ ပတ်သက်ပြီး အများပြည်သူကို ထုတ်ဖော်ပြောကြားခွင့် မရှိပါဘူး”ဟု အဆိုပါ တာဝန်ရှိသူကပြောသည်။

အဆိုပါကင်းလှည့်ခြင်းလုပ်ငန်းစဉ်သည် ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း နိုင်ငံတကာဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

အမေရိကန်ရေတပ်အနေဖြင့် တောင်တရုတ်ပင်လယ်အတွင်း နိုင်ငံတကာ ဥပဒေနှင့်အညီ လွတ်လပ်စွာသွားလာခွင့်ရှိကြောင်းကို ပိုမိုပြသသွားမည်ဖြစ်ကြောင်းလည်း အမေရိကန်အမျိုးသား လုံခြုံရေးအကြံပေးအရာရှိ ဘင်ရိုဒက်စ်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

အမေရိကန်ပဲ့ထိန်းဒုံးကျည်ပါ ဖျက်သင်္ဘောတစ်စင်း လွန်ခဲ့သော သီတင်းပတ်က တောင်တရုတ်ပင်လယ်အတွင်းရှိ တရုတ်တို့၏ လူလုပ်ကျွန်းအနီး ဝင်ရောက်ခဲ့ပြီးနောက် သီတင်းတစ်ပတ်အကြာတွင် ရိုဒက်စ်၏ မှတ်ချက်ပေါ်ထွက်လာခြင်း ဖြစ်သည်။

(ရိုက်တာ)

# တရုတ်နိုင်ငံလုပ် ခရီးသည်တင်လေယာဉ် ပထမဆုံးထုတ်ဖော်ပြသ

**ရှန်ဟိုင်း နိုဝင်ဘာ ၃**

တရုတ်နိုင်ငံ၏ပထမဆုံး ပြည်တွင်းလုပ် ခရီးသည်တင် လေယာဉ်ကြီးကို ရှန်ဟိုင်း၌ထုတ်ဖော်ပြသလိုက်ပြီး လေကြောင်းသမိုင်းမှတ်တိုင်ကို စိုက်ထူလိုက်ပြီဖြစ်သည်။

တရုတ်စီးပွားရေးဆိုင်ရာ လေကြောင်းကော်ပိုရေးရှင်း(စီအိုအမ်အေစီ)က ထုတ်လုပ်ခဲ့သော အဆိုပါခရီးသည်လေယာဉ် C 919 သည် စီးပွားဖြစ် အသုံးပြုနိုင်ပြီး အဲဘတ်စ် ၃၂၀နှင့် ဘိုးရင်းမျိုးဆက်သစ် ၇၃၇ တို့နှင့် ယှဉ်ပြိုင်အသုံးပြုနိုင်စွမ်းရှိသည်ဟု ဆိုသည်။


ခရီးသည်ထိုင်ခုံ ၁၅၈ ခုံပါရှိသည့် အဆိုပါ လေယာဉ်ကိုလာမည့်နှစ်တွင် ပထမဆုံးပွဲဦးထွက် ပျံသန်းပြေးဆွဲရန် စီစဉ်ထားသည်ဟုဆိုသည်။ သို့သော်လည်း နောက်ထပ်စမ်းသပ်မှု သုံးနှစ်ပြုလုပ်ပြီး ကမ္ဘာ့စီးပွားဖြစ် လေယာဉ်ထုတ်လုပ်မှု လမ်းကြောင်းအတွင်းသို့ ရောက်ရှိနိုင်သည်ဟုဆိုသည်။

လေယာဉ်စမ်းသပ်မှုအဆင့်တွင် ဘေးကင်းလုံခြုံရေးကို အလေးထားဆောင်ရွက်သင့်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားလိုက်သည်။

ဘေးကင်းလုံခြုံရေးနှင့် အရည်အသွေးပြည့်မီရေးကို စီးပွားဖြစ်ပျံသန်းပြေးဆွဲမှု မစတင်မီ ဦးစားပေးလုပ်ဆောင်သွားရမည်ဖြစ်ပြီး လာမည့်နှစ်တွင် စီးပွားဖြစ်ပျံသန်းမှုကို စတင်နိုင်ကြောင်း သမ္မတရှီ၏ လမ်းညွှန်ရေးသားချက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် လေဆိပ်ကြီး ၂၁ ခုရှိပြီး ကမ္ဘာ့အကြီးဆုံးလေကြောင်းဈေးကွက်ရှိရာ နှစ်စဉ်ခရီးသည် ၁၀ သန်းကျော် ဝင်ထွက်သွားလာလျက်ရှိသည်။

(ဆင်ဟွာ)



မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)

# ဆီးရီးယားစစ်ပွဲ၌ တိုက်ရိုက်ပါဝင်လာသော ရုရှားနိုင်ငံ

**ထွန်းတောက်**

**ကျေးဇူးအထူးတင်**

ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်သည် အစွန်းရောက်စစ်သွေးကြွများကို လေကြောင်းမှကူတိုက်ပေးသည့်အတွက် ရုရှားသမ္မတပူတင်အား ကျေးဇူးတင်ကြောင်းပြောကြားရန် အောက်တိုဘာလ ၂၀ ရက်နေ့ ညနေပိုင်းတွင် မော်စကိုသို့တိတ်တဆိတ်ရောက်ရှိလာသည်။

အဆိုပါသွားရောက်မှုသည် ၂၀၁၁ ခုနှစ် ဆီးရီးယားပြည်တွင်းစစ်ဖြစ်ပွားပြီးနောက်ပိုင်းကာလတွင် သမ္မတအာဆတ်၏ ပထမဆုံးသော ပြည်ပခရီးစဉ်ဖြစ်သည်။

စက်တင်ဘာလ ၃၀ ရက်နေ့၌ ရုရှားစစ်လေယာဉ်များက ဆီးရီးယားအစွန်းရောက်စစ်သွေးကြွများကို လေကြောင်းမှတိုက်ခိုက်ပြီး သုံးပတ်အကြာတွင် သမ္မတအာဆတ်၏ခရီးစဉ်ပေါ်ထွက်လာခြင်းဖြစ်သည်။

သမ္မတဘတ်ရှာအယ်လ်အာဆတ်၏အစိုးရကို ကာကွယ်ထောက်ပံ့ရန်အဓိကရည်ရွယ်ချက်ဖြင့် စက်တင်ဘာလ ၃၀ ရက်နေ့မှစတင်ခဲ့သည့် ရုရှားလေကြောင်းစစ်ဆင်ရေးများကြောင့် လူပေါင်း ၃၇၀ သေဆုံးခဲ့ပြီး ၄င်းတို့အနက် အမျိုးသမီး၊ ကလေးငယ်များအပါအဝင် အရပ်သား ၁၂၇ ဦးသေဆုံးခဲ့ကာ အခြားသူများမှာစစ်သွေးကြွများဖြစ်သည်။

စစ်သွေးကြွများနှင့်အရပ်သားများကိုမခွဲခြားဘဲ သိမ်းကျုံးတိုက်ခိုက်မှုကြောင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက ပြစ်တင်ဝေဖန်ခဲ့ကြသည်။ သမ္မတပူတင်က ၄င်း၏ အကြမ်းဖက်နှိမ်နင်းရေးလှုပ်ရှားမှုသည် ရုရှားပြည်တွင်း၌သာမက ဆီးရီးယားတွင်လည်း ထိရောက်မှုရှိသည်ဟု သမ္မတအာဆတ်နှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

**ရုရှားတို့တိုက်ရိုက်ပါဝင်လာ**

လွန်ခဲ့သောစက်တင်ဘာလ၌ စစ်သွေးကြွအဖွဲ့အမျိုးမျိုးက ဝိုင်းဝန်းတိုက်ခိုက်ခံနေရသည့် သမ္မတအာဆတ်၏အစိုးရအဖွဲ့ကို ကာကွယ်ရန် ရုရှားအစိုးရသည် ဆီးရီးယားတွင် စစ်စခန်းများဖွင့်လှစ်ကာ တိုက်ရိုက်ပါဝင်လာခဲ့သည်။

ဆီးရီးယားမြေထဲပင်လယ် လာတာကီးရားဆိပ်ကမ်းမြို့အနီး မေမင်လေတပ်စခန်းတွင် လေကြောင်းသွားလာမှုထိန်းချုပ် မျှော်စင်တည်ဆောက်ကာ ရုရှား SA-22 ဒုံးကျည်ကာကွယ်ရေးစနစ်များ၊ T-90 တိုက်ပွဲဝင်တင့်ကားများ၊ SU-24 M, SU-34M,MI-24 စသည့် အဆင့်မြင့်တိုက်လေယာဉ်များ၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များ၊ အမြောက်ကြီးများ၊ ရန်သူ၏ဆက်သွယ်ရေးနှင့်ရေဒါစနစ်များကို ဟန့်တားနှောင့်ယှက်နိုင်သည့် အီလက်ထရွန်နစ်လှိုင်းထုတ်လွှတ်ကိရိယာတို့ကိုလည်း ဖြန့်ကြက်လာသည်ကိုတွေ့ရှိရသည်။

ထို့ပြင် ရေတပ်အခြေစိုက်စခန်းများတွင် ရုရှားဖျက်သင်္ဘောများနှင့် ခရူဇာစစ်သင်္ဘောများအပြင် နျူကလီးယားစွမ်းအင်ဖြင့် မောင်းနှင်သည့် ကမ္ဘာ့အကြီးဆုံးရေငုပ်သင်္ဘောကြီး ဒီမီထရီဒွန်စကွိုင်း TK-208 စသည်တို့ကိုလည်း ဖြန့်ကြက်နေရာချလာသည်။ ယင်းရေငုပ်သင်္ဘောတွင် နျူကလီးယားထိပ်ဖူး ၂၀၀ ကျော်တပ်ဆင်နိုင်သည့် ဘူလဗာတိုက်ချင်းပစ် ဒုံးကျည်အစင်း ၂၀ တပ်ဆင်ထားသည်။

ဆီးရီးယားတွင် ရုရှားစစ်ရေးတည်ဆောက်မှုနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ရုရှားနိုင်ငံခြားရေးဝန်ကြီးထံသို့ ဖုန်းဖြင့်ဆက်သွယ်ကာ ဆီးရီးယားတွင် ရုရှားတို့ပါဝင်လာမှုကြောင့် ပြည်တွင်းစစ်ပဋိပက္ခ ပိုမိုကျယ်ပြန့်ဆိုးရွားလာနိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။

**အမေရိကန်နှင့်ရုရှားသည် အိုင်အက်စ်အဖွဲ့ကို ဘုံရန်သူအဖြစ် သတ်မှတ်ထားကြသော်လည်း တစ်ဖက်တွင် ဆီးရီးယားအစိုးရကို ရုရှားက ထောက်ပံ့ပေးထားပြီး အခြားတစ်ဖက်တွင် ဆီးရီးယားလွတ်မြောက်ရေးသူပုန်တပ်ဖွဲ့ကို အမေရိကန်က ထောက်ပံ့ပေးနေသောကြောင့် နှစ်ဖက်ထိပ်တိုက်တွေ့နိုင်**

ရုရှားနိုင်ငံသည် ဆယ်စုနှစ်ကြာမျှ ဆီးရီးယားအစိုးရအား စစ်ရေးအကူအညီများပေးလျက်ရှိရာ စစ်သွေးကြွများကိုနှိမ်နင်းရေးအတွက် ဆီးရီးယားအားကူညီခြင်းမှာ လုပ်ရိုးလုပ်စဉ်သာဖြစ်သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်က တုံ့ပြန်ဖြေရှင်းခဲ့သည်။

အမေရိကန်နှင့်ရုရှားသည် အိုင်အက်စ်အဖွဲ့ကို ဘုံရန်သူအဖြစ်သတ်မှတ်ထားကြသော်လည်း တစ်ဖက်တွင်ဆီးရီးယားအစိုးရကို ရုရှားကထောက်ပံ့ပေးထားပြီး အခြားတစ်ဖက်တွင် ဆီးရီးယားလွတ်မြောက်ရေးသူပုန်တပ်ဖွဲ့ကို အမေရိကန်ကထောက်ပံ့ပေးနေသောကြောင့် နှစ်ဖက်ထိပ်တိုက်တွေ့နိုင်သည်။

နိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်က အမေရိကန်တို့အနေဖြင့် ရုရှားနှင့်စစ်ရေးပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပြောဆိုကာ ထိုသို့မဟုတ်



ပါက ဒေသတွင်း၌အစွန်းရောက်များလွှမ်းမိုးလာခဲ့လျှင် မမျှော်မှန်းနိုင်သည့် အန္တရာယ်များတွေ့ကြုံနိုင်ကြောင်း သတိပေးပြောကြားသည်။

သမ္မတအိုဘားမားနှင့် ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ကာတာက ဆီးရီးယားစစ်ပွဲတွင် ရုရှားနှင့်ပူးပေါင်းဆောင်ရွက်မည် မဟုတ်ကြောင်း၊ အမေရိကန်အစိုးရအနေဖြင့် ချမှတ်ထားသော အကြမ်းဖက်မှုနှိမ်နင်းရေးပေါ်လစီဗျူဟာနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သို့သော် ဆီးရီးယားဝေဟင်တွင် အမေရိကန်နှင့်ရုရှားစစ်လေယာဉ်များ မတော်တဆထိပ်တိုက်တွေ့မှုကိုရှောင်ရှားနိုင်ရန်အတွက် ရုရှားအာဏာပိုင်များနှင့် ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လွန်ခဲ့သည့်သီတင်းပတ်၌ ဆီးရီးယားဝေဟင်တွင် အမေရိကန်နှင့် ရုရှားလေယာဉ်များ ထိပ်တိုက်မတွေ့စေရန် လိုက်နာရမည့်စည်းမျဉ်းဥပဒေများ (Code of Conduct) ကို ရေးဆွဲပြီး သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ခဲ့သည်ဟု အမေရိကန်နှင့်ရုရှားကိုယ်စားလှယ်များက တရားဝင်သတင်းထုတ်ပြန်ခဲ့သည်။

**အရှေ့အလယ်ပိုင်းအဓိကမဟာမိတ်**

ရုရှားနိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် မဟာဗျူဟာမြောက်အဓိကမဟာမိတ်ဆီးရီးယားနိုင်ငံ၌ စစ်ရေးမြှင့်တင်တည်ဆောက်ကာ မကြုံစဖူး ထူးထူးကဲကဲ တိုက်ရိုက်ပါဝင်ပတ်သက်လာခြင်း၏ အကြောင်းရင်းတစ်ခုမှာ အိုင်အက်စ်အစွန်းရောက်အဖွဲ့၊ အယ်နူဆရာ အယ်လ်ခိုင်ဒါတပ်ဦးအဖွဲ့၊ ခိုရာဇန်အယ်လ်ခိုင်ဒါမျိုးဆက်သစ်အဖွဲ့၊ ဆီးရီးယားလွတ်မြောက်ရေးသူပုန်တပ်ဖွဲ့စသည့် စစ်သွေးကြွအဖွဲ့ပေါင်းစုံက ဝိုင်းဝန်းတိုက်ခိုက်နေမှုကြောင့် အစိုးရလုံခြုံရေးတပ်ဖွဲ့များသည် နယ်မြေများ၊ မြို့ကြီးများလက်လွတ်ဆုံးရှုံးကာအခြေအနေများမှာ ဆိုးရွားလာနေသည်။

ထို့ကြောင့် သမ္မတဘတ်ရှာအယ်လ်အာဆတ်က မဟာမိတ်ရုရှားတို့အား ဝိုင်းဝန်းကူညီထောက်ပံ့ပေးရန် မေတ္တာရပ်ခံတောင်းဆိုခဲ့သည်။ အီရန်ဘာသာရေးခေါင်းဆောင်များသည် စစ်လက်နက်ပစ္စည်းများနှင့် အစ္စလာမ့်စ်အစောင့်တပ်ဖွဲ့ဝင်များကို ရှီးယိုက်မျိုးနွယ်တူ ဘတ်ရှာအယ်လ်အာဆတ်အစိုးရနှင့် တပ်မတော်အား ထောက်ပံ့ပေးနေသော်လည်း လေကြောင်းထောက်ကူမှုများ မပြုလုပ်နိုင်ပေ။

အီရန်အစ္စလာမ့်စ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင်များနှင့် ဟစ်ဇ်ဘိုလာအဖွဲ့တို့သည် မူလကပင်ဆီးရီးယားတပ်ဖွဲ့များနှင့် လက်တွဲတိုက်ခိုက်ပေးနေသည်။

**သမိုင်းဖြစ်စဉ်**

အတိတ်သမိုင်းကို ပြန်လည်လေ့လာကြည့်လျှင် စစ်အေးကာလအတွင်း၌ ဆိုဗီယက်ပြည်ထောင်စုသည် အရှေ့အလယ်ပိုင်းဒေသတွင်း သြဇာလွှမ်းမိုးရေးအတွက် အမေရိကန်ဦးဆောင်သည့် အနောက်နိုင်ငံများနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရသည်။

ထိုစဉ်က အမေရိကန်ပြည်ထောင်စုသည် အင်အားကြီးမားသော အစ္စရေး၊ အီဂျစ်၊ အီရန်၊ ဆော်ဒီအာရေဗျနှင့် ပင်လယ်ကွေ့နိုင်ငံများကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့ပြီး မဟာမိတ်ဖွဲ့နိုင်ခဲ့မှုကြောင့် ဆိုဗီယက်တို့အဖို့ ဆီးရီးယားသည်သာ အာရပ်ကမ္ဘာတွင် တစ်ခုတည်းသောဝင်ပေါက်ဖြစ်ခဲ့ရသည်။

၁၉၉၁ ခုနှစ်၌ ဆိုဗီယက်ယူနီယံပြိုကွဲသွားပြီးနောက်တွင် ရုရှားတို့သည် အရှေ့အလယ်ပိုင်း၌ အဆင့်မြင့်လက်နက်များရောင်းချပေးခြင်းနည်းလမ်းများဖြင့် မဟာမိတ်နိုင်ငံများကိုရှာဖွေကြိုးပမ်းခဲ့ရသည်။

ရုရှားလက်နက်အများဆုံး ဝယ်ယူသောနိုင်ငံများမှာ အမေရိကန်နှင့် ဆက်ဆံရေးမပြေလည်သည့် ဆီးရီးယားနှင့်အီရတ်တို့ဖြစ်သည်။ ထိုနည်းအားဖြင့် ရုရှားနှင့်ဆီးရီးယားသည် သာမန်ထက် ထူးကဲသောဆက်ဆံရေးအခြေအနေများကို တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။

၁၉၅၅ ခုနှစ်၌ မော်စကိုနှင့်ဒမတ်စကတ်တို့သည် မဟာဗျူဟာမြောက် လက်တွဲခိုင်ကျည်သောမဟာမိတ်များဖြစ်လာကြသည်။ ဆီးရီးယားနိုင်ငံသည် ဆယ်စုနှစ်များအတွင်း ဒေါ်လာသန်းပေါင်းများစွာတန်ဖိုးရှိသည့် ရုရှားစစ်လက်နက်ပစ္စည်းများကိုဝယ်ယူခဲ့သည်။

၁၉၆၇ ခုနှစ်နှင့် ၁၉၇၃ ခုနှစ် အစ္စရေးအာရပ်စစ်ပွဲများတွင် မရှုမလှချေမှုန်းခံရသည့် ဆီးရီးယားတပ်မတော်ကို ဆိုဗီယက်ရုရှားတို့က အပြည့်အဝပြန်လည်ထူထောင်ပေးခဲ့သည်။ အပြန်အလှန်ပင် ဆီးရီးယားတာတပ်စ်ရေတပ်စခန်းတွင် ရုရှားရေတပ်သင်္ဘောများကိုအသုံးပြုအခြေစိုက်ခွင့်ပေးခဲ့သည်။

၂၀၁၁ ခုနှစ်၌ ဆီးရီးယားနွေဦးအုံကြွမှုမှတစ်ဆင့် ပြည်တွင်းစစ်ပွဲများ ဖြစ်ပွားလာခဲ့ရာ ယနေ့အချိန်အထိ ရုရှားခေါင်းဆောင်များသည် ဆီးရီးယားအစိုးရဘက်မှ အခိုင်အမာရပ်တည်ပေးခဲ့သည်။ သမ္မတအာဆတ်ကို ပြစ်တင်ရှုတ်ချသည့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်မှန်သမျှကို ရုရှားက ဗီတိုအာဏာသုံး၍ပယ်ချခဲ့ပြီး ကာကွယ်မှုပေးခဲ့သည်။

အဆိုးဆုံးဖြစ်ရပ်တစ်ခုမှာ ဆီးရီးယားတပ်ဖွဲ့က ဓာတုလက်နက်များအသုံးပြု၍တိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ကလေးငယ်များ ရာချီ၍ သေဆုံးခဲ့ရသည့်အတွက် အမေရိကန်အစိုးရက ကြားဝင်ဟန့်တားရန် စစ်ပြင်ထားချိန်တွင် သမ္မတပူတင်က ကြားဝင်ညှိနှိုင်းပေးခဲ့၍ အာဆတ်အစိုးရမှာ ယနေ့တိုင်ရှင်သန်ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ ဓာတုလက်နက်များကို ကုလသမဂ္ဂအဖွဲ့သို့ လွှဲပြောင်းပေးခြင်းဖြင့် ဆီးရီးယားအစိုးရသည် လိုက်လျောမှုများပြုလုပ်ပေးခဲ့ရသည်။

ယနေ့တိုင် ဆက်လက်ဖြစ်ပွားနေသည့် ဆီးရီးယားပြည်တွင်းစစ်ပွဲတွင် လူနှစ်သိန်းကျော်သေဆုံး၍ ငါးသန်းကျော်စစ်ပြေးဒုက္ခသည်များအဖြစ်အိမ်နီးချင်းနိုင်ငံများတွင် ခိုလှုံနေကြသည်။ ဒုက္ခသည်သိန်းချီကာ ဥရောပဒေသသို့ ရွှေ့ပြောင်းအခြေချရန် ကြိုးပမ်းနေမှုကြောင့် အီးယူနိုင်ငံများသည် ဒုက္ခသည်ပြဿနာများနှင့် ရင်ဆိုင်နေရသည်။

ဆီးရီးယားအရေးတွင် ရုရှားတို့တိုက်ရိုက်ပါဝင်လာမှုကြောင့် အခြေအနေပိုဆိုးလာမည်လား၊ ပိုကောင်းလာမည်လားဆိုသည်ကို နိုင်ငံတကာက စောင့်ကြည့်နေကြသည်။

*၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပခဲ့သည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအစိမ်းရောင်စီးပွားရေးဌာန (ASEAN Institute for Green Economy-AIGE) တစ်ခုကို မြန်မာနိုင်ငံ (ရန်ကုန်မြို့)၌ ဖွင့်လှစ်တည်ထောင်နိုင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး*

# အစိမ်းရောင်ဖွံ့ဖြိုး ပြည့်အကျိုး

**ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး**


**ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး အထောက်အကူပြုတဲ့ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြပါစို့။**

**(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ နေပြည်တော် MICC - 2 ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**မောင်စိမ်းကြည်**

အစိမ်းရောင်စီးပွားရေးဆိုသည်နှင့် ဟိုဟိုဒီဒီ မတွေးထင်စေချင်။ "အစိမ်းရောင်"သည် လူသားများအားအကျိုးပြုခဲ့သော သဘာဝပတ်ဝန်းကျင်မှ သစ်တောသစ်ပင်များကို ဆိုလိုခြင်းဖြစ်သည်။ "စီးပွားရေး"သည် သဘာဝပတ်ဝန်းကျင်တွင် ရှင်သန်ဖြစ်ထွန်းနေသော သစ်တောသစ်ပင်များကို မထိခိုက်စေဘဲ လုပ်ကိုင်ဆောင်ရွက်ကြသော လုပ်ငန်းများအား ဆိုလိုခြင်းဖြစ်သည်။

တစ်နည်းဆိုလျှင် အစိမ်းရောင်စီးပွားရေးဆိုသည်မှာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိနိုင်ဘဲ အများပြည်သူတို့၏ လူမှုစီးပွားရေးဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေသည့် လုပ်ငန်းများကို ဆိုထားခြင်းဖြစ်သည်။ အစိမ်းရောင်စီးပွား



ရေးလုပ်ငန်းများအား အတိအကျဆိုရလျှင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ဆောက်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ရေစီမံခန့်ခွဲရေး၊ အလေအလွင့်စီမံခန့်ခွဲရေးနှင့် မြေစီမံခန့်ခွဲရေးဟူသည့် ကဏ္ဍခြောက်ခုတွင် အခြေခံကာ လုပ်ဆောင်သော လုပ်ငန်းများဖြစ်သည်။

ပိုမိုရှင်းလင်းအောင် တင်ပြရမည်ဆိုလျှင် ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ရုပ်ကြွင်းလောင်စာဆီများအစား ရေ၊ လေ၊ နေ စသည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များကို သုံးစွဲကြခြင်းနှင့် ဇီဝလောင်စာ၊ ဇီဝဓာတုလောင်စာ၊ သဘာဝဓာတ်ငွေ့တို့ကို သုံးစွဲကြခြင်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း ဓာတုဓာတ်မြေသြဇာ၊ ဓာတုပိုးသတ်ဆေးတို့ကို မသုံးစွဲဘဲ သဘာဝမြေသြဇာတို့ကို သုံးစွဲခြင်းဖြစ်သည်။ ထို့အပြင် သစ်တောပြုန်းတီးမှုမှ အကာအကွယ်ပေးခြင်း၊ မြို့ပြပန်းခြံ ဥယျာဉ်များတည်ဆောက်ခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖော်ဆောင်ခြင်း စသည်တို့သည် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများပင်ဖြစ်သည်။

အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ကိုင်လာရသည့် အကြောင်းအရင်းကို အများပြည်သူ သိရှိကြပြီးဖြစ်မည်။ မျက်မှောက်ကာလတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စိန်ခေါ်မှုများ၊ သဘာဝနှင့် လူ့ပယောဂကြောင့် ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များမှာ ယခင်ကထက် ပို၍စိပ်လာ၊ ပို၍ပြင်းထန်လာခြင်းတို့သည် အဓိကကျသည့် အကြောင်းအရင်းဖြစ်သည်။ လူတို့သည် တားမရ၊ ဆီးမရ လောဘများဖြင့် သဘာဝသယံဇာတများကို လိုအပ်သည်ထက် ပိုမိုထုတ်ယူသုံးစွဲကြသည်။

ထုတ်ယူပြီး သယံဇာတများကို စျေးကောင်းရရန် အလုအယက်ထုတ်လုပ်ရောင်းချကြသည်။ ထို့ကြောင့် သဘာဝသယံဇာတများမှာ သဘာဝကြောင့်ဖြစ်စေ၊ လူတို့ကြောင့်ဖြစ်စေ ဤကမ္ဘာမြေပေါ်တွင် တစ်စတစ်စ လျော့နည်းလာသည်။

အကျိုးဆက်အားဖြင့် မျက်မှောက်ကာလတွင် လူသားများနေထိုင်ရာ ပတ်ဝန်းကျင်၏ ရေမြေသဘာဝ ရာသီဥတု ပြောင်းလဲလာသည်။ သစ်တောပြုန်းတီးမှုနှင့် လေထုညစ်ညမ်းမှုများမှအစ သဘာဝဝန်းကျင် ယိုယွင်းပျက်စီးနေပြီ။ ကမ္ဘာတစ်ဝန်း၌ လေဘေး၊ ရေဘေး၊ ငလျင်ဘေး စသည့် သဘာဝဘေးအန္တရာယ်များ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသည်။ ရာသီဥတုဖောက်ပြန်ခြင်း လက္ခဏာတစ်ခုဖြစ်သည့် အယ်လ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကို ယခုနှစ်တွင် ကြုံတွေ့ခံစားလာရသည်။

နဖူးတွေ့ဒူးတွေ့ ကြုံတွေ့ရသောဒေသများတွင် မိမိတို့ နိုင်ငံလည်း ပါဝင်လာသည်။ မိမိတို့ဒေသတွင် မိုးကြီးရေလျှံ ဖြစ်စဉ်များနှင့် အချိန်ကြာမြင့်စွာ ရင်ဆိုင်ခဲ့ရသည်။ ရေနစ်မြုပ်ခြင်း၊ စည်းစိမ်ဥစ္စာများ ဆုံးရှုံးခြင်း၊ မြေပြိုခြင်း၊ မြေပိခြင်း စသည့်ဘေးဒုက္ခများကို ကြုံတွေ့ခဲ့ရသည်။ အာဆီယံနိုင်ငံများတွင် ဆူမတြားနှင့် ဘော်နီယို

**မြန်မာနိုင်ငံ၌ အစိမ်းရောင်စီးပွားရေးလုပ်ကိုင်ရန် အခြေခံကောင်းများစွာ တည်ရှိနေပြီး အခြေအနေကောင်းများလည်း ဖြစ်တည်လျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူအများ၏ ညီညွတ်သော ကြိုးပမ်းအားထုတ်မှုစွမ်းအားဖြင့် အစိမ်းရောင်စီးပွားရေးသို့ တက်လှမ်းကြရန် ကြိုးပမ်းရမည်**

ကျွန်းဆွယ်သည် အမြဲစိမ်းသစ်တောများဖုံးလွှမ်းနေပြီး ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ကျက်စားရာ နေရာဒေသဖြစ်သည်။ သို့သော် ထိုကျွန်းဆွယ်ပေါ်မှ အင်ဒိုနီးရှားနိုင်ငံသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရင်ဆိုင်နေရသော ကမောက်ကမရာသီဥတုကို ဖြစ်စေသည့် အယ်လ်နီညိုဖြစ်စဉ်ကို တိုက်ရိုက်ထိခိုက်ကြုံတွေ့နေရသည်။ ထိုသို့ ကြုံတွေ့ရသောကြောင့် ပူပြင်းခြောက်သွေ့သည့် သဘာဝဘေးဒဏ်ကို ရက်ရှည်လများ ခံစားနေရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် စီရင်စု ၃၄ ခုရှိသည့်အနက် စီရင်စု ၂၀ တွင် မိုးခေါင်မှုဒဏ်ကို ဆိုးဆိုးရွားရွားကြုံတွေ့နေရသည်။ ပူပြင်းခြောက်သွေ့မှုကာလ ရှည်ကြာလာသောအခါ တောမီးလောင်မှုများဖြစ်ပေါ်လာသည်။ ထိုကျွန်းပေါ်တွင် ဥပဒေမဲ့ တောခုတ်၊ မီးရှို့ခြင်းမှ တောမီးလောင်ခြင်းဖြစ်သည်ဟု ဆိုထားသည်။ အင်ဒိုနီးရှားသမိုင်းတွင် အဆိုးရွားဆုံးတောမီးလောင်မှုဖြစ်သည်။ အစိုးရနှင့် ပြည်သူတို့ စီးပွားရေးသာမက လူမှုရေးပါ ဆုံးရှုံးနစ်နာမှုဖြစ်ကြရသည်။ မျက်မှောက်ကာလတွင် အင်ဒိုနီးရှားနိုင်ငံသာမက ကမ္ဘာပေါ်ရှိနိုင်ငံအများစုတွင် သစ်တောပြုန်းတီးမှုပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လာမှု၊ မြို့ပြဒေသများ တိုးချဲ့ထူထောင်လာမှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာမှုတို့၏ နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် သစ်တောများ ပြုန်းတီးလာခြင်းဖြစ်သည်။ သစ်တောများပြုန်းတီးလာသောအခါ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ပိုများလာသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ကမ္ဘာ့လေထုအတွင်း ဖုံးလွှမ်းလာသောအခါ လူတို့ကျန်းမာရေးကို ထိခိုက်စေရုံသာမက ကမောက်ကမရာသီဥတုဖြစ်စဉ်ကိုပါ ဖြစ်ပေါ်လာနိုင်သည်။ အယ်လ်နီညို၊ လာနီညာကဲ့သို့သော ကမောက်ကမရာသီဥတုဖြစ်စဉ်များ ပေါ်ပေါက်လာသောအခါ ကမ္ဘာ့နိုင်ငံအများတွင် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့လာရသည်။

ဤသို့သော ဖြစ်စဉ်ဖြစ်ရပ်များကြောင့် သဘာဝဘေးအန္တရာယ်ကို လျော့ချနိုင်ရေး နိုင်ငံအများ ကြံစည်ကြိုးစားလာကြသည်။ ကနဦးဆောင်ရွက်ချက်အဖြစ် ၁၉၉၂ ခုနှစ် ဇွန်လတွင် ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျနေရိုမြို့၌ ကျင်းပသော "ကမ္ဘာမြေ ထိပ်သီးညီလာခံ"မှ အစပြုခဲ့သည်။ စီးပွားရေးနှင့်လူမှုရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် အဓိကမဏ္ဍိုင်ဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးခဲ့ကြပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ပေါင်းစပ်ထည့်သွင်းဆောင်ရွက်ရန် နိုင်ငံခေါင်းဆောင်များက ကတိပြုခဲ့ကြသည်။ ထိုသို့ ကတိပြုခဲ့ကြပြီးနောက် ဆယ်စုနှစ် နှစ်ခုအကြာ ၂၀၁၂ ခုနှစ် ဇွန်လတွင် အထက်ပါ မြို့ကြီး၌ပင် နိုင်ငံပေါင်း ၁၉၁ နိုင်ငံ တစ်ကမ္ဘာလုံးနီးပါးမှ နိုင်ငံအကြီးအကဲ ၇၉ ဦး၊ ကိုယ်စားလှယ် ၄၄၀၀၀ တက်ရောက်ကာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် "အစိမ်းရောင်စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး" ကို ဆွေးနွေးခဲ့ကြသည်။ ဖွံ့ဖြိုးရေးအတွက် အဖွဲ့အစည်းဆိုင်ရာ မူဘောင်ကိစ္စရပ်များကို အထောက်အကူပြုနိုင်ရန် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါ အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်(AEGG Forum) အမျိုးသားအဆင့်ဖိုရမ်ကြီးကို ရီယိုဒီဂျနေရိုမြို့၌ မကျင်းပမီ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် နိုဝင်ဘာလက ပထမအကြိမ် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (Green Economy Green Growth Forum) (GEGG)(မြန်မာ)ကို ကျင်းပနိုင်ခဲ့သည်မှာ ဂုဏ်ယူ ဖွယ်ဖြစ်သလို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာ ဆောင်ရွက်နိုင်မှုကို တွေ့ရပါသည်။ ဆက်လက်၍လည်း အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်များကို နှစ်စဉ်ကျင်းပလာခဲ့ရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် စတုတ္ထအကြိမ်မြောက် ကျင်းပနိုင်ခဲ့ပါသည်။

အစိမ်းရောင်စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးညီလာခံကြီးမှ မျှော်မှန်းထားသည့် ရလဒ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံတွင်လည်း တာဝန်ရှိသည်ဟု ခံယူထားသည်ကိုတွေ့ရသည်။ တိုးပွားလာသော လူဦးရေနှင့်လိုက်လျောညီထွေမှုရှိစေရန် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် ပြည်သူများ၊ လုပ်ငန်းများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော အားနည်းချက်များ ရှိခဲ့သည်မှာ အမှန်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို ကဏ္ဍအလိုက် ပွင့်လင်းမြင်သာစွာဖြင့် အကောင်အထည်ဖော်ခဲ့ရာတွင် ထိုအချက်များကို အတတ်နိုင်ဆုံးပြုပြင်နိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါး မှုလျှော့ချရေးရည်မှန်းချက်ကို ဦးတည်ဆောင်ရွက်ရေး အကောင်အထည်ဖော်နိုင်ရန်အတွက် ပတ်ဝန်းကျင်မပျက်စီးစေရေး ထိန်းသိမ်းခြင်း (Environmental Conservation)ကို ထည့်သွင်းဆောင်ရွက်ကြရန်၊ ယခု မျိုးဆက်အတွက်သာမက နောင်မျိုးဆက်အတွက်ပါ စဉ်ဆက်မပြတ်ဖွံ့ဖြိုးနိုင်ရေး (Sustainable Development) ဖြစ်စေရန် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကတိကဝတ်များကို မျှော်လင့်မနေဘဲ မိမိအစွမ်းအစများဖြင့်သာ ဆောင်ရွက်သွားကြရန်တို့ကို ချမှတ်ထားသည်။ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက မိမိနှင့်သက်ဆိုင်သည့် ကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရာတွင် အထက်ပါအချက်များကို မဖြစ်မနေ အကောင်အထည်ပေါ်လာစေရန် တိုက်တွန်းထားသည်။

ယခုအခါ ယိုယွင်းပျက်စီးနေသည့် သဘာဝပတ်ဝန်းကျင်ကို ပြုပြင်နိုင်ရန်အတွက် တီထွင်ကြံဆနည်းလမ်းရှာဖွေကြရာတွင် အစိမ်းရောင်စီးပွားရေးလမ်းစကို တွေ့မြင်ကြပြီဖြစ်သည်။ ကမ္ဘာတစ်ဝန်း၌ အရှိန်အဟုန်မြှင့်လုပ်ကိုင်နေကြပြီဖြစ်သလို မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာ၏ပူးပေါင်းကူညီမှုဖြင့် ပါဝင်လာပြီဟု ဆိုနိုင်သည်။ အချို့နိုင်ငံများတွင် အစိမ်းရောင်နည်းပညာဖြင့် စီးပွားရေးလုပ်ငန်းအတော်များများ၌ ဖွံ့ဖြိုးနေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ပနိုင်ငံများနှင့် စီးပွားရေးအရ ကူးလူးဆက်ဆံမှုအများအပြားရှိလာပြီဖြစ်၍ အစိမ်းရောင်စီးပွားရေးမှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ရှေးရှုဆောင်ရွက်သွားရန် အားထုတ်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ အစိမ်းရောင်စီးပွားရေးလုပ်ကိုင်ရန် အခြေခံကောင်းများစွာ တည်ရှိနေပြီး အခြေအနေကောင်းများလည်း ဖြစ်တည်လျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူအများ၏ ညီညွတ်သော ကြိုးပမ်းအားထုတ်မှုစွမ်းအားဖြင့် အစိမ်းရောင်စီးပွားရေးသို့ တက်လှမ်းကြရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၁၅ ခုနှစ် ဇွန်မှ ဩဂုတ်အတွင်း မြန်မာနိုင်ငံအနှံ့ ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံ ဘဏ်များအသင်း (Myanmar Banks Association) က ငွေကျပ် ၂၅၀၀၀၀၀ ကို နေပြည်တော်(ရုံးချုပ်)သို့ လာရောက်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်က လက်ခံရယူပြီး **(ယာပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့အပြင် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဌာနမှ ဦးစီး၍ နေပြည်တော်၌ ပြုလုပ်ခဲ့သော အခမ်းအနားတွင် Metlife အာမခံကုမ္ပဏီကလှူဒါန်းထားသည့် အမေရိကန်ဒေါ်လာ ၅၀၀၀ ကို အလှူရှင်ကဘဏ်သို့ ပေးသွင်းရာတွင် အမေရိကန်ဒေါ်လာ ၅၀၀၀ နှင့် ညီမျှသည့် မြန်မာငွေကျပ် ၆၄၁၈၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ရှိ ငွေစာရင်းအမှတ်(OA-011834)သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းခဲ့သည်။

ထို့အတူ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၌ အလက(၁၀) ကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူများ၊ တောင်ကြီးမြို့မှ လှူဒါန်းငွေကျပ် ၁၀၀၀၀၀ ကို လက်ခံရရှိသည်။ သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ ယနေ့အထိ အလှူရရှိငွေ စုစုပေါင်းမှာ ၈၁၃၇၃၃၆၉၆၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၃၃၈၅၄၃၃ ဒသမ ၆၉၊ ယွမ် ၅၀၀၀၀၊ ဂျပန်ယန်း ၁၈၀၄၀ ဖြစ်ပြီး လက်ခံရရှိသော အလှူငွေများကို ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် သုံးစွဲလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မုတ်သုံလေပြန်လည်ဆုတ်ခွာချိန် ဖြစ်ပေါ်လေ့ရှိသည့် မိုးလေဝသအခြေအနေ သို့မဟုတ် လတ်တလော မြန်မာနိုင်ငံအပေါ် သက်ရောက်နေသည့် မိုးတိမ်ထူထပ်အုံ့ဆိုင်းမှုပြဿနာ

**သတင်းဆောင်းပါး - တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မောင်မွေး**

**နေပြည်တော် နိုဝင်ဘာ ၃**

နွေ၊ မိုး၊ ဆောင်း ရာသီစက်ဝန်းတို့ တရွေ့ရွေ့ပြောင်းလဲလည်ပတ်လျက်ရှိသည့် မြန်မာနိုင်ငံ၌ ရာသီအလိုအရ ယခုအချိန်သည် မိုးရာသီမှ ဆောင်းရာသီသို့ ကူးပြောင်းသည့်ကာလ သို့မဟုတ် မုတ်သုံလေပြန်လည်ဆုတ်ခွာသွားပြီး မိုးလွန်ကာလသို့ ပြောင်းလဲရောက်ရှိနေပြီဖြစ်သည်။

ဆောင်းဝင်စ လတ်တလောအချိန်ကာလတွင် မြန်မာနိုင်ငံအထက်ပိုင်း တရုတ်ပြည်ဘက်မှ ဝင်ရောက်လာသည့် လေအေးများနှင့် အောက်ပိုင်းဘင်္ဂလားပင်လယ်အော်ဘက်မှ တိုးဝင်လာသည့် လေနွေးများ စုဆုံမိရာမှ မြန်မာနိုင်ငံအပေါ် ယခုကဲ့သို့ မိုးတိမ်ထူထပ်အုံ့ဆိုင်းမှုများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ဥတုရာသီ တစ်ခုနှင့်တစ်ခု အကူးအပြောင်း ကာလတိုင်းတွင် ထိုသို့ ဖြစ်ရိုးဖြစ်စဉ် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသလို ရံဖန်ရံခါတွင်လည်း ထူးခြားမိုးလေဝဖြစ်စဉ်များလည်း ဖြစ်ပေါ်လေ့ရှိသည်မှာ ငြင်းဖွယ်မရှိနိုင်ပါ။

ရာသီဥတု အကူးအပြောင်းဖြစ်သည့် ယခုဆောင်းဝင်စချိန်တွင် မြန်မာနိုင်ငံအတွင်း လတ်တလော ဖြစ်ပေါ်လျက်ရှိသည့် မိုးတိမ်ထူထပ်အုံ့ဆိုင်းဖြစ်ပေါ်မှု အခြေအနေနှင့်ပတ်သက်ပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းနိုင်က "မြန်မာနိုင်ငံအတွင်း အောက်တိုဘာလကုန်ပိုင်းက လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်ခဲ့တယ်။ ဒီလိုဖြစ်ပေါ်ပြီး အရှေ့ဘက် လေဗွေလှိုင်းတွေလည်း ဖြတ်သန်းလာတဲ့အတွက် မြန်မာနိုင်ငံအနှံ့အပြားမှာ မိုးရွာသွန်းမှုများ ရှိခဲ့ပါတယ်။ အခုချိန်မှာ ဆောင်း



ရာသီရောက်ပြီဆိုတော့ တရုတ်ပြည်ဘက်ကလာတဲ့ လေအေးတွေနဲ့ ဘင်္ဂလားပင်လယ်အော်ဘက်က တက်လာတဲ့ ရေခိုးရေငွေ့ပါတဲ့ လေနွေးတွေနဲ့ စုဆုံကြတဲ့အတွက် မြန်မာနိုင်ငံပေါ် အခုလို မိုးတိမ်ထူထပ်အုံ့ဆိုင်းသည့် အခြေအနေမျိုး ဖြစ်ပေါ်ပြီး နေရာကွက်ကျား မိုးရွာသွန်းမှုတွေ ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်" ဟု ပြောသည်။

ယခုနိုဝင်ဘာ ပထမ ၁၀ ရက်အတွင်း ဘင်္ဂလာပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာသော မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်ကြောင်း၊ ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နှစ်ရက်မှ လေးရက်ခန့်အထိ မြူထူများဆိုင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။


ယခုလက်ရှိ မိုးလေဝသဖြစ်စဉ်နှင့် နိုင်ငံရေးဖြစ်စဉ်များ ဆက်စပ်မှုရှိနေကြောင်း အင်တာနက်နှင့် လူမှုကွန်ရက်များမှနေ ပြည်သူများ ထင်ယောင်ထင်မှားဖြစ်နိုင်စရာ ဝါဒဖြန့်မှုရေးသားဖော်ပြမှုများ ရှိနေကြသော်လည်း အဆိုပါဖြစ်စဉ်များသည် လုံးဝဆက်စပ်မှုမရှိနိုင်ကြောင်း မိုးလေဝသပညာရှင်တစ်ဦးလည်းဖြစ်သူ ဒေါ်ငြိမ်းငြိမ်းနိုင်က ပြောသည်။ **(အပေါ်ပုံ)**

"လတ်တလော အင်တာနက်စာမျက်နှာတွေနဲ့ လူမှုကွန်ရက်တွေမှာ ဖော်ပြနေကြတဲ့ နိုင်ငံရေးအခြေအနေတွေကြောင့် ဒီလိုမျိုးရာသီဥတုဖြစ်စဉ်တွေ ဖြစ်ပေါ်နေကြတယ်လို့ ကောလာဟလတွေ ရေးသားဖော်ပြ သတင်းထွက်နေတာတွေ ကြားသိနေရပါတယ်။ ဒါတွေကလည်း ဖြစ်တဲ့အချိန်နဲ့ တိုက်ဆိုင်လို့ဖြစ်ပါတယ်။ တချို့ နိုင်ငံရေးသမားတွေကလည်း နိုင်ငံရေးအတွက် စည်းရုံးပြီးတော့ ဒီလိုမိုးလေဝသနဲ့ယှဉ်ပြီး ပြောဆိုစည်းရုံးကြတာမျိုးတွေလည်း ဖြစ်နိုင်ပါတယ်။ အမှန်ကတော့ မိုးလေဝသဖြစ်စဉ်တိုင်းမှာ ဒီလိုမျိုးဖြစ်စဉ်တွေကတော့ အမြဲရှိနေမှာပါပဲ။ နိုင်ငံရေးနဲ့ လုံးဝမသက်ဆိုင်နိုင်ပါဘူး။ ဒါကလည်း ကိုယ်လိုချင်တဲ့ဘက်ကို ဆွဲပြီး လိုရာဆွဲတွေးလို့တော့ ရနိုင်ပါတယ်" ဟု ပြောသည်။

ဖြစ်ရိုးဖြစ်စဉ် မိုးလေဝသအခြေအနေနှင့် ထူးခြားဖြစ်စဉ် မိုးလေဝသအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ပြည်သူများထံ သတင်းမှန်မှန်ရောက်ရှိပြီး ပြည်သူများ အမြန်ဆုံးသိရှိနိုင်ရန် မိုးလေဝသဌာနမှ ကဏ္ဍစုံကနေ ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့အနေနဲ့ မိုးလေဝသထူးခြားဖြစ်စဉ်တွေကြောင့် အချိန်အခါမဟုတ် မိုးရွာသွန်းတာတွေ ရှိနေသလို မိုးလေဝသနဲ့ ပတ်သက်ပြီး ထူးခြားမှုဖြစ်စဉ်တွေကို ပြည်သူတွေသိရှိအောင် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြပေးနေပါတယ်။ လေပြင်းတိုက်မယ်ဆိုလည်း လေပြင်းတိုက်မယ့်အကြောင်းတွေ ထုတ်ပြန်ပေးတာတွေလည်း ရှိပါတယ်။ ရာသီဥတုဖြစ်စဉ်တိုင်းကို ကျွန်မတို့ဌာနအနေနဲ့ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပြီး သက်ဆိုင်ရာအစိုးရဌာနတွေကိုလည်း ပို့ပေးတယ်။ နောက်ပြီး ထုတ်ပြန်ချက်များကို ကျွန်မတို့ဌာနရဲ့ အင်တာနက်ဝက်ဆိုက်နဲ့ လူမှုကွန်ရက် ဖေ့ဘွတ်စာမျက်နှာတွေမှာလည်း ဖော်ပြပေးထားပါတယ်။ နောက်ပြီး ရုပ်မြင်သံကြားနဲ့ နေ့စဉ်ထုတ် သတင်းစာတွေကတစ်ဆင့်လည်း နားထောင်ပြီး ကြည့်ရှုလို့ ရပါတယ်"ဟု ပြောသည်။

လတ်တလောဖြစ်ပေါ်သည့် မိုးတိမ်အုံ့ဆိုင်းမှုများသည် နောက်တစ်ရက်နှစ်ရက်အတွင်း လျော့နည်းလာနိုင်ကြောင်း သို့သော်လည်း မိုး



မြန်မာနိုင်ငံပေါ် ယနေ့ဖြစ်ပေါ်နေသည့် မိုးလေဝသအခြေအနေပြပုံ။

လွန်ကာလဖြစ်သည့်အတွက် ထိုသို့ မိုးတိမ်အုံ့ဆိုင်းမှုများသည် မကြာခဏ ရှိလာနိုင်သေးကြောင်း၊ မိုးတိမ်အုံ့ဆိုင်းမှုများ လျော့လာပြီးနောက် မြန်မာနိုင်ငံတောင်ပိုင်း၊ အရှေ့ပိုင်းဒေသများအတွင်း မိုးတိမ်များ ပြန်လည်အုံ့ဆိုင်းပြီး မိုးများဆက်လက်ရွာသွန်းနိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပြည်သူများအနေဖြင့် မိုးလေဝသဌာနက တရားဝင်ထုတ်ပြန်သည့် မိုးလေဝသ မှန်ကန်ခိုင်မာသည့် သတင်း အချက်အလက်များကို သေချာနားထောင်သင့်ကြောင်း၊ မိုးလေဝသဖြစ်စဉ်နဲ့ နိုင်ငံရေးနဲ့ မရောယှက်သင့်ကြောင်း၊ မိုးလေဝသဌာနအနေဖြင့်လည်း ပြည်သူများအတွက် မိုးလေဝသတင်းများကို အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန်နှင့် ထုတ်ပြန်ပေးနေပြီး ကျရောက်လာမည့် ဘေးအန္တရာယ်ကနေ ကျော်လွှားနိုင်အောင် တတ်နိုင်သမျှဆောင်ရွက်ပေးလျက်ရှိကြောင်း မိုးလေဝသပညာရှင် ဒေါ်ငြိမ်းငြိမ်းနိုင်က ပြောသည်။

ထို့အပြင် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်ပြီး ပြည်သူများ သိလိုသည့်အချက်များ ဆက်သွယ်မေးမြန်းလာပါကလည်း မိုးလေဝသဌာနမှ အလိုအလျောက် ဖြေကြားသည့်စက်များမှ ဖြေကြားပေးနေသလို တိုက်ရိုက် ဆက်သွယ်မေးမြန်းလာကလည်း ဌာနမှ တာဝန်ရှိသူများက တိုက်ရိုက်ဖြေကြားပေးလျက်ရှိကြောင်း သိရသည်။ နေပြည်တော်မှ အလိုအလျောက် ဖြေကြားစက်ဖြစ်သည့် ၀၆၇-၄၁၁၂၅၂နှင့် ရန်ကုန်မှ အလိုအလျောက် ဖြေကြားစက်ဖြစ်သည့် ၀၁-၆၆၇၆၆ များမှ မေးမြန်းချက်ကို အလိုအလျောက်ဖြေကြားပေးနေသလို အခြားရုံးဖုန်းများဖြစ်သည့် ၀၆၇-၄၁၁၅၂၆၊ ၀၆၇-၄၁၁၅၂၇ တို့သို့လည်း ၂၄ နာရီ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

# ပါရမီခရီးသည်တင်ယာဉ်ရိုက်နှက်မှုဖြစ်စဉ် ကျူးလွန်သူများဖမ်းဆီးရမိရေး သက်ဆိုင်ရာက အဖွဲ့များဖွဲ့ကြပ်မတ်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၃**

ဗဟန်းမြို့နယ် တာမွေမီးပွိုင့်အနီးတွင် ပါရမီခရီးသည်တင်(၁၇၄) ယာဉ်လိုင်းမှ ယာဉ်တစ်စီးအား လူအုပ်စုတစ်စုက ရိုက်နှက်ခဲ့သည့် ဖြစ်စဉ်မှ ကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် အဖွဲ့များဖွဲ့၍ အပူတပြင်း ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါဖြစ်စဉ်မှာ နိုဝင်ဘာ ၂ ရက် ည ၇ နာရီခန့်က ယာဉ်မောင်း ဦးသူရမောင် (၂၇ နှစ်)မောင်းနှင်လာသော ပါရမီ ၁၇၄ ယာဉ်လိုင်းမှ ယာဉ်အမှတ် (7B/7864) ယာဉ်သည် ယာဉ်နောက်လိုက်နှစ်ဦးနှင့်အတူ ခရီးသည်များကိုတင်ဆောင်၍ မောင်းနှင်လာစဉ် မရမ်းကုန်းမြို့နယ် နဝဒေးမီးပွိုင့်အရောက် ကိုယ်ပိုင်ယာဉ်အမှတ် (2J/----) Honda insight အမျိုးအစားခဲရောင်ယာဉ်က ကျော်တက်ဟန် နှစ်ကြိမ်ခန့် ပြုလုပ်ခဲ့ပြီး (၈)မိုင် လမ်းဆုံအရောက်တွင် အဆိုပါယာဉ်က ခရီးသည်တင်ယာဉ်ရှေ့သို့ ပိတ်ရပ်ကာ ၎င်းယာဉ်ပေါ်မှ အသက်(၃၀)နှစ်ခန့်ရှိ အမျိုးသားတစ်ဦးနှင့် ယာဉ်နောက်လိုက်နှစ်ဦးတို့ အပြန်အလှန်စကားများရန်ဖြစ်ခဲ့ကြရာ ယာဉ်ပေါ်ပါ ခရီးသည်များက ဝိုင်းဝန်းဖျန်ဖြေပေးခဲ့သဖြင့် အဆိုပါအမျိုးသားမှာ ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း ပြန်လည်မောင်းနှင်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ထို့နောက် ခရီးသည်တင်ယာဉ်မှာ လမ်းကြောင်းအတိုင်း ဆက်လက်ထွက်ခွာလာခဲ့ရာ ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် ဗဟန်းမြို့နယ် တာမွေမီးပွိုင့်သို့ ရောက်ရှိစဉ် ခရီးသည်တင်ယာဉ်ရှေ့သို့ ကိုယ်ပိုင်ယာဉ်တစ်စီးရပ်တန့်ခဲ့ပြီးနောက် (၈)မိုင်လမ်းဆုံတွင် စကားများရန်ဖြစ်ခဲ့သူ အပါအဝင် လူခြောက်ဦးခန့်က တုတ်များကိုင်ဆောင်၍ ဆင်းလာကာ ခရီးသည်တင်ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်နှစ်ဦးတို့အား ယာဉ်ပေါ်တက်၍ ရိုက်နှက်ခဲ့သဖြင့် ယာဉ်မောင်းနှင့် ယာဉ်အကူတို့မှာ ဆင်းပြေးခဲ့ကြကြောင်း သိရသည်။

ယင်းနောက် အဆိုပါခြောက်ဦးက ပါရမီယာဉ်၏ ရှေ့/နောက် လေကာမှန်နှင့် အတက်/အဆင်း တံခါးမှန်တို့ကို ရိုက်ခွဲခဲ့သဖြင့် တာမွေမြို့နယ်နေ ခရီးသည် မအေးအေးမွန်(၂၇)နှစ်မှာ ကြောက်လန့်၍ သတိလစ်သွားပြီး တာမွေကျောက်မြောင်းကြီးရပ်ကွက်နေ ခရီးသည် မခင်မြတ်မွန်(၂၉)နှစ်မှာ ယာဉ်ပေါ်မှ ဆင်းပြေးရာ လမ်းပေါ်သို့လဲကျမှုကြောင့် ဒဏ်ရာများရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြင်ပလူနာ(မစိုးရိမ်ရ)များအဖြစ် ကုသလျက်ရှိသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ထွန်းက "အခုဖြစ်စဉ်က ယာဉ်ကြောလုမောင်းရင်းနဲ့ ဖြစ်တာပါ။ ဖြစ်စဉ်ကို သွားရောက်စစ်ဆေးတုန်းက ခရီးသည်တင်ယာဉ်ဘေးမှာ အဝတ်စမီးရှို့ထားတာတွေ့ရတယ်။ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တို့ရဲ့ အဝတ်တွေမဟုတ်ပါဘူး။ ရှို့တဲ့အခါမှာလည်း ယာဉ်ပေါ်မှာလုပ်ခဲ့တဲ့ အထောက်အထားမတွေ့ပါဘူး။ ဘယ်သူက ဘယ်အချိန်မှာ ရှို့ခဲ့တာလဲဆိုတာကို စုံစမ်းနေတဲ့အပြင် ကျူးလွန်သူတွေကို အမြန်ဆုံးဖမ်းဆီးရမိဖို့ အဖွဲ့တွေဖွဲ့ပြီး ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျူးလွန်သူ လူခြောက်ဦး(စုံစမ်းဆဲ)တို့ကို ဗဟန်းမြို့နယ် မြို့မရဲစခန်းက (ပ)၄၄၈/၂၀၁၅၊ ပြစ်မှုပုဒ်မ ၄၄၀/၃၃၇/၁၁၄ တို့ဖြင့် အမှုဖွင့်ထားပြီး ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြောက်ဦးမြို့ မဏိရတနာကျောင်းတိုက်ဆရာတော်ထံ ရတနာစိန်ဖူးတော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအရိယာဝံသအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် မြောက်ဦးမြို့ မဟာပညာကျော်စေတီတော် ရတနာစိန်ဖူးတော်နှင့် ရွှေထီးတော်တင် မဟာမင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှူးပြုသော ဧည့်ပရိသတ်တို့က မြောက်ဦးမြို့ မဏိရတနာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောမထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မဏိရတနာကျောင်းတိုက် ဆရာတော်ထံ ရတနာစိန်ဖူးတော်၊ ဘုရားဆင်းတုတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အလိုတော်ပြည့်ကျောင်းဆရာတော်ထံ ငှက်မြတ်နားတော်၊ ဘုရားဆင်းတုတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးများက လှူဖွယ်ပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အလိုတော်ပြည့်ကျောင်း ဆရာတော်ထံ ဘုရားဆင်းတုတော် အဆူ ၅၀ နှင့် ဆိုလာမီးအိမ် ၅၀ တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ပရိသတ်များက အလိုတော်ပြည့်ကျောင်းတိုက် ဆရာတော်ထံမှ တရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်ကြကာ လက်ဆင့်ကမ်း ပင့်ဆောင်ကြပြီး ပရိသတ်များက စေတီတော်အထွတ်တွင် တင်လှူပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရတနာစိန်ဖူးတော်ကို ပင့်ဆောင်ပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ စေတီတော်အထွတ်တွင် တင်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဘူးရွက်မညိုးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအဂ္ဂသာရအား ကထိန်လျာသင်္ကန်းကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ မဟာပညာကျော်စေတီတော်မှာ မြောက်ဦးမြို့ နန်းတော်ကုန်း၏အနောက်ဘက် ကိုးတန့်စေ့စေတီ မြို့ဦးခေါင်းတောင်၏ အောက်ဘက် မဟာပညာကျော် အိမ်တော်ရာကြီး အတွင်း၌ တည်ရှိသည်။

မဟာပညာကျော် အမတ်ကြီးသည် မြောက်ဦးခေတ် မင်းဗာဘုရင်လက်ထက်မှ မင်းရာဇာကြီးလက်ထက်အထိ မင်းတိုင်ပင်အမတ်ကြီးအဖြစ် ထင်ရှားခဲ့ပြီး ၎င်းနေထိုင်ခဲ့သော အိမ်တော်ရာဝင်းအတွင်း၌ ကောဇာသက္ကရာဇ် ၉၆၂ ခုနှစ်၊ အေဒီ ၁၆၀၀ ပြည့်နှစ်တွင် မင်းရာဇာကြီးက တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူကော်မတီ၊ မြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မင်းပြားမြို့နယ် ရာမောင်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာ၌ ပြီးခဲ့သည့် ဩဂုတ်လ ၆ ရက်နေ့က မြောက်ဦးမြို့နှင့် ပတ်ဝန်းကျင်ဒေသများတွင် ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးဒဏ် ခံစားခဲ့ရသည့် ပြည်သူများကို ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် မိမိကိုယ်တိုင် လာရောက်ခဲ့ပါကြောင်း။

ထိုအချိန်က ရေဘေးသင့်ပြည်သူများကို ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် လတ်တလော ကူညီထောက်ပံ့မှုများ ဆောင်ရွက်ရန်၊ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန်နှင့် ရေရှည်တွင် မူလအနေအထားထက် ပိုမိုသာလွန်သည့် အခြေအနေကို တည်ဆောက်နိုင်ရန်အတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပြုလုပ်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုအကြိမ်တွင် လုပ်ငန်းများ အကောင်အထည်ဖော် ပြီးစီးမှုကို သိရှိနိုင်ရန်နှင့် လိုအပ်သည်များ ကူညီပံ့ပိုးပေးရန် ထပ်မံလာရောက်ခြင်း ဖြစ်ပါကြောင်း။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပြီး မိုးစပါးများကိုလည်း ရာခိုင်နှုန်းပြည့်နီးပါး ပြန်လည်စိုက်ပျိုးနိုင်သည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း။

ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံ၏ သုံးပုံတစ်ပုံခန့်သည် သဘာဝဘေးဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ကြရကြောင်း၊ သို့သော် အစိုးရ၊ တပ်မတော်နှင့် စေတနာရှင်ပြည်သူများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် မူလအခြေအနေနီးပါး ပြန်လည်ရောက်ရှိလာပြီ ဖြစ်ကြောင်း၊ ဆက်လက်ပြီး မူလအခြေအနေထက် ပိုမိုကောင်းမွန်စေရန်၊ အနာဂတ်တွင် သဘာဝဘေးဒဏ်ကို ပိုမိုခံနိုင်ရည်ရှိစေရန်နှင့် ပျက်စီးဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်အတွက် လိုအပ်သည့် အစီအမံများကို ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဆက်လက်ပြောကြားရာတွင် မိမိတို့အစိုးရ တာဝန်ယူခဲ့သည်မှာ ငါးနှစ်နီးပါးရှိပြီဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူခဲ့သည့် သက်တမ်းတွင် ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ စနစ်တစ်ခုမှ လုံးဝကွဲပြားခြားနားသည့် နိုင်ငံရေးစနစ်တစ်ခုသို့ ပြောင်းလဲဆောင်ရွက်ရာတွင် ခြေလှမ်းတိုင်း၊ အဆင့်တိုင်းကို သတိထားပြီး ဆောင်ရွက်ခဲ့သဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို သွေးထွက်သံယိုမရှိဘဲ တည်ငြိမ်အေးချမ်းစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအဖြစ် ကျင်းပနိုင်ရေးသည် နိုင်ငံ၏ဂုဏ်သိက္ခာအတွက် အရေးကြီးကြောင်း၊ ရွေးကောက်ပွဲ မတိုင်မီနှင့် ရွေးကောက်ပွဲလွန်ကာလများတွင် မတည်ငြိမ်မှုများ ဖြစ်ပွားပြီး နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုကို ထိခိုက်မည်ကို ပြည်တွင်း ပြည်ပမှ စိုးရိမ်ပူပန်မှုများ ရှိနေကြောင်း။

ထို့ကြောင့် နိုင်ငံတကာမှ အကဲခတ်လေ့လာသူ တစ်ထောင်ကျော်နှင့် ပြည်တွင်းမှ အကဲခတ်လေ့လာသူ ကိုးထောင်ကျော်၊

စာမျက်နှာ ၉ သို့



မြောက်ဦးမြို့ မဟာပညာကျော်စေတီတော် ရတနာစိန်ဖူးတော်နှင့် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားသို့ လာရောက်ကြသော ဒေသခံများကို တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၈ မှ

စုစုပေါင်း တစ်သောင်းခန့်က ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို လေ့လာစောင့်ကြည့်ကြမည် ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့၏ အသွင်ကူးပြောင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒီမိုကရေစီ အလေ့အကျင့်နှင့် အတွေ့အကြုံ နည်းပါးမှုအပေါ် ယုံကြည်မှုအားနည်းနေ၍ဖြစ်ကြောင်း။

ထို့ကြောင့် လာမည့်ရွေးကောက်ပွဲကို လုံခြုံအေးချမ်းစွာ ကျင်းပနိုင်ရန်နှင့် လွတ်လပ်ပြီးတရားမျှတမှုရှိစေရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်အစိုးရမှလည်း အစွမ်းကုန် ကူညီပံ့ပိုးပေးမည်ဖြစ်ရာ ပြည်သူများကလည်း ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်က မြောက်ဦးခရိုင်အတွင်း ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအား CB KMA Foundation မှ မြောက်ဦးမြို့နယ်အတွင်း ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ဗီဒီယိုမှတ်တမ်းဖြင့် ပြသသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌက မြောက်ဦးမြို့နယ် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြောက်ဦးဒေသ ရေဘေးသင့်ပြည်သူများ နေထိုင်ရန် CB KMA Foundation မှ တည်ဆောက်ပေးခဲ့သည့် ထမ္မရာဇ်ရွာသစ်မှ နေအိမ်များကို ကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ရေဘေးကြောင့် ပျက်စီးခဲ့သည့် မြောက်ဦး အခြေခံပညာ အလယ်တန်းကျောင်းဆောင် ပြန်လည်ပြုပြင်ထားရှိမှုကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး မင်းပြားမြို့သို့ ရောက်ရှိကြရာ မြို့တွင်းလမ်းတစ်လျှောက်၌ ဒေသခံပြည်သူများကသောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မင်းပြားမြို့နယ် ရာမောင်ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက နိုင်ငံတစ်ဝန်းလုံး၌ သဘာဝဘေးဒဏ်ကျရောက်ခဲ့မှု အခြေအနေနှင့် ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေ၊ မင်းပြားမြို့သို့ ဒုတိယအကြိမ်လာရောက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ကူညီပံ့ပိုးပေးမည့် အခြေအနေ၊ နိုဝင်ဘာလ ၈ ရက်နေ့၌ ကျင်းပမည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် အေးချမ်းလုံခြုံစွာ မဲဆန္ဒပေးနိုင်ရန်နှင့် လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပနိုင်ရန် လိုအပ်သည့်အခြေအနေ၊ အစိုးရသက်တမ်း ငါးနှစ်အတွင်း ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ မိမိတို့နှင့် တစ်ချိန်တည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများ စတင်ခဲ့သည့် အရှေ့အလယ်ပိုင်း နိုင်ငံများတွင် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုပျက်ပြားပြီး သွေးချောင်းစီးနေသည့်အခြေအနေများ၊ မိမိတို့၏ တည်ငြိမ်အေးချမ်းစွာဖြင့် အသွင်ကူးပြောင်းနိုင်ခဲ့သည့် အခြေအနေသည် နိုင်ငံနှင့် ပြည်သူများအတွက် ငြင်းဆန်၍မရသည့် အောင်မြင်မှုများဖြစ်၍ ရရှိပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မင်းပြားမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေပွဲ့သို့ သွားရောက်ကြပြီး ပွဲ့ကမ်းခြေအား နိုင်ငံတကာအဆင့်မီ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုကာ အပန်းဖြေလျက်ရှိကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတအား ဒေသခံ ရခိုင်တိုင်းရင်းသား ဗိသုကာ ပညာရှင် ဦးထွန်းကျော်က ပွဲ့ကမ်းခြေ ပြန်လည်ပြုပြင်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ရခိုင်ဒေသခံတိုင်းရင်းသား ဗိသုကာပညာရှင်က စစ်တွေမြို့ ပွဲ့ကမ်းခြေပြုပြင်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အဆိုပါ ပွဲ့ကမ်းခြေနေရာကို ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ၂၀၁၅ ခုနှစ် ဇွန်လမှစတင်၍ ငွေကျပ်သိန်း နှစ်သောင်း အသုံးပြုပြီး ရခိုင်ရိုးရာယဉ်ကျေးမှုနှင့် နိုင်ငံတကာ အဆင့်မီပညာရပ်များဖြင့် ပေါင်းစပ်ပြုပြင်လျက်ရှိရာ ၂၀၁၆ ဇန်နဝါရီလတွင် ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩဂုတ်လ ၆ ရက်နေ့က ရခိုင်ပြည်နယ် စစ်တွေမြို့၊ မြောက်ဦးမြို့နှင့် မင်းပြားမြို့များသို့ လည်းကောင်း၊ ဩဂုတ်လ ၇ ရက်နေ့တွင် ဘူးသီးတောင်မြို့နှင့် ရသေ့တောင်မြို့များသို့ လည်းကောင်း သွားရောက်ခဲ့ပြီး ဆိုင်ကလုန်းမုန်တိုင်း ကိုမန်ရိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုနှင့် ပျက်စီးဆုံးရှုံးခဲ့မှုများ ဖြစ်ပွားခဲ့သဖြင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေး၍ သဘာဝဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက်ကူညီထောက်ပံ့မှုများ ပြုလုပ်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ချမှတ်၍ မူလအနေအထားထက် ပိုမိုသာလွန်သည့် အခြေအနေ ရရှိနိုင်ရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**



**အားပေးစကားပြောကြား**

ဩဂုတ် ၆ ရက်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြောက်ဦးမြို့ရှိ ရေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားခဲ့စဉ်။

ဓာတ်ပုံ- ပြန်/ဆက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား စစ်တွေမြို့မှ ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

# ဝေဖန်ခံနိုင်တယ် အပြောမလွတ်နိုင်ပါ

**မိုးထိအောင်**

အရင်တစ်ပတ်က Daily Eleven သတင်းစာမှာ ဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရပါတယ်။ ဆောင်းပါးရှင် ကျော်ဇောလင်းရဲ့ "နောက်သက်တမ်းအတွက် စဉ်းစားမယ်ဆိုရင် ဒီကိန်းဂဏန်းတွေကို တာဝန်ယူရလိမ့်မယ် (၁)နှင့်(၂)"ဆိုတဲ့ ဆောင်းပါးပဲဖြစ်တယ်။ ဒီဆောင်းပါးဟာ နိုင်ငံတော်သမ္မတဦးသိန်းစိန်တာဝန်ယူပြီးနောက်ပိုင်း အခြေခံစားသောက်ကုန်ဈေးနှုန်းများ တစ်စထက်တစ်စ ပိုမိုမြင့်တက်လာကြောင်း၊ ငါးနှစ်တာအတွင်း ဆင်းရဲချမ်းသာကွာဟမှုကြီးမားလာကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများလည်း နည်းပါးလာကြောင်းနဲ့ စီးပွားရေးမပြေလည်မှုတွေရဲ့ အကျိုးဆက်အဖြစ် အိမ်နီးချင်းနိုင်ငံတွေမှာ မြန်မာအမျိုးသမီးတွေ အပျော်မယားအဖြစ် တင်ပို့ခံရတဲ့စတဲ့အကြောင်းတွေနဲ့ အစိုးရကို သိက္ခာချရေးသားထားတာတွေ ဖတ်လိုက်ရပါတယ်။

ဒီဆောင်းပါးကိုဖတ်ရှုပြီးရလိုက်တဲ့ အတွေးကတော့ **"မပြည့်ဝတဲ့ ဗဟုသုတဟာ တော်တော်အန္တရာယ်များတယ်.... Little knowledge is very dangerous"** ဆိုတာပဲဖြစ်တယ်။ နိုင်ငံတော်သမ္မတကို သိက္ခာချချင်တော့လည်း အဆိုးကွက်လေးတွေကို ရှာကြံပြောရတာပေါ့လေ။ နိုင်ငံတော်သမ္မတနေရာမှာ ဘယ်သူပဲရှိနေနေ ဒီလိုအခြေအနေမျိုးကြုံရလိမ့်မယ်လို့ ပြောချင်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးမှုနှုန်းတွေကို နှစ်အလိုက်ကြည့်မယ်ဆိုရင် ပြီးခဲ့တဲ့လေးနှစ်တာကာလမှာ ပျမ်းမျှ ၇ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့တာ တွေ့ရပါတယ်။ ၂၀၁၄- ၂၀၁၅ ခုနှစ်မှာ တိုးတက်မှုနှုန်း ၉ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်မယ်လို့ခန့်မှန်းခဲ့ပေမယ့် ၈ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်မှာတော့ နိုင်ငံအနှံ့အပြားမှာ မိုးကြီးပြီး ရေကြီးရေလျှံမှုတွေဖြစ်ပွားခဲ့တဲ့အတွက် ခန့်မှန်းထားတာထက် ၂ ရာခိုင်နှုန်းလောက် လျော့ပါးမှာဖြစ်ပါတယ်။ အမှန်တကယ်တော့ လေးနှစ်တာကာလမှာ ပျမ်းမျှ ၇ ဒသမ ၅ ရာခိုင်နှုန်းနဲ့ တိုးတက်ခဲ့တယ်ဆိုတာ နည်းတဲ့တိုးတက်မှုနှုန်းမဟုတ်ပါဘူး။ အရှေ့အာရှနဲ့ အရှေ့တောင်အာရှနိုင်ငံတွေရဲ့ တိုးတက်မှုနှုန်းနဲ့နှိုင်းယှဉ်ရင်မြင့်မားတဲ့ တိုးတက်မှုနှုန်းဖြစ်ပါတယ်။ ကမ္ဘာ့တိုးတက်မှုနှုန်းဟာ ၂၀၁၅ ခုနှစ်မှာ ၃ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်မှာ ၃ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်မယ်လို့ ခန့်မှန်းထားတဲ့အတွက် တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ဆိုရင်လည်း မြန်မာနိုင်ငံရဲ့တိုးတက်မှုနှုန်းဟာ မြင့်မားတာကိုတွေ့ရှိရပါတယ်။ **၂၀၁၅ ခုနှစ်မှာ ရေကြီးရေလျှံမှုတွေကြောင့် တိုးတက်မှုနှုန်းအနည်းငယ်ကျဆင်းခဲ့ပေမယ့်လည်း ၂၀၁၆ ခုနှစ်မှာ တိုးတက်မှုနှုန်း ၇ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်မှာ ၈ ဒသမ ၅ ရာခိုင်နှုန်းဆက်လက်တိုးတက်မယ်လို့ ခန့်မှန်းထားပါတယ်။** ဒီလိုတိုးတက်ခန့်မှန်းတာတွေဟာဆိုရင် မြန်မာနိုင်ငံမှာ ဆက်လက်တိုးတက်မယ့်အလားအလာတွေ၊ မျှော်မှန်းချက်တွေရှိနေလို့ပဲဆိုတာ ဘယ်သူမှမငြင်းနိုင်တဲ့ အမှန်တရားတွေဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ ခန့်မှန်းချက်အရ မြန်မာနိုင်ငံရဲ့တိုးတက်မှုနှုန်းဟာ ရေဘေးမတိုင်ခင် ၂၀၁၅-၂၀၁၆ ခုနှစ်တွေမှာ ၇ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ပြီး ရေဘေးဖြစ်ပွားပြီးအချိန်မှာ ၆ ဒသမ ၅ ရာခိုင်နှုန်းလို့ ခန့်မှန်းခဲ့ပါတယ်။ ကမ္ဘာ့ဘဏ်ကလည်း အလားတူ ခန့်မှန်းခဲ့ပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေရဲ့ အရှိန်ပေါ်မူတည်ပြီး သူတို့ရဲ့ ခန့်မှန်းချက်တွေကို ပြန်လည်သုံးသပ်မယ်လို့ သိရှိရပါတယ်။ ၆ ဒသမ ၅ ရာခိုင်နှုန်းကို ကျသွားတယ်လို့ ဖြစ်သည့်တိုင်အောင် တိုးတက်မှုနှုန်းသည် အခြားသောအာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြင့်မားနေဆဲဖြစ်ပါတယ်။

Real GDP growth forecast 2015/16

| Country | 2015 f | Country | 2016 f | Country | 2017 f |
|---|---|---|---|---|---|
| PNG | 12.3 | Turkmenistan | 8.9 | Turkmenistan | 9.2 |
| Ethiopia | 8.7 | Bhutan | 8.4 | Bhutan | 8.6 |
| Turkmenistan | 8.5 | Mozambique | 8.2 | Myanmar | 8.5 |
| DRC | 8.4 | Ethiopia | 8.1 | Chad | 8.1 |
| Côte d'Ivoire | 8.2 | Lao P.D.R. | 8.0 | Mozambique | 7.9 |
| Myanmar (pre-floods, WB) | 7.8 | Myanmar | 7.8 | Ethiopia | 7.6 |
| Bhutan | 7.7 | Côte d'Ivoire | 7.6 | India | 7.5 |
| Lao P.D.R. | 7.5 | India | 7.5 | Lao P.D.R. | 7.5 |
| India | 7.3 | DRC | 7.3 | Côte d'Ivoire | 7.4 |
| Mozambique | 7.0 | Cambodia | 7.2 | Cambodia | 7.2 |
| Cambodia | 7.0 | Tanzania | 7.0 | Tanzania | 7.0 |
| Chad | 6.9 | Uzbekistan | 7.0 | DRC | 6.8 |
| Tanzania | 6.9 | China | 6.3 | Uzbekistan | 6.7 |
| China | 6.8 | Chad | 4.2 | China | 6.0 |
| Uzbekistan | 6.8 | PNG | 3.0 | PNG | 3.1 |
| Myanmar (post-floods, WB) | 6.5 | | | | |

ဇာစ်မြစ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့

**ဖွံ့ဖြိုးခါစ နိုင်ငံတိုင်းငွေဖောင်းပွမှု အတွေ့အကြုံကိုခံစားရတယ်။**

ဖွံ့ဖြိုးခါစနိုင်ငံတိုင်းရဲ့ အတွေ့အကြုံအရ လေ့လာကြည့်လိုက်ပါ။ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မက္ကဆီကိုအစရှိသဖြင့်ပေါ့။ ၂၀၀၄ ခုနှစ်နဲ့ ၂၀၀၈ ခုနှစ်ကြားမှာ ဗီယက်နမ်နိုင်ငံရဲ့ **ငွေဖောင်းပွမှုနှုန်းဟာ သိသာစွာမြင့်တက်ခဲ့ပြီး ၂၀၀၈ ခုနှစ်ကုန်ပိုင်းမှာ ငွေဖောင်းပွမှုနှုန်းဟာ ၂၅ ရာခိုင်နှုန်းကျော်ရှိခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာလည်း ဖွံ့ဖြိုးခါစအချိန် ၁၉၉၇ ခုနှစ်ဝန်းကျင်မှာ အာရှဘဏ္ဍာရေးအကျပ်အတည်းနဲ့အတူ ငွေဖောင်းပွမှုတွေ ဆိုးရွားစွာဖြစ်ပေါ်ခဲ့ပါတယ်။ တင်းကျပ်တဲ့ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒတွေနဲ့ ကိုင်တွယ်လိုက်တော့ ပြန်ထိန်းနိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ငွေဖောင်းပွမှုက အဲဒီလောက်မဆိုးသေးပါဘူး။** မြန်မာနိုင်ငံရဲ့ ငွေဖောင်းပွမှုနှုန်းက ရေဘေးအန္တရာယ်မကြုံခင်ကဆိုရင် ဒီလောက်မတက်ခဲ့ပါဘူး။ ၂၀၀၆ ခုနှစ် အခြေခံနှစ်ကို ယူတွက်တာတောင် ၂၀၁၃ ခုနှစ်မှာ ပျမ်းမျှငွေဖောင်းပွမှုနှုန်းက ၂ ဒသမ ၈၅ ရာခိုင်နှုန်းအထိပဲရှိခဲ့ပါတယ်။ ဒါပေမယ့် လစာတွေတိုးခဲ့တာကြောင့်ရယ်၊ အိမ်ခြံမြေဈေးနှုန်းတွေ တက်လာခဲ့တာကြောင့်ရယ် ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ပျမ်းမျှငွေဖောင်းပွမှုနှုန်းက ၅ ဒသမ ၇၂ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ မှာ ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့တယ်။ ရေဘေးမတိုင်ခင်က ၆ ရာခိုင်နှုန်းကျော်ကျော်သာ ရှိခဲ့ပေမယ့် ရေဘေးကျရောက်တဲ့အခါ ၈ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါတယ်။ ဂဏန်းနှစ်လုံး (two digit) အနားရောက်လာတာ ဖြစ်တဲ့အတွက် ဒါကိုထိန်းသိမ်းဖို့ ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်တယ်။

| စဉ် | ခုနှစ် | ရည်မှန်းချက် (တိုးတက်မှုနှုန်း) | အကောင်အထည်ဖော်နိုင်မှု (တိုးတက်မှုနှုန်း) |
|---|---|---|---|
| ၁ | ၂၀၁၁-၂၀၁၂ | ၆.၀ | ၅.၆ |
| ၂ | ၂၀၁၂-၂၀၁၃ | ၆.၇ | ၃.၃ |
| ၃ | ၂၀၁၃-၂၀၁၄ | ၈.၉ | ၈.၄ |
| ၄ | ၂၀၁၄-၂၀၁၅ | ၉.၁ | ၈.၇ |
| ၅ | ၂၀၁၅-၂၀၁၆ | ၉.၃ | - |
| | ပျမ်းမျှတိုးတက်မှုနှုန်း | ၈.၀ | ၇.၅ (၄ နှစ် ပျမ်းမျှ) |

**ဘာဖြစ်လို့ ငွေဖောင်းပွမှုဖြစ်တာလဲဆိုရင် ပြည်ပကရင်းနှီးမြှုပ်နှံမှုတွေဝင်လာတာကတစ်ကြောင်း၊ လည်ပတ်နေတဲ့ ငွေကြေးပမာဏတွေများတာကတစ်ဖုံ၊ အရောင်းအဝယ်တွေကြောင့် ငွေကြေးလည်ပတ်မှု အရှိန်တွေမြန်လာတာကတစ်မျိုး ဒီလိုကိစ္စတွေကြောင့် ငွေဖောင်းပွမှုကို ပိုပြီးအားပေးရောက်ပါတယ်။ အချို့ကလည်း လိုအပ်လို့ ဝယ်ယူတာမျိုးထက် ဈေးကစားလိုတဲ့၊ အမြတ်ရယူလိုတဲ့စိတ်နဲ့ ဝယ်ယူမှုတွေကျတော့ ဈေးကွက်ကို ပျက်စီးစေနိုင်ပါတယ်။**

အားလုံးသိရှိပြီးဖြစ်တဲ့အတိုင်းပါပဲ။ ငွေလဲလှယ်နှုန်းကိုတရားဝင်ငွေလဲနှုန်း၊ ပြင်ပငွေလွှဲနှုန်း၊ စာရင်းလွှဲပြောင်းသည့်နှုန်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းအမျိုးမျိုးဖြစ်ပေါ်နေရာမှ တစ်ခုတည်းသောငွေလဲလှယ်နှုန်းကို ၂၀၁၂ ခုနှစ် ဧပြီလမှာ ကူးပြောင်းခဲ့တဲ့ကူးပြောင်းမှုဟာ အခြားနိုင်ငံတွေမှာလို မေခရိုစီးပွားရေးအပေါ် ထိခိုက်မှုမရှိဘဲ ဘယ်လောက်ထိ ညင်သာစွာကူးပြောင်းနိုင်ခဲ့တယ်ဆိုတာကို ဂရုပြုမိကြမယ်ထင်ပါတယ်။

**နောက်ပြီး ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်နဲ့ ဩဂုတ်လတွေမှာ အဓိကစိုက်ပျိုးထုတ်လုပ်တဲ့ ဒေသတော်တော်များများမှာ ရေဘေးဒုက္ခကြုံတွေ့လိုက်ရတဲ့အခါ စားသောက်ကုန်စည်တွေ ဈေးနှုန်းတက်လာတာကြောင့် ငွေဖောင်းပွမှုကို ပိုပြီးတွန်းအားပေးခဲ့ပါတယ်။** နိုင်ငံအနှံ့အပြားမှာ မိုးအဆက်မပြတ် ရွာသွန်းပြီး ရေကြီးနစ်မြုပ်မှုတွေ ဖြစ်ပေါ်ခဲ့တဲ့အတွက် အထွက်နှုန်းလျော့ကျတာ၊ ရေကြီးရေလျှံမှုတွေကြောင့် တံတားတွေ၊ ကားလမ်းနဲ့ရထားလမ်းတွေပျက်စီးပြီး လမ်းပန်းဆက်သွယ်ရေးတွေ ပြတ်တောက်သွားတာကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲဖြစ်ခဲ့တဲ့ အတွက် အခြေခံစားကုန်နဲ့ကုန်ကြမ်းဈေးနှုန်း မြင့်တက်လာခဲ့တယ်။ ပို့ဆောင်ဆက်သွယ်ရေး ခက်ခဲတဲ့အတွက် သယ်ယူပို့ဆောင်စရိတ် မြင့်တက်လာခဲ့တယ်။ သဘာဝဘေး အန္တရာယ်ကျရောက်တဲ့ အခက်အခဲကို အသုံးချပြီး ကုန်သည်တွေရဲ့ ဈေးကစားမှုကလည်း ကုန်ဈေးနှုန်း မြင့်တက်ရခြင်းရဲ့ အကြောင်းရင်းတစ်ရပ်ဆိုတာ နားလည်သဘောပေါက်သင့်ပါတယ်။

**ငွေဖောင်းပွမှုတိုင်းကကြောက်စရာတော့မဟုတ်ပါဘူး။ ငွေဖောင်းပွမှုရှိနေတဲ့ အချိန်မှာလည်းနိုင်ငံကိုတိုးတက်အောင်လုပ်လို့ရပါတယ်။ ဝင်ငွေတိုးတက်မှုနှုန်းဟာ** ငွေဖောင်းပွမှုနှုန်းထက်များရင် အေးဆေးပါပဲ။ Growth with inflation ဆိုတဲ့ သဘောတရားပဲဖြစ်တယ်။ ငွေဖောင်းပွမှုနှုန်းကို တွက်ချက်တဲ့နေရာမှာလည်း အစားအသောက်ကုန်စည်များ (Food Items) သာမက အခြားလူ့အသုံးအဆောင်ပစ္စည်း၊ ဝန်ဆောင်မှုတွေ (Non-Food Items) ကိုလည်း ကောက်ခံရတယ်။ ဘယ်နှစ်ကို အခြေခံနှစ်အဖြစ် ယူထားသလဲ ဒါကိုလည်းကြည့်တတ်ရမယ်။ မြို့ကြီးတွေတင် ကိုယ်စားပြုတာမဟုတ်ဘဲ အခြားမြို့တွေ၊ ဒေသတွေကိုလည်း ထည့်တွက်မှ တစ်ပြည်လုံးအတိုင်းအတာကို ကိုယ်စားပြုတာလေ။ ရန်ကုန်မှာသာ ဈေးတွေစွတ်တက်နေပြီး နယ်တွေမှာပုံမှန်ပဲဖြစ်နေတဲ့ အနေအထားတွေကိုလည်း တွေ့နေရတယ်။

ကုန်သွယ်မှုအနေနဲ့ မြန်မာနိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်ကို ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်လာတဲ့အတွက် ယခင်ကထက်နှိုင်းစာရင် သွင်းကုန်တင်သွင်းမှု ကန့်သတ်ချက်များလျှော့ချပြီး လွတ်လပ်စွာ ကုန်သွယ်မှုပြုလုပ်ခွင့်ရှိလာပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပို့ကုန်တင်ပို့နိုင်တဲ့ ပမာဏနဲ့စာရင် သွင်းကုန်ပမာဏ ပိုမိုများပြားလာတာနဲ့အညီ ကုန်သွယ်မှုလိုငွေ တိုးတက်လာပြန်ပါတယ်။ သွင်းကုန်တိုး၍ ဒေါ်လာဝယ်လိုအားတိုးမြင့်ပြီး ကျပ်ငွေတန်ဖိုးကျဆင်းလာကာ သွင်းကုန်ပစ္စည်း အမျိုးအစား ဈေးနှုန်းများ မြင့်တက်လာတယ်။ ဝန်ထမ်းတွေရဲ့ လုပ်ခလစာ တိုးမြှင့်ပေးခြင်းတွေကလည်း ကုန်ဈေးနှုန်းမြင့်တက်မှုအပေါ် အကျိုးသက်ရောက်မှုရှိခဲ့ပါတယ်။

အခြေခံကုန်ဈေးနှုန်းများ မြင့်တက်တယ်ဆိုတဲ့နေရာမှာ နိုင်ငံကို ဦးဆောင်ဦးရွက်ပြုနေသူ တစ်ဦးတစ်ယောက်တည်းနဲ့ပဲ သက်ဆိုင်တာမဟုတ်၊ နိုင်ငံရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ၊ မူဝါဒချမှတ်ဆောင်ရွက်မှု၊ သဘာဝဘေးအန္တရာယ်ကဲ့သို့ ကြိုတင်မခန့်မှန်းနိုင်တဲ့ အခြေအနေ၊ အမေရိကန်ဒေါ်လာသုံးတဲ့ အခြားနိုင်ငံတွေရဲ့ ဘဏ္ဍာရေးမူဝါဒစသဖြင့် အခြေအနေအရပ်ရပ်အားလုံးနဲ့ သက်ဆိုင်ပါတယ်ဆိုတာ သိရင်ကောင်းပါလိမ့်မယ်။ ဒါကြောင့် "နောက်သက်တမ်းအတွက် စဉ်းစားမယ်ဆိုရင် ဒီကိန်းဂဏန်းတွေကို တာဝန်ယူရလိမ့်မယ်"လို့ ပြောရင် ရဲရဲကြီးတာဝန်ယူပါကြောင်း ပြောကြားလိုပါတယ်။



မြောက်ဦးမြို့ ထမ္မရာဇ်ရွာသစ်မှ နေအိမ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

*(သတင်းရှေ့ဖုံးမှ)*

*○ ကျောဖုံးမှ*

ပုံစံကောင်းပြသနိုင်ခြင်း မရှိခဲ့ပေ။ ကစားသမားများ၏ခြေစွမ်းကို စမ်းသပ်လို၍ ယခုခြေစမ်းပွဲကိုကစားခဲ့ခြင်းဖြစ်ပြီး စုစည်းလေ့ကျင့်ရက် အနည်းငယ်ရှိသည့် မြန်မာ ယူ-၂၃ အသင်းမှာ ကစားပုံပိုကောင်းခဲ့ပြီး နောက်ခံလူ သိန်းဇော်၏ တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယခု ခြေစမ်းပွဲကို မိနစ် ၃၀ သုံးပိုင်းခွဲ၍ ကစားခဲ့ခြင်းဖြစ်ပြီး မြန်မာဘောလုံး ပရိသတ်အချို့ လာရောက်အားပေးခဲ့သည်။

ပထမပိုင်းတွင် မြန်မာ့လက်ရွေးစင်အသင်းက ခြေအသာခဲ့သော်လည်း မြန်မာ ယူ-၂၃ ကစားသမားများ၏ လျင်မြန်မှုကို မထိန်းနိုင်၍ အခွင့်အရေးများ ပေးခဲ့ရသည်။ မြန်မာ ယူ-၂၃ အသင်းမှ သန်းပိုင်နှင့် မောင်မောင်စိုးတို့ အပိုင်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ မြန်မာ့လက်ရွေးစင်အသင်း သက်သာရာရခဲ့သည်။

ဒုတိယပိုင်းနှင့် တတိယပိုင်းတို့တွင် နှစ်သင်းစလုံး တစ်သင်းလုံးနီးပါး လူစားလဲခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာ ယူ -၂၃ ဂိုးစရခဲ့ပြီး ပြစ်ဒဏ်ဘောမှတစ်ဆင့် သိန်းဇော်က ခေါင်းတိုက်ဂိုး သွင်းခဲ့ခြင်းဖြစ်သည်။

တတိယပိုင်းတွင် မြန်မာ့လက်ရွေးစင်အသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း အခွင့်အရေးအချို့အသုံးမချနိုင်ခဲ့၍ ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

# မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒပြုချိန်တွင် မဲလက်မှတ်တွင်ပါရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်၊ သက်ဆိုင်ရာနိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလနှင့် အမှတ်တံဆိပ်များကို မှန်ကန်စွာဆန္ဒပြုရန် အသိပေးကြေညာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## ကြေညာချက်

**နေပြည်တော်၊ နိုဝင်ဘာ ၃**

၁။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲလက်မှတ်များ အတုအပ မပြုလုပ်နိုင်ရန်အတွက် လည်းကောင်း၊ မလိုလားအပ်သော စွပ်စွဲပြစ်တင်မှုများ မဖြစ်စေရန်အတွက်လည်းကောင်း အင်ဒိုနီးရှားနိုင်ငံ P T Pura စက်ရုံမှ တင်သွင်းသည့် လုံခြုံရေးအမှတ်အသားပါ Light Yellow W / F Paper (80 gsm) အမျိုးအစား အဝါရောင်စက္ကူကို မှာယူတင်သွင်းပြီး ဆန္ဒမဲလက်မှတ်များ ရိုက်နှိပ်ခဲ့ပါသည်။ မဲလက်မှတ်များ ရိုက်နှိပ်သည့် စက္ကူတွင်ပါရှိသော လုံခြုံရေး ရေစာအမှတ်အသားမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တံဆိပ်(Logo)အား စက္ကူအသားတွင် ထည့်သွင်းပုံနှိပ်ထားခြင်းဖြစ်ပြီး အလင်းရောင်တွင် ထောင်၍ကြည့်ရှုပါက တွေ့မြင်ရမည်ဖြစ်ပါသည်။

၂။ အသုံးပြုထားသည့် စက္ကူ၏မူရင်းအရောင်သည် အဝါရောင်ဖြစ်၍ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ အမှတ်တံဆိပ် (Logo)များတွင်ပါသော အဖြူရောင်မှာ အဝါရောင် သန်းဖြစ်နေမည် ဖြစ်ပါသည်။ နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမှတ်တံဆိပ် (Logo) တွင် အဖြူရောင်အား အဝါရောင်ဖြစ်နေခြင်းမှာ အဝါရောင်စက္ကူအမျိုးအစားကြောင့် ဖြစ်ပါသည်။

၃။ ဆန္ဒမဲလက်မှတ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးနှင့်ပတ်သက်၍ လက်ဝဲဘက် အကွက်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သက်ဆိုင်ရာ နိုင်ငံရေးပါတီအမည် သို့မဟုတ် တစ်သီးပုဂ္ဂလဟူ၍ ထင်ရှားစွာ ဖော်ပြထားပါသည်။ အလယ်လေးထောင့်ကွက်တွင် ပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမှတ်တံဆိပ် (Logo) ဖော်ပြထားပါသည်။ လက်ယာဘက် လေးထောင့်ကွက်အတွင်းတွင် ဆန္ဒပြုရန် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မိမိတို့၏ အမှတ်တံဆိပ် (Logo) တွင် အဖြူရောင်ပါရှိမည်ဆိုပါက အဝါရောင်ဖြစ်နေမည်ဖြစ်ကြောင်း မဲဆန္ဒရှင်များအား ရှင်းလင်းအသိပေးသွားရန်နှင့် မဲဆန္ဒရှင်များအနေဖြင့်လည်း ဆန္ဒပြုချိန်တွင် မဲလက်မှတ်တွင်ပါရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလနှင့် အမှတ်တံဆိပ် (Logo) များကိုသတိပြု၍ မှန်ကန်စွာဆန္ဒပြုကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



# မဲရုံများလုံခြုံရေးနှင့် မီးဘေးကင်းစင်အောင် ဂရုပြုနိုင်ရေး သထုံတွင် ရှင်းလင်းဆွေးနွေး

**သထုံ နိုဝင်ဘာ ၃**

ရွေးကောက်ပွဲ ကာလအတွင်း မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ မဲရုံများ၌ တာဝန်ထမ်းဆောင်ကြမည့် အထူးရဲနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မဲရုံလုံခြုံရေးနှင့် မီးဘေးဆိုင်ရာများကို အထူးဂရုပြုနိုင်ရေးအတွက် နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီက သထုံခရိုင် မီးသတ်ဦးစီးဌာနရုံး၌ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မဲရုံလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကင်းစင်ရေးအတွက် မဲရုံတစ်ခုလျှင် အရန်မီးသတ်တပ်ဖွဲ့ဝင် လေးဦးစီနှင့်အထူးရဲတို့ ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းတို့အား သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ် မီးသတ်ဦးစီးဌာနများနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့က ကြီးကြပ်ကွပ်ကဲသွားမည်ဖြစ်ကြောင်း၊ မဲရုံပတ်ဝန်းကျင်တွင် မီးလောင်နိုင်သည့် အနေအထားများကို ကြိုတင်စစ်ဆေးကာ မဲရုံအနီးအနားရှိ စက်ရုံ၊ အလုပ်ရုံနှင့် စက်သုံးဆီဆိုင်များအား သတိပေးထားကြောင်း၊ မဲရုံ၌ မီးအန္တရာယ်ဖြစ်ပွားက အမြန်ဆုံးမီးငြိမ်းသတ်နိုင်ရန် မီးသတ်ဆေးဘူး အနည်းဆုံး တစ်ဘူးစီထားရှိနိုင်အောင် စည်းရုံးဆောင်ရွက်ထားပြီး အန္တရာယ်ရှိနိုင်သည်ဟု ယူဆရသည့် မဲရုံများနှင့် အနီးဆုံးနေရာများတွင် မီးငြိမ်းသတ်ယာဉ်နှင့် တပ်ဖွဲ့ဝင်များကို အရန်သင့်ထားရှိသွားမည်ဖြစ်ကြောင်း သထုံခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်းက ဆွေးနွေးပွဲတွင် ပြောကြားသည်။

သထုံခရိုင် မီးသတ်ဦးစီးဌာနရုံး၌ တပ်ဖွဲ့ဝင်စုစုပေါင်း ၂၀၊ မီးငြိမ်းသတ်ယာဉ် ခြောက်စီးဖြင့် လုပ်ငန်းများ ဆောင်ရွက်နေပြီး အရေးပေါ်လိုအပ်လာပါက အခြားမြို့နယ်မီးသတ်တပ်ဖွဲ့ရုံးများနှင့် ချိတ်ဆက်လုပ်ဆောင်နိုင်အောင် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# လွိုင်ကော်မြို့ ဒေါတရိုးနှင့် ဆုဖဲလောကျေးရွာများတွင် မဲရုံသရုပ်ပြ

**လွိုင်ကော် နိုဝင်ဘာ ၃**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံသရုပ်ပြခြင်းကို လွိုင်ကော်မြို့နယ် ပါလောင်းကျေးရွာအုပ်စု ဒေါတရိုးကျေးရွာနှင့် ဆုဖဲလောကျေးရွာများတွင် နိုဝင်ဘာ ၃ ရက်နံနက် ၈ နာရီက ပြုလုပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ မဲရုံသရုပ်ပြသနေမှုကို ကျေးရွာနေမိဘပြည်သူများ၊ မဲဆန္ဒရှင်များပါဝင်ပြီး မဲပေးပုံနည်းအဆင့်ဆင့် ဆောင်ရွက်ချက်များအား သရုပ်ပြသခြင်းများကို ဆောင်ရွက်လျက်ရှိရာ ခရိုင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစန်းဝင်း၊ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များက မဲရုံသရုပ်ပြသနေမှုကို ကြည့်ရှုသည်။

ထို့နောက် မဲရုံများလုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရပ်/ကျေး မဲရုံအဖွဲ့ဝင်များ လုပ်ငန်းဝင်သင်တန်းဖွင့်

**နတ်တလင်း နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အထွေထွေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ရပ်/ကျေး မဲရုံအဖွဲ့ဝင်များ လုပ်ငန်းဝင်သင်တန်း (၃/၂၀၁၅)ဖွင့်ပွဲကို နတ်တလင်းမြို့နယ် သက္ကမဟာမြတ်မုနိဘုရားကြီး ဓမ္မဇိမာန်တော်ကြီး၌ နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ထွဋ်က အမှာစကားပြောကြားပြီး ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များဖြစ်သော မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးမြင့်နှင့် မြို့နယ်သမဝါယမဦးစီးအရာရှိ(ငြိမ်း) ဦးမင်းဆွေတို့က မဲရုံများနှင့်ပတ်သက်သော အကြောင်းအရာများ ဟောပြောပို့ချရာ မြို့နယ်အတွင်းရှိ မဲရုံပေါင်း ၁၄၇ ရုံမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# အဆင့်မြင့်မင်္ဂလာဈေးသစ် ဓာတ်လှေကားတည်ဆောက်မည်

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းနှင့် ဗညားဒလလမ်းထောင့် မင်္ဂလာဈေးဝင်း အတွင်းရှိ အဆင့်မြင့်မင်္ဂလာဈေးကြီး ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေရန် ဈေးသူ၊ ဈေးသားများနှင့် အများပြည်သူ ရောင်းဝယ်ဖောက်ကားရာတွင် လွယ်ကူ အဆင်ပြေစေရန် ဒုတိယမြောက် ဓာတ်လှေကားတစ်စင်း တည်ဆောက်မည်ဖြစ်သည်။

ယင်းအဆင့်မြင့် မင်္ဂလာဈေးသစ်တွင် ယခင်ဓာတ်လှေကားလေးစင်းမှ နှစ်စင်းကို လူစီးသက်သက်နှင့် ကုန်တင်၊ ကုန်ချတွင် အသုံးပြုလျက်ရှိသည်။ ယခု ဒုတိယမြောက် ဓာတ်လှေကားသည် လူစီးသက်သက်ဖြင့်သာ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ ထိုဓာတ်လှေကားသည် အမြင့် ၈၅ ပေရှိပြီး အထပ်ခြောက်ထပ်မြင့် ဓာတ်လှေကားကြီးဖြစ်ကာ ငွေကျပ်သိန်း ၈၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

အဆင့်မြင့် မင်္ဂလာဈေးသစ်ကို ၁၉၉၂ ခုနှစ် မေ ၃၀ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၈ ခုနှစ် ဇူလိုင် ၅ ရက်မှ စတင်ကာ ဈေးဆိုင်ခန်း ၄၀၆၇ ဆိုင် စတင်ဖွင့်လှစ် ရောင်းဝယ်ဖောက်ကားခွင့်ပြုခဲ့သည်။

အဆိုပါ ဒုတိယမြောက် ဓာတ်လှေကားအသစ်တစ်စင်းတည်ဆောက်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ အဆင့်မြင့်မင်္ဂလာဈေး ဈေးသာယာရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာစောလှထွန်းနှင့် အဖွဲ့ဝင်များက ပန္နက်တင်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



## မိုးရွာနိုင်မည့် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၃**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နိုဝင်ဘာ ၃ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ အင်္ဂါနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၀၆၀၀ မှ ၅၀၀၀၀ |
| ၂ | ဧရာ/ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၀၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | ပေါ်ဆန်း(ဆန်သစ်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၇၅၀၀ |
| ၇ | မိုးသုခ(ဆန်သစ်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၈ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၈၇၀၀၀ |
| ၉ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၆၅ မှ ၂၅၈၅ |
| ၁၀ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၅၀ မှ ၂၁၅၀ |
| ၁၁ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၆၀ မှ ၂၆၀၀ |
| ၁၂ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၀၀ မှ ၃၂၀၀ |
| ၁၃ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၀၀ မှ ၁၂၀၀ |
| ၁၄ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၂၂၀၀ |
| ၁၅ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀၀ |
| ၁၆ | ဩဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀၀ |
| ၁၇ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၄၀၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။ | | | | | |

## တီဘီရောဂါပညာပေး နှိုးဆော်ချက်

ယနေ့ကမ္ဘာပေါ်တွင် တီဘီရောဂါသည် တစ်နှစ်လျှင် လူဦးရေကိုးသန်းခန့်ဖြစ်ပွားနေပြီး ၁ ဒသမ ၅ သန်းခန့် သေဆုံးနေပါသည်။ စက္ကန့် ၂၀လျှင် တစ်ဦးနှုန်းဖြင့် သေဆုံးလျက်ရှိသည်။ တီဘီရောဂါရှိသူ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ သလိပ်၊ တံတွေးမှတစ်ဆင့် ရောဂါများလေထဲတွင်ပျံ့နှံ့ပြီး ရှူမိသူများအား ကူးစက်နိုင်သည်။ အသက်အရွယ်မရွေး လူတိုင်းတွင်ဖြစ်ပွားနိုင်သည်။ အဆုတ်တွင် အများဆုံးဖြစ်ပွားပြီး ကိုယ်ခန္ဓာအနှံ့ ဖြစ်ပွားနိုင်သည်။ ဆီးချိုရောဂါ၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် အာဟာရချို့တဲ့သူများတွင် အဖြစ်များသည်။ တီဘီရောဂါလက္ခဏာများမှာ နှစ်ပတ်ကျော်ချောင်းဆိုးခြင်း၊ ချောင်းဆိုးလျှင်သွေးပါခြင်း၊ သလိပ်ပါခြင်း၊ အစားအသောက်ပျက်ခြင်း၊ တဖြည်းဖြည်းပိန်လာခြင်း၊ ဖျားပြီးညအခါ ချွေးအလွန်ထွက်ခြင်းနှင့် ရင်ဘက်အောင့်ခြင်းတို့ဖြစ်သည်။

တီဘီရောဂါသည် မိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို ထိခိုက်နိုင်သဖြင့် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) မိမိကိုယ်တိုင် နှစ်ပတ်ကျော်ချောင်းဆိုးနေပါက နီးစပ်ရာကျန်းမာရေးဌာန၊ ပြည်သူ့ဆေးရုံ၊ ဆေးပေးခန်းများတွင် သလိပ်စစ်ဆေးပါ။

(၂) မိမိပတ်ဝန်းကျင်မှ ချောင်းဆိုနေသူများကိုလည်း သလိပ်စစ်ဆေးဖြစ်အောင် စည်းရုံးတိုက်တွန်းကူညီဆောင်ရွက်ပေးကြပါ။

(၃) တီဘီရောဂါဖြစ်လျှင် ကြောက်စရာမလိုပါ။ ဆေးကုသမှုကာလပြီးဆုံးသည်အထိ နေ့စဉ်မှန်မှန်စနစ်တကျဆေးသောက်ပါက အမှန်တကယ် ရောဂါပျောက်ကင်းမည်ဖြစ်ပါသည်။

(၄) ကျန်းမာရေးဌာနတိုင်းတွင် သလိပ်စစ်ဆေးနိုင်ပြီး တီဘီရောဂါပျောက်ကင်းသည်အထိ အခမဲ့ကုသပေးလျက်ရှိပါသည်။

(၅) တီဘီရောဂါကာကွယ်ရန် ရင်သွေးငယ်များအား ဘီစီဂျီကာကွယ်ဆေးကို မပျက်မကွက် ထိုးပေးပါ။ အာဟာရပြည့်ဝသော အစားအစာများကိုစားသုံးပါ။ သင့်တင့်လျှောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။ ချောင်းဆိုး ၊ နှာချေလျှင် နှာခေါင်းနှင့် ပါးစပ်ကို လုံအောင်ပိတ်ပါ။ သလိပ်နှင့်တံတွေးကို စည်းကမ်းမဲ့ထွေးခြင်းမှ ရှောင်ကြဉ်ပါ။ အရက်၊ ဆေးလိပ်သောက်ခြင်း (လုံးဝ)ရှောင်ကြဉ်ပါ။

(၆) တီဘီရောဂါဖြစ်ပွားသူများ ကုသမှုကာလပြီးဆုံးသည်အထိ ဆေးကုသမှုခံယူနိုင်ရန်အတွက် ပြည်သူလူထုမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**







## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော Insulated Covered Winding Wire နှင့် Premium Diesel များကို အောက်ပါအတိုင်းဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) Insulated Covered Winding Wire ၅၀၀၀၀ မီတာ

(ခ) Premium Diesel ၁၀၀၀၀၀ ဂါလန်

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၁-၁၁-၂၀၁၅ ရက် ၁၂း၀၀နာရီဖြစ်ပြီး တင်ဒါများကို ယင်းနေ့ ၁၄း၀၀ နာရီတွင် ဖွင့်ဖောက်စိစစ်ပါမည်။ တင်ဒါပုံစံများကို မြို့တော်ခန်းမ (ပထမထပ်)ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**



**ကျေးဇူးဆပ်ပါမည်**

သွင်းကုန်ကြေညာလွှာအမှတ် (၈၁၀၅၅၇)သည် ပျောက်ဆုံးသွားပါသည်၊ တွေ့ရှိပါကကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန်ဖုန်း-၀၁၅၅၅၈၈၁ Arena Motor Services Co.,Ltd.**


**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း**

**အကြောင်းကြားစာ**

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**

**မြဝတီခရိုင်တရားရုံးတော်၌**

**၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅**

**ဘဝနတ်ထံပျံလွန်တော်မူသော ဦးဝီရိယ ၁၄/နေဖ(သ)၀၀၀၆၂၇၌ ကျန်ရှိရစ်သောပစ္စည်း**

**အကြောင်း**

ဦးဝိသုဒ္ဓ
၁၄/နေဖ(သ)၀၀၀၆၂၈
တောရရိပ်မြိုင်ကျောင်း
မြေနီကုန်း၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့

**လျှောက်ထားသူ**

မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေနီကုန်း၊ တောရရိပ်မြိုင်ကျောင်းနေ ဘဝနတ်ထံပျံလွန်တော်မူသော ဦးဝီရိယ၏ ညီတော်အရင်းဖြစ်သည်ဟူ၍ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေနီကုန်း၊ တောရရိပ်မြိုင်ကျောင်းနေ ၎င်းဘဝနတ်ထံပျံလွန်တော်မူသော ဦးဝီရိယ ၁၄/နေဖ(သ) ၀၀၀၆၂၇ မှာ ကျန်ရှိရစ်သော မြဝတီမြို့၊ မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းစာအုပ်အမှတ် SY-၀၁၉၅၃၄ဖြင့် ငွေကျပ် ၁၀၅၂၆၆၈၁ဝ/ ၈၉ါး (တစ်ထောင်ငါးဆယ်နှစ်သိန်းခြောက်သောင်း ခြောက်ထောင်ရှစ်ရာတစ်ဆယ့်ရှစ်ကျပ်နှင့် ရှစ်ဆယ်ကိုးပြားတိတိ)ကို ထုတ်ယူရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာကိုရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းဘဝနတ်ထံပျံလွန်တော်မူသော ဦးဝီရိယမှာ ကျန်ရစ်သောပစ္စည်းများ အပေါ်၌ ရရန်ရှိသူလူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဦးဝိသုဒ္ဓ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်သိန်း)**
**ခရိုင်တရားသူကြီး**
**မြဝတီခရိုင်တရားရုံး**

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အောင်သုခလမ်း၊ အကွက်အမှတ်(၄၃-ခ)၊ တံတားကြီးတန်းအကွက်၊ ဦးပိုင်အမှတ်(၅၃-စ)၊ မူလ ဦးဘိုးညိမ်း အမည်ပေါက် (ဂရန်မြေ)အမျိုးအစား ဧရိယာ ၀ ဒသမ ၀၃၂ ဧကကို ဦးဇော်ဦး အမည်ဖြင့် မြေငှားဂရန်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပုသိမ်မြို့နယ်**


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4E/7695 ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်**



**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6A/ 9775၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

◆ ကျောဖုံးမှ

ကိုယ်စားပြုသူများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဥရောပသမဂ္ဂနှင့် အခြားသော ဖွံ့ဖြိုးရေးဆိုင်ရာ မိတ်ဖက်များမှ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ၎င်းမဟာဗျူဟာနှင့် လုပ်ဆောင်မှုအစီအစဉ်တွင် ပါဝင်သည့် အဓိကအချက်များကို ထပ်မံ တိုးတက်စေရန်နှင့် ပါရီဆွေးနွေးပွဲတွင် တင်ပြနိုင်ရန်တို့အတွက် တက်ရောက်သူများက သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

၎င်းအစီအစဉ်ကို ရာသီဥတုပြောင်းလဲမှုအား ကိုင်တွယ်ဖြေရှင်းနိုင်ရန် အဖွဲ့အစည်းနှင့် နည်းပညာပိုင်းဆိုင်ရာ လုပ်ဆောင်နိုင်စွမ်းများအား မြှင့်တင်မည့် အစိုးရ၏လုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သည့် မြန်မာ့ရာသီဥတုပြောင်းလဲမှု မဟာမိတ်အဖွဲ့မှ ပံ့ပိုးပေးခြင်းဖြစ်သည်။ ဥရောပသမဂ္ဂမှ ငွေကြေးထောက်ပံ့ပေးပြီး United Nations Human Settlements Programme (UN-Habitat) နှင့် United Nations Environment Programme (UNEP) တို့မှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာမြှင့်တင်မှုနှင့် အစိုးရ၏ မူဝါဒများ၊ အစီအစဉ်များနှင့် လုပ်ဆောင်မှုများအားလုံးတွင် ရာသီဥတု ပြောင်းလဲမှုကိစ္စရပ်များကို ထည့်သွင်းစဉ်းစားစေရန် လေးနှစ်တာ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မိုးမျှော်တိုက်တာများနှင့် စိမ်းလန်းသော သဘာဝတရားကို ပေါင်းစပ်ထားခြင်းဖြင့် ရာသီဥတုအရေး တစ်ဖက်တစ်လမ်းမှ ကာကွယ်ပေးမည်ဟု ယူဆရသည်။

"ရာသီဥတု ပိုမိုဆိုးရွားလာတာနဲ့အမျှ ၎င်း၏သက်ရောက်မှုတွေကို ကမ္ဘာတစ်ဝန်းမှာ ထိတွေ့ခံစားနေကြရပါတယ်။ ပါရီဆွေးနွေးပွဲကနေ ကာဗွန်ထုတ်လွှတ်မှုကို နိမ့်ကျပြီး ရာသီဥတုကို တွန်းလှန်နိုင်သည့် ကမ္ဘာ့စီးပွားရေးဘက်သို့ အရှိန်မြှင့်ပြောင်းလဲရွေ့လျားသွားနိုင်ပြီး ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းနိုင်မည့် သမိုင်းဝင်အခွင့်အလမ်းတစ်ရပ်ဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးရှိ လူတိုင်းက သူတို့နိုင်ငံတွေရဲ့ ခေါင်းဆောင်တွေကို ရာသီဥတုဖောက်ပြန်တာတွေ အတွက် ဖြေရှင်းပေးကြဖို့ မျှော်လင့်နေပါတယ်။ ဥရောပသမဂ္ဂနဲ့အဖွဲ့ဝင် နိုင်ငံတွေက ပါရီဆွေးနွေးပွဲကို အောင်မြင်တဲ့ဆွေးနွေးပွဲဖြစ်လာဖို့ မြန်မာနိုင်ငံ အပါအဝင် အခြားမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်လျက် တစိုက်မတ်မတ် ဆောင်ရွက်နေပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ၏ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု အစီစဉ်အကြီးအကဲ Isabel Friade Almeida က ပြောကြားသည်။

ပါရီရာသီဥတုဆိုင်ရာ ဆွေးနွေးပွဲ (COP21)တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီမှုအသစ်ကို အပြီးသတ် နိဂုံးချုပ်နိုင်ရန် ကမ္ဘာ့နိုင်ငံများအားလုံးနီးပါး ဒီဇင်ဘာလတွင် လာရောက်တွေ့ဆုံကြမည်ဖြစ်သည်။ ကမ္ဘာ့ရာသီဥတု ပျမ်းမျှအပူချိန်မြှင့်တက်မှုအား ၂ ဒီဂရီစင်တီဂရိတ်ထိ သတ်မှတ်ထိန်းထားနိုင်ရန်နှင့် အန္တရာယ်ရှိသည့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ရှောင်ကွင်းနိုင်မည့် နိုင်ငံအားလုံးမှ လိုက်နာကျင့်သုံးနိုင်မည့် မျှတမှုရှိပြီး ဥပဒေအရ စည်းနှောင်မှုရှိသော နိုင်ငံတကာ သဘောတူညီမှုတစ်ခုကို အကောင်အထည်ဖော်ပြဋ္ဌာန်းနိုင်စေရန် ဥရောပသမဂ္ဂမှ ဆောင်ရွက်လျက်ရှိသည်။

ပါရီမြို့တွင်ကျင်းပမည့် COP 21 ၏ သဘောတူညီမှု အောင်မြင်မှုရရှိနိုင်ရန်မှာ ရည်ရွယ်ချက်ခိုင်မာသည့် အစိမ်းရောင် ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချရန် တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်မှု၊ တူညီသည့် ရေရှည်မျှော်မှန်းချက်၊ ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချမည့် ရည်မှန်းချက်များအား တိုးမြှင့်ဆောင်ရွက်နိုင်မည့် ငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်မှု အစီအစဉ်၊ ပါဝင်ပတ်သက်သူများအားလုံးမှ ယုံကြည်မှုရှိစွာဖြင့် တစိုက်မတ်မတ် အားထုတ်ကြိုးပမ်းမှုရှိစေရန် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိသည့် ခိုင်မာသော စည်းမျဉ်းဥပဒေသများဖြစ်ကြောင်း သိရသည်။

၎င်းသဘောတူညီမှုအသစ်သည် အစိမ်းရောင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ သက်ရောက်မှုအား လိုက်လျောညီထွေပြုလုပ်ဆောင်ရွက်ခြင်းနှင့် ရာသီဥတုဆိုင်ရာဖြေရှင်းဆောင်ရွက်မှုအတွက် ရန်ပုံငွေများ ရှာဖွေစုစည်းခြင်း ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ဥရောပသမဂ္ဂမှ မှန်းဆချက်အရ ၁၉၉၀ ပြည့်နှစ်နှင့် ယှဉ်လျှင် ပြည်တွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအား ၂၀၃၀ ပြည့်နှစ်မတိုင်မီ အနည်းဆုံး ၄၀ ရာခိုင်နှုန်းခန့် လျှော့ချရန် မျှော်မှန်းကြောင်း သိရသည်။ ရာသီဥတုဆောင်ရွက်မှုဆိုင်ရာ မူဝါဒနှင့် ရည်မှန်းချက် ပန်းတိုင်တို့သည် အထက်ပါကြိုးပမ်းမှုများ အပေါ်တွင်မူတည်၍ ဖော်ဆောင်ထားခြင်းဖြစ်ပြီး ဥရောပသမဂ္ဂအနေဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချမှုကို ၂၀၂၀ အဝင်တွင် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချရန် မျှော်မှန်းလုပ်ဆောင်လျက်ရှိသည်။ ၁၉၉၀ နှင့် ၂၀၁၃ ခုနှစ် အကြားတွင် ၁၉ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပြီး တစ်ချိန်တည်းတွင် GDP သည်လည်း ၄၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

ဥရောပသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံတကာ ရာသီဥတုဆိုင်ရာ ရန်ပုံငွေအတွက် အဓိကထောက်ပံ့ပေးနေကြသူများပင်ဖြစ်သည်။ ၂၀၁၃ ခုနှစ် တစ်နှစ်တည်းတွင် ယူရိုငွေကျပ်သန်းပေါင်း ၉ ဒသမ ၅ ဘီလီယံထိ ကူညီပေးခဲ့ပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများ၏ ကူညီပံ့ပိုးပေးရန် ရည်မှန်းထားသည့် ဝေစုပမာဏကို တိုးမြှင့်သွားရန်ရှိကြောင်း ဥရောပသမဂ္ဂမှ သိရှိရသည်။ **(မြန်မာ့အလင်း)**

# လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ သတ္တမပွဲစဉ်ဆုချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် JUNIOR GOLF MYANMAR (JGM) က ကြီးမှူးကျင်းပသော 7th JUNIOR GOLF MYANMAR TOURNAMENT 2015 ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း(တည်းကုန်း)၌ အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်ထိ ကျင်းပခဲ့သည်။

ပြိုင်ပွဲဒုတိယနေ့အပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ Amazing Co.,Ltd. အဆင့်မြင့် မှန်နှင့်အလူမီနီယံလုပ်ငန်းမှ ဦးလှအောင်က အသက်(၁၀ နှစ်)အောက်သက်တန်းတွင် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့ကြသော ဝေယံလင်းနှင့် ကျော်လင်းထက်၊ အသက်(၁၀ နှစ်)အောက်သက်တန်းတွင် ပဉ္စမဆုရ လင်းသန့်အောင်၊ စတုတ္ထဆုရ ကျော်လင်းထက်၊ တတိယဆုရ လင်းဖြိုးသူ၊ ဒုတိယဆုရ ထွဋ်မြတ်သူ၊ ပထမဆုရ မင်းသံလွင်အောင်တို့အား ဆုများချီးမြှင့်ပြီး HAN Golf Masters Pte., Ltd. မှ CEO ဦးချမ်းဟန်က အသက်(၁၂ နှစ်) အောက်သက်တန်းတွင် ပဉ္စမဆုရ ဘုန်းမြင့်၊ စတုတ္ထဆုရ ဝင်းထွန်းဗိုလ်၊ တတိယဆုရ သံလွင်မိုးသက်၊ ဒုတိယဆုရ ဖြိုးဇံ၊ ပထမရရှိသော ကောင်းမြတ်ကျော်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးအောင်ကြည်က အသက်(၁၅ နှစ်)အောက် သက်တန်းတွင် ပထမဆုရ ဇွဲထက်အောင်၊ စတုတ္ထဆုရ ရဲထက်လှိုင်၊ တတိယဆုရ အောင်ခင်ဝင်း၊ ဒုတိယဆုရ သင်းဝေခိုင်၊ ပထမရရှိသော ရာဇာအောင်တို့ကို လည်းကောင်း၊ ရန်ကုန်ဂေါက်ကလပ် Captain ဦးဇော်မင်းက အသက်(၂၄ နှစ်)အောက် သက်တန်းတွင် ပဉ္စမဆုရ လှိုင်မင်းထက်၊ စတုတ္ထဆုရ သီဟဌေး၊ တတိယဆုရ လှိုင်မြင့်ဇော်၊ ဒုတိယဆုရ ဇင်အောင်မင်း၊ ပထမရရှိသော မင်းနိုင်စိုးတို့ကို ဆုများပေးအပ်ချီးမြှင့်ကြပြီး သက်တန်းအားလုံးတွင် ပထမနှင့် ဒုတိယရရှိသူများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌက ချီးမြှင့်သော ဂုဏ်ပြုဆုကို ဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က ထပ်မံချီးမြှင့်ကြောင်း သိရသည်။ **ဖိုးသော်ဇင်**

# စပါးတို့ အိမ်ကွင်း၌ ဗီလာကို အနိုင်ရ

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၁) နောက်ဆုံးပွဲစဉ်အဖြစ် စပါးနှင့် အက်စ်တွန်ဗီလာပွဲတို့ နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်စပါးက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**

အိမ်ရှင်စပါးက ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာပြီး တိုက်စစ်မှူး ဟယ်ရီကိန်းကို အထောင်ထားခဲ့သည်။ ကွင်းလယ်တွင် အီရစ်ဒီယာ၊ အဲရစ်ဆင်၊ ဒမ်ဘီလီ၊ လာမယ်လာ၊ အလီနှင့် နောက်တန်းတွင် ဒန်နီရို့စ်၊ ဗာတွန်ဂန်၊ အယ်ဒါဝိုင်ရက်၊ ဝေါလ်ကာနှင့် ဂိုးနေရာတွင် ဟူဂိုလိုရစ်တို့ဖြင့် ပွဲထွက်လာသည်။

ဧည့်သည်ဗီလာက ၄-၄-၁-၁ ကစားကွက်ဖြင့် ပွဲထွက်လာသည်။ အဘွန်လဟောကို တိုက်စစ်အထောင်ထားကာ ကွင်းလယ်တွင် ဝက်စ်ဝုဒ်၊ ကားလို့ဆန်ချက်ဇ်၊ ဘာကူနာ၊ ဂရေ့လစ်ခ်ျ၊ ဆင်ကလဲယား၊ နောက်တန်းတွင် ကလက်ခ်၊ ဟောက်တန်၊ ရစ်ချက်ဆင်၊ လက်စ်ကော့တို့ပါဝင်ပြီး ဂိုးနေရာတွင် ဘရတ်ဂူဇန်ပွဲထွက်လာသည်။ ပွဲစပြီး သုံးမိနစ်တွင် ဒမ်ဘီလီက စပါးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ **(အောက်ပုံ)** ပထမပိုင်းပြီးခါနီး ၄၅ မိနစ်တွင် ဒုတိယဂိုးကို အလီက သွင်းယူခဲ့သည်။

ဒုတိယပိုင်း ၇၉ မိနစ်တွင် လူစားဝင်လာသော ဂျော်ဒန်အယူးက ဗီလာအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန်မိနစ် ၉၀ တွင် စပါးအတွက် တတိယဂိုးကို တိုက်စစ်မှူး ဟယ်ရီကိန်းက သွင်းယူခဲ့သည်။ စပါးသည် ရမှတ် ၂၀ ရရှိကာ ဝက်စ်ဟမ်းနှင့် အမှတ်တူပြီး ဂိုးကွာခြားချက်ဖြင့် အဆင့် ၅ တွင် ရပ်တည်နိုင်ခဲ့သည်။ အက်စ်တွန်ဗီလာမှာ ရမှတ်လေးမှတ်ဖြင့် ဇယားအောက်ဆုံး၌ ရပ်တည်နေသည်။ ပွဲစဉ် ၁၁ အပြီးတွင် မန်စီးတီးနှင့် အာဆင်နယ်မှာ ၂၅ မှတ်ဖြင့် ရမှတ်တူနေပြီး ဂိုးကွာခြားချက်ကြောင့် မန်စီးတီးက ဇယားထိပ်တွင် ဦးဆောင်နိုင်ခဲ့သည်။ လက်စတာက ၂၂ မှတ်ဖြင့် အဆင့် ၃၊ မန်ယူက ၂၁ မှတ်ဖြင့် အဆင့် ၄ တွင် ရပ်တည်နေသည်။




စီးပွားရေးတက္ကသိုလ်အာစရိယပူဇော်ပွဲ(၂၀၁၅)

စီးပွားရေးတက္ကသိုလ် "အာစရိယပူဇော်ပွဲ "(ရွှေရတုအလွန်) / တည်ထောင်သောနေ့ (Founders' Day)(၅၁)ကြိမ်မြောက်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်နေ့ /ရက် ။ ။ ၂၀၁၅၊ဒီဇင်ဘာလ (၂၇)ရက်၊ (တနင်္ဂနွေ)
ကျင်းပမည့် အချိန် ။ ။ နံနက် (၉ း၀၀)နာရီ။
ကျင်းပမည့် နေရာ ။ ။ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ပင်မ) (ကမာရွတ်) (နီလာရတုခန်းမ)
မှတ်ချက်။ ။ နိုဝင်ဘာလ /ဒီဇင်ဘာလများတွင် အပတ်စဉ်(တနင်္ဂနွေနေ့)တိုင်း၊ အထက်ပါနေရာ၌ အမှုဆောင်များအစည်းအဝေးရှိမည်ဖြစ်၍ အမှုဆောင်များတက်ရောက်ကြရန်ဖိတ်ကြားပါသည်။

**"ဆန္ဒမဲ"ပေးသည့်နေ့မှတပါး ကျန်လတိုင်း အပတ်စဉ် တနင်္ဂနွေနေ့တိုင်းတွင် အမှုဆောင်အစည်းအဝေးရှိမည် ဖြစ်ပါသည်။**

အလှူငွေများထည့်ဝင်ခြင်း
မြန်မာစီးပွားရေးဘဏ် (၃) **Current Account CF 000056** သို့ထည့်ဝင်နိုင်ပါသည်။

(အမှုဆောင်အဖွဲ့)
(MIEGA)



Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

| Basic Spoken English | | Grammar Foundation Course | |
|---|---|---|---|
| Mon to Thurs-7:30-9:30 am | 16,30 Nov | Sat & Sun - 9:00-12:00 am | 14 Nov |
| Mon to Thurs-3:00-5:00pm | 16 Nov | Mon to Thurs-10:00-12:00am | 16 Nov |
| Mon to Thurs-1:00-3:00pm | 16 Nov | Mon to Thurs-3:00-5:00pm | 23 Nov |
| Sat & Sun - 3:45-6:45 pm | 21 Nov | **Structure & Written Expression** | |
| MontoThurs 5:30-7:00 pm | 23 Nov | Mon to Thurs - 1:00-3:00pm | 23 Nov |
| Mon to Thurs-10:00-12:00am | 23 Nov | Mon to Thurs - 5:30-7:00pm | 23 Nov |
| Sat & Sun - 12:30-3:30 pm | 28 Nov | Sat & Sun - 3:30-6:30pm | 28 Nov |
| Mon to Thurs-1:00-3:00pm | 30 Nov | IELTS(TestPractice), IELTS(Foundation), IELTS(Speaking) | |
| **Pre-Intermediate English** | | SAT, API, AWC, TOEFL, IE, VEC, BWC | |
| Mon to Thurs-5:00-7:00 pm | 23 Nov | | |
| Mon to Thurs-10:00-12:00 am | 23 Nov | | |

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910



Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | |
|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ |
| Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၂၉၁ ၀၉၄၂၀၁၈၂၉၂ | ဝင်းလိုက်(မန္တလေး) ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ | မြို့မ(မန္တလေး) ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | မင်္ဂလာထွန်းသီရိ (မြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ |

ကြိုတင်လက်မှတ်ရောင်းပြီ
၆၊ ၁၁၊ ၂၀၁၅ ရက်မှ
စတင်၍တစ်ပြိုင်တည်းပြပြီ။
ပြမည်






# မြန်မာ့ကျေးလက်မြင်ကွင်းနှင့်အတူ ဧရာဝတီမြစ်ကမ်းနံဘေးက ရှေးဟောင်းဗုဒ္ဓတစ်ထောင်အကောက်တောင်

**ကျော်မြင့်သန်း(လမ်းမတော်)**

ဧရာဝတီမြစ်တစ်လျှောက် လှေသင်္ဘောအစုန်အဆန် သွားနေသူများ အကောက်တောင်သို့ ရောက်သည်နှင့် တောင်နံရံမှ ဗုဒ္ဓရုပ်ပွားတော်များကို အံ့မခန်းငေးကြည့် ဖူးခဲ့ရလေ့ရှိ၏။

မိုးဦးကာလ ဝါဆိုလတွင် လှေသင်္ဘော အညာဆန်များမှာ ရေတစ်ဝက်လွှမ်းနေသော မြတ်စွာဘုရား၏ ရုပ်ပွားတော်များကို ဖူးမြော်ကြရသည်။

မြတ်ဗုဒ္ဓတစ်ထောင် အကောက်တောင် မြတ်စွာဗုဒ္ဓရုပ်ပွားတော်များမှာ ဧရာဝတီမြစ် ကမ်းနံဘေးက ရှေးဟောင်းလက်ရာများအဖြစ် သမိုင်းဝင်လေ၏။ တည်နေရာသည်ကား ဧရာဝတီတိုင်းဒေသကြီးအစ ပဲခူးတိုင်းဒေသကြီးအဆုံး ထုံးဖိုမြို့လေးအနီးက အကောက်တောင် ဖြစ်ပေသည်။

မြတ်စွာဗုဒ္ဓ ရုပ်ပွားတော်များက ရှေးဟောင်း လက်ရာများ ဖြစ်သည်။ အညာပုဂံသားတို့ အကြေဒဂုံသို့ စုန်ဆင်းလာလျှင် ကျောင်းကြီးဝဲအန္တရာယ်အတွက် ရက်များစွာ တစ်ခါတစ်ရံတောင်ပေါ်မှာ စောင့်ခဲ့ရလေ့ ရှိသည်။ ထိုအခါအပျင်းလည်းပြေ ကုသိုလ်ယူရင်း ကျောက်တောင်ပေါ်၌ တတ်သည့်ပညာဖြင့် ဗုဒ္ဓပုံတော်များစွာကို ထုဆစ်ကြသည်။ ရေစုန်ဆင်းလာလျှင်လည်း ထုသည်။ ရေဆန်တက်လာလျှင်လည်း ထုဆစ်ကြသည် အထိ ကုသိုလ်ယူကြကြောင်း သိရသည်။

ယခုအကောက်တောင်တွင် ဖူးမြင်နေရသည့် ရုပ်ပွားတော်များက မိုးရေမြစ်ရေဒဏ်များ၊ ရာသီဥတု ဆိုးရွားမှုနှင့် လျှင်ဒဏ်ကအစ ကြုံခဲ့ရ၏။

ယခုအခါ ကားလမ်း၊ ဆိုင်ကယ်လမ်းများ ပွင့်နေပြီ ဖြစ်သကဲ့သို့ ထုံးဖိုမြို့သို့ ရောက်လျှင် မြစ်ကမ်းနံဘေး၌ ခရီးသည်တင် မော်တော်များက အလှည့်ကျလိုက်ပို့ကြသည်။ ဧရာဝတီမြစ်ကမ်းနံဘေးက ဘုရားများကို ဓာတ်ပုံရိုက် ဖူးမြော်ပြီးလျှင် အကောက်တောင်ပေါ်သို့ တက်၍ရကြောင်း တွေ့ရသည်။

ဧရာဝတီမြစ်ကမ်းနံရံမှာ ဖူးတွေ့ခဲ့ရသော မြတ်စွာဗုဒ္ဓဘုရားများအား ဆန်တစ်တင်းချက် ဆွမ်းကို ကြေးဇွန်းဖြင့် လောင်းလှူရာတွင် တစ်ဇွန်းလျှင် တစ်ဆူ လောင်းလှူခဲ့ရာ ဆန်တစ်တင်းချက်ကုန်သွားသည့်တိုင် မြတ်စွာဗုဒ္ဓ ရုပ်ပွားတော်များစွာ ကျန်သေးကြောင်း ထုံးဖိုမြို့ သက်ကြီး၊ ဝါကြီးများက ပြောပြ၍ အံ့ဩစွာ သိရှိခဲ့ရသည်။

> **ဧရာဝတီမြစ်ကမ်းနံရံမှာ ဖူးတွေ့ခဲ့ရသော မြတ်စွာဗုဒ္ဓဘုရားများအား ဆန်တစ်တင်းချက်ဆွမ်းကို ကြေးဇွန်းဖြင့် လောင်းလှူရာတွင် တစ်ဇွန်းလျှင်တစ်ဆူ လောင်းလှူခဲ့ရာ ဆန်တစ်တင်းချက် ကုန်သွားသည့်တိုင် မြတ်စွာဗုဒ္ဓ ရုပ်ပွားတော်များစွာ ကျန်သေးကြောင်း သိရ**

ရှေးသမိုင်းဝင် ရွှေမြင်းတင်စေတီတော်က ဆုတောင်းပြည့်၍သွားကြသူများ၏ ကုသိုလ်တော်များက တောင်ပေါ်တွင် ကားလမ်းပေါက်သည်အထိ များလှကြောင်း၊ ဝါဆိုမိုးရေနှင့်အတူ ရေတံခွန်သဖွယ် ရှုခင်းများမှာလည်း မျက်စိပသာဒရှိလှကြောင်း သိရသည်။

ကျွမ်းကျင်သောလှေသမား၏ အကူအညီကြောင့် ဓာတ်ပုံကောင်းများ ရိုက်နိုင်မှတ်တမ်းတင်နိုင်သည်က လာခြင်းကောင်းသော ခရီးစဉ်ဟုဆိုရပေမည်။

လှေဆိပ်မှ တောင်ပေါ်သို့အတက် ကုသိုလ်ရှင်များ၏ လမ်းခရီးက လွန်စွာအဆင်ပြေလှ၏။ အတက်ခရီး ဖြစ်သော်လည်း ရှေးလူများ၏ ကုသိုလ်ဗုဒ္ဓရုပ်ပွားတော်များကို အနီးကပ်ဖူးမြော်ရင်း တက်ရင်းက တောင်ထိပ်ကမ်းပါးပေါ်သို့ ရောက်ခဲ့ကြရသည်။

ရွှေရောင်ဝင်းနေသည့် စေတီတော်က ရွှေမြင်းတင်ဖြစ်၍ တည်ထားကိုးကွယ်သူက မွန်မင်းသမီးဖြစ်သည်။ မြင်းဖြင့်ပါလာသော ရွှေသားရွှေချပ်များကို ထည့်သွင်းဌာပနာခဲ့သည်ဟု သိရသည်။ စေတီတော်ဝန်းကျင် ချဲ့ထွင်လှူဒါန်းသူ ဦးအုပ်စိုးနှင့် ပါရမီရှင်များ၏ ပြုပြင်ဆောင်ရွက်မှုကလည်း အရေးပါလှသည်။

တနင်္ဂနွေဂြိုဟ်သက် မွေးနံစေတီတော်များနှင့် ကျောင်းဆောင်များကလည်း တောင်တော်နှင့် ပနံရလှ၏။ သိမ်၊ ဘုရား၊ ကျောင်းဆောင်များနှင့် ဝန်ချတောင်စေတီတော်တို့ကိုလည်း ဖူးတွေ့ခဲ့ကြရသည်။

ရန်ကုန်-ပြည်ကားလမ်းမှ လွယ်ကူလျင်မြန်စွာ သွားနိုင်ရုံသာမက ပြည်ရွှေဆံတော်ဘုရား၊ ဝန်ချတောင်၊ စကားတောင်၊ ကျေးမင်းတောင်များဖူးမြော်၍ ပြည် တစ်ဖက်ကမ်း နဝဒေးတံတားကြီးမှတစ်ဆင့် ရွှေဘုံ သာမုနိဘုရားဖူး၍ သီတင်းကျွတ်လပြည့်နေ့ ဩဇာသီးအလှူပယ်ဘုရားကပ်လှူပြီး ဥသျှစ်ပင်မှတစ်ဆင့် မုံရွာ-ပုသိမ် ကားလမ်းခရီးကားမဝေးလှပေ။ ထုံးဖိုမြို့သို့ရောက်လျှင် အကောက်တောင်သို့ ရောက်ပေမည်။ ။

---

## လက်ပံတန်းမြို့နယ်၌ စမ်းသပ်ကွက်ရိတ်သိမ်းပြသ

**လက်ပံတန်း နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ဂွေးတောက်ကွင်းကျေးရွာ၌ အောက်တိုဘာ နောက်ဆုံးပတ်က ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲက ကြီးမှူးဆောင်ရွက်သော RTOP စမ်းသပ်ကွက်ရိတ်သိမ်းပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ လ/ထ ညွှန်မှူး ဒေါ်ခင်မြင့်မြင့်က RTOP စမ်းသပ်ကွက်ဆောင်ရွက်ရခြင်းမှာ မြေအတွင်းရှိရင်းစွဲ အာဟာရဓာတ်ကို အခြေခံ၍ မျှော်မှန်းအထွက်နှုန်း ရရှိရန် ထည့်သွင်းပေးရမည့် မြေဩဇာပမာဏ ထောက်ခံချက်ပေးနိုင်ရန်အတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **ကိုသက်(ဇီးကုန်း)**

**စာပေမြင့်မှ လူမျိုးတင့်မည်**



## အထူးရဲသင်တန်း မဲရုံလုံခြုံရေး သရုပ်ပြရှင်းလင်း

**ပုလဲ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ပုလဲရတနာခန်းမ၌ အောက်တိုဘာ ၃၀ ရက်က ရွေးကောက်ပွဲတွင် တာဝန်ယူကြမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးရဲသင်တန်း၌ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မဲရုံလုံခြုံရေးနှင့် ပတ်သက်၍ သရုပ်ပြရှင်းလင်းခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်း၌ ပုလဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်စိုးက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပြီး မဲရုံလုံခြုံရေးနှင့်ပတ်သက်၍ သရုပ်ပြရှင်းလင်းခဲ့သည်။

ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းက သင်တန်းတွင် စစ်ရေးပြ (လက်နက်မဲ့) သင်ခန်းစာများအပြင် ဥပဒေအကြောင်း သိကောင်းစရာများ၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေများ၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်၊ ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ရဲကျင့်ဝတ် ဘာသာရပ်များ၊ အထူးရဲတာဝန်များ၊ ပြစ်မှုဆိုင်ရာ ဥပဒေများနှင့် လိုက်နာရမည့် စည်းကမ်းချက်များကို ပို့ချခဲ့ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပုလဲမြို့နယ်အတွင်းရှိ မဲရုံ ၁၃၃ ရုံအတွက် တာဝန်ထမ်းဆောင်ကြမည့် အထူးရဲတပ်ဖွဲ့ဝင် ၁၃၃ ဦးက အောက်တိုဘာ ၂၀ ရက်မှ ၃၁ ရက်အထိ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရဲချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် '' ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း'' အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော '' ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# မိကျောင်းတံတားလမ်း ══ ၁၄-ခန်းဇရပ်နှင့် အိမ်တော်ရာ

**ဆူးငှက်**

***ယခင်အပတ်မှအဆက်***

အိမ်တော်ရာ ဘုရားအရှေ့စောင်းတန်း အရုဏ်ခံဇရပ်၌ မစိမ်းရင်က အထည်ဆိုင်ဖွင့်၏။ မသန်းတင်လည်း မစိမ်းရင်နှင့်အတူပါလာသည်။ ဟံစားဦးအေး-ဒေါ်သန်း၊ ရွှေဇီးကွက် ဦးရွှေ၊ ဒေါ်အမာတို့လည်း အိမ်တော်ရာ၌ ဆိုင်ဖွင့်ကြသည်။ ဈေးချိုတော်ရှိ မြန်မာဆိုင်များအားလုံး အိမ်တော်ရာသို့ ပြောင်းရွှေ့ဈေးဖွင့်ကြသည်။ နယ်ချဲ့မျက်နှာလိုအားရဆိုင် တစ်ဆိုင် နှစ်ဆိုင်သာ ဈေးချိုမှာကျန်ရစ်၏။ သို့သော် သူတို့လည်း ကြာကြာမဖွင့်ရဲဘဲ ဆိုင်ပိတ်ပြန်ကြသည်။ မူလဈေး အမှုဆောင်ကိုဖျက်သိမ်းကာ ဆင်တံတားပေါ်ရှိ စာအုပ်သည် ဦးဘသိန်းကိုဥက္ကဋ္ဌတင်ပြီး အမှုဆောင်အသစ်ထပ်ဖွဲ့၏။ မိုးကောင်းတိုက်ရဟန်းသံဃာများက အိမ်တော်ရာဘုရားဈေးကို စောင့်ရှောက်ကြီးကြပ်လေသည်။

ထိုသမိုင်းဝင်ဖြစ်ရပ်ကြီးကို မြို့မငြိမ်းက 'အိမ်တော်ရာ ဘုရားဈေး' ဟူသော သီချင်းဖြင့် ဂုဏ်ပြုခဲ့၏။

"လက်ဆယ်ဖြာစုံညီ တင်ထိပ်ဦးဖူးခဲ့သည်။ မှတ်မိကြသေးရဲ့လား မေးလိုက်ချင်သည်။ လေပြည်ဆော်ကာ ညောင်ရွက်သံတရှဲရှဲ ဆည်းလည်းသံညံစီစီ။

တွေးမိပြီ တွေးမိပြီ လောကရံသီ အိမ်တော်ရာစေတီ ဘုရားဈေးပြေးလို့ မြင်ယောင်သည်။

တို့ဂုဏ်ရောင် ပြောင်ပြောင်

စည်းလုံးရေးကြောင့် အောင်ပေသည်"

ဟူ၍ အစချီရေးဖွဲ့ထား၏။

မြန်မာဖြစ်၊ တိုင်းရင်းဖြစ် အထည်ဆိုင်များက ဘုရားဈေးကို တက်ကြွစွာပါဝင်ဈေးထွက်ကြသလို ဈေးလုံခြုံရေးအတွက် ရဟန်းသံဃာများက ကြီးကြပ်စောင့်ရှောက်ကြပုံများနှင့် ဘုရားဈေးရှိ ဈေးသည် ဈေးဝယ်တို့၏ အနေအထားများကိုလည်း မြို့မငြိမ်းက အကွက်စေ့စွာသရုပ်ဖော်ခဲ့သည်။

"ဟံစားထည် နီပြာဝါရွှေ စိမ်းညိုလဲ့ကြော့ရှင်း မျက်စိတွင်းက မထွက်ပြီ။

မြန်မာ့အသရေအလှတွေ အဆင်ပြေပြေယဉ်ပေသည်။

ပြုံးမယောင် မျက်နှာလေးက

မရဲတရဲ ဘာဝယ်မလဲရှင့်

ဈေးသည်ပီပီ မေးတတ်ရှာသည်။

စားဖွယ်သောက်ဖွယ် ငါးခြောက်ရယ် ငါးပိရယ် ရှိသည်။

ဘာကိုမဆို အလိုပြည့်နိုင်သည်။

ယုတ်စွအဆုံးတိုင် မလိုင်ပေါက်စီ သုံးဆောင်နိုင်ပါသည်။

အပါးနံဘေး ဘုရားဈေး အိမ်တော်ရာစေတီ. . .။

"ဘုရားတန်ခိုးနှင့် တိုးလို့လှတဲ့ ကုမ္ဘာရီ

ကာလသားတွေ လာပြန်ပြီ

ပိုက်ဆံမပေးရတိုင်း ပိုးလည်း ပိုးရှာကြတော့သည်၊

အလော်မာသဘော မတော်တာပြော

သူတို့ပဲစကြသည်။

နုတဲ့ပါးပြင်ဆီ ရှက်သွေးဥလို့နီ

မျက်စောင်းလေး သုန်သုန်မှုန်မှုန်

ဘုန်းဘုန်းကို လျှောက်လိုက်ရင် အခြောက်တိုက်ပင် အရိုက်ခံထိတော့မည်" ဟူလို. . .။

အိမ်တော်ရာဘုရားဈေးကို စောင့်ရှောက်ကြရသော ရဟန်းတော်များမှာ မိုးကောင်းတိုက်ကဦးပဏ္ဍိ၊ ဦးမေဓာက၊ ဦးကာကြီး၊ ဦးကာလေး၊ ဦးဝိမလ၊ ဦးကုသလ၊ ဦးကေလာသ၊ ဦးနာရဒ ကိုယ်တော်များ ဖြစ်ကြပါသည်။

၁၃၀၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၆ ရက် ၉-၂-၃၉ နေ့ မွန်းလွဲ ၁ နာရီတွင် အိမ်တော်ရာ ၁၄ ခန်း ဇရပ်အတွင်း လူထုနှစ်သောင်းကျော် တက်ရောက်သည့် မြို့လုံးကျွတ်အစည်းအဝေးကြီးက နောက်ရက် ၁၀-၂-၃၉ နေ့တွင် ဤ ၁၄ ခန်း ဇရပ်မှာပင် ပြန်လည်စုစည်းပြီး အင်္ဂလိပ်နယ်ချဲ့အစိုးရအုပ်ချုပ်မှုကို စီတန်းလှည့်လည်ကန့်ကွက်ကြဖို့ သဘောတူညီဆုံးဖြတ်ခဲ့ကြသည်။ ထို့ကြောင့် ၁၀-၂-၃၉ မနက်ကတည်းက အိမ်တော်ရာ ရင်ပြင်တွင် လူတွေဖွေးဖွေးလှုပ်. . .။ နံနက် ၁၁ နာရီ ထိုးသောအခါ မြို့လူထုများစွာတို့သည် ကြက်ပျံမကျ ညပ်ညပ်ခဲနေသော်လည်း စည်းကမ်းတကျဖြင့် စီတန်းလမ်းလျှောက်လှည့်လည်ကန့်ကွက်ခဲ့ရာ အင်္ဂလိပ်စစ်တပ်က တောင်ကျုံးထောင့်အနီး ၂၆ ဘီလမ်းပေါ်တွင် ပစ်ခတ်ခဲ့သောကြောင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစာမျက်နှာ၌ မေ့မရသည့်မန္တလေး အာဇာနည် ၁၇ ဦး အခန်းကဏ္ဍပါဝင်ခဲ့သည်မဟုတ်ပါလော. . .။ ဤသို့ဖြင့် ၂၆ ဘီလမ်းမကြီးကိုလည်း မြို့လူထုက အာဇာနည်လမ်းကြီးဟု ကမ္ပည်းတင်အသိအမှတ်ပြုခဲ့သည် မဟုတ်ပါလော။

နယ်ချဲ့လက်ချက်ဖြင့် ကျဆုံးသွားခဲ့သည့် အာဇာနည်များ၏ သမိုင်းဝင်ဈာပနအခမ်းအနားကိုလည်း မြို့မိမြို့ဖများနှင့် ရဟန်းသံဃာ၊ ကျောင်းသား ကျောင်းသူများ ဦးစီးကာ အိမ်တော်ရာ ၁၄ ခန်းဇရပ်ကြီး၌ပင် ကျင်းပခဲ့လေ၏။

မြို့မိမြို့ဖကြီးများဖြစ်သော ဆရာကြီးဦးရာဇာတ်၊ ရွှေပြည်ဦးဘတင်၊ ကျက်သရေဆောင်ဦးတင်၊ ဆရာဦးထွန်းမောင်၊ မန္တလေးသူရိယ ဦးထွန်းရင်၊ ဘီဘီအိုအေဘဏ် မန်နေဂျာ ဦးထင်၊ မန်းညွန့်ဦးမောင်ကလေး၊ မင်းဘူးဦးမောင်မောင်၊ ဆရာကြီး ဝဏ္ဏကျော်ထင်ဦးဘခင်တို့က ဈာပနပွဲကို ကြီးကြပ်ဦးဆောင်ခဲ့ကြ၏။ အာဇာနည်များ၏အလောင်းများကို အိမ်တော်ရာဝင်း မြောက်မုခ်အထွက် ညောင်ပင်ရင်းတွင် မြန်မာသမားတော်ကြီး ဦးတိုးအောင်က စောင်းကောက်ဦးလှကျော်အပါအဝင် ရှေ့တော်ပြေးဝင်မှ လူငယ်များနှင့် ရင်ခွဲကျပ်စည်းပေးခဲ့သည်။ အိမ်တော်ရာ ၁၄ ခန်းဇရပ်ကြီးတွင် အာဇာနည်များ၏ ဈာပနအခမ်းအနားကို စီစဉ်ပြင်ဆင်ထားပြီး ၁၃၀၀ ပြည့်နှစ် တပို့တွဲလကွယ်နေ့ ၁၇-၂-၃၉ ရက်တွင် တောင်ပြင်သူကြွယ်ကုန်းရှိ အာဇာနည်ဗိမာန်သို့ အခမ်းအနားဖြင့် ပို့ဆောင်သင်္ဂြိုဟ်ခဲ့လေသည်။ ဤကား အိမ်တော်ရာ ၁၄ ခန်းဇရပ်၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစာမျက်နှာဖြစ်၏။ ဤသို့ဖြင့်အိမ်တော်ရာ ၁၄ ခန်းဇရပ်ကြီး၏ သမိုင်းစာမျက်နှာများကို ဆက်လက်၍ လက်လှမ်းမီသမျှ ပြန်လည်လှန်လှောကြည့်မိသောအခါ. . .

၁၂-၉-၅၄နေ့(၁၃၁၆)ခုတော်သလင်းလဆုတ် ၁ ရက် တနင်္လာနေ့တွင် စာသင်ကျောင်းများ၌ ဗုဒ္ဓဘာသာ သင်ခန်းစာများသင်ရန်၊ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်ပြဋ္ဌာန်းရန် အိမ်တော်ရာ ၁၄ ခန်းဇရပ်မှာ စုဝေးတောင်းဆိုခဲ့၏။

၅-၂-၅၆ နေ့တွင်လည်း ပြည်တွင်းငြိမ်းချမ်းရေး လူထုဆန္ဒပြပွဲကိုအိမ်တော်ရာ ၁၄ ခန်းဇရပ်မှာ ကျင်းပခဲ့သည်။

၂၆-၃-၅၆ နေ့တွင် ပါဠိတက္ကသိုလ်စာမေးပွဲနှင့် ပတ်သက်၍ အိမ်တော်ရာ ၁၄ ခန်းဇရပ်တွင် ရဟန်းသံဃာတော်များစုဝေးညှိနှိုင်းခဲ့သည်။

၂၇-၃-၅၆ နေ့တွင် ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနားကို မြို့လူထုကအိမ်တော်ရာ ၁၄ ခန်းဇရပ်တွင် ကျင်းပခဲ့သည်။

၃၁-၃-၅၆ နေ့က မန္တလေး လေးပြင်လေးရပ်ရှိ ဆရာတော်ကြီးများကို ပင့်ဖိတ်ပြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ပြည်တွင်းငြိမ်းချမ်းရေး ဆန္ဒပြပွဲကြီး အိမ်တော်ရာ ၁၄ ခန်းဇရပ်မှာ ကျင်းပသည်။

၁၃၁၈ ခုနှစ် တပေါင်းလဆန်း ၁၃၊ ၁၄၊ ၁၅ ရက်နေ့များမှာလည်း ပြည်ထောင်စု မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းထိုင် ဆရာတော်များအဖွဲ့ချုပ်ကြီး၏အစည်းအဝေးကြီးကို တစ်ပြည်လုံးမှ ကိုယ်စားလှယ်သံဃာတော်အပါး ၆၀၀၊ မန္တလေးမှ သံဃာတော်အပါး ၂၀၀၀ နှင့်အတူ အိမ်တော်ရာ ၁၄ ခန်းဇရပ်၌ ကျင်းပခဲ့သည်။

၁၇-၇-၅၇ နေ့မှာ အဖွဲ့ပေါင်း ၁၂၀၊ လူထုပရိသတ် ၅၀၀၀ ကျော်ဖြင့် (၁၀)ကြိမ်မြောက် အာဇာနည်နေ့ကို အိမ်တော်ရာ ၁၄ ခန်းဇရပ်၌ ကျင်းပခဲ့သည်။

၈-၁-၅၇ နေ့ကလည်း မန္တလေးရဟန်းသံဃာများက ဘာသာရေးပဋိပက္ခများဖြစ်ပွားစေမည့် အခြားဘာသာများ၏ ကဇာတ်ပြဇာတ်များအား တားဆီးပေးရန် အစိုးရသို့ တောင်းဆိုသောအစည်းအဝေးကို အိမ်တော်ရာ ၁၄ ခန်းဇရပ်မှာ ကျင်းပခဲ့သည်။

၂၃-၁-၅၉ နေ့က တည်မြဲ ဖ. ဆ. ပ. လ ဌာနချုပ်ခေါင်းဆောင်ဦးဘဆွေ၊ ဦးကျော်ငြိမ်း၊ ဦးစံထားဆင်နှင့် ဗလမစ မှ ဒေါ်စိန်ပုတို့က အိမ်တော်ရာ ၁၄ ခန်းဇရပ်တွင် လူထုအစည်းအဝေးပွဲပြုလုပ်ခဲ့သည်။

၁-၃-၆၁ (၁၃၂၂)ခု တပေါင်းလပြည့်ကျော် ၂ ရက် ကြာသပတေးနေ့နံနက် ၁၁ နာရီ၌ တရုတ်ဖြူကျူးကျော်မှု တိုက်ထုတ်ရေးနှင့်အမေရိကန်နယ်ချဲ့ဆန့်ကျင်ရေး လူထုအစည်းအဝေးကို အိမ်တော်ရာ ၁၄ ခန်း၌ ကျင်းပခဲ့သည်။

၂၇-၃-၆၁ နေ့ နံနက် ၇ နာရီခွဲက (၁၆)ကြိမ်မြောက် တော်လှန်ရေးနေ့အခမ်းအနားကို အိမ်တော်ရာ ၁၄ ခန်းဇရပ်၌ ကျင်းပခဲ့၏။

ဤစာမျက်နှာများကား ၁၉၆၂ ခုနှစ်၏ ဟိုဘက်ပိုင်း အိမ်တော်ရာ ၁၄ ခန်း ဇရပ်၏ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေးများ၌ အရေးပါခဲ့ပုံ အခန်းကဏ္ဍများဖြစ်သည်။ ကျွန်တော်တို့ မှတ်မိသော ၁၉၆၂ ခုနှစ်သည်ဘက်ပိုင်းကာလများမှာတော့ နှစ်စဉ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်သော အာဇာနည်နေ့အခမ်းအနားများကို အိမ်တော်ရာ ၁၄ ခန်း ဇရပ်မှာပဲ ကျင်းပခဲ့၏။ လူထုလူတန်းစားအဖွဲ့အစည်းများ၊ ကျောင်းသူ ကျောင်းသားများက ၁၄ ခန်း ဇရပ်တွင် စုဝေးပန်းခွေချကာ ကျဆုံးချိန်တွင် အသင့်နေရာယူထားသော မီးသတ်ယာဉ်မှ အချက်ပေးဥဩသံပေးလျှင် အလေးပြုကြသည်။ ထိုအချိန်တွင် အနီးရှိဂျစ်ကားတစ်စီးပေါ်တွင် တင်ထားသော အသံချဲ့စက်က ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်မိန့်ခွန်းများကို ဖွင့်ထားပေး၏။

အိမ်တော်ရာ ၁၄ ခန်း ဇရပ်တွင် အာဇာနည်နေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ရာ ၁၉၈၀ ပြည့်လွန်



***စာမျက်နှာ ၁၇ သို့***

*စာမျက်နှာ ၁၆ မှ*

နှစ်များရောက်မှ မြို့တော်ခန်းမ(၁)သို့ ပြောင်းရွှေ့ကျင်းပတော့သည်။ အိမ်တော်ရာ ၁၄ ခန်းဇရပ်အတွင်းမှ အခြားအမှတ်ရဖွယ်တစ်ခုက ဆရာကြီးဦးချစ်မြဲ၏ ဗုဒ္ဓဝင်ပန်းချီကားချပ်များ ဖြစ်ပါသည်။ ဆရာကြီး၏ ဗုဒ္ဓဝင်ကားများက လက်ရာမြောက်အသက်ဝင်လှ၏။ ဘယ်အချိန်ကြည့်ကြည့် စွဲမက်ဖွယ်ချည်းဖြစ်သည်။ မြင်ကွင်းကျယ် ဆေးရောင် ဗုဒ္ဓဝင်ရုပ်ရှင်ကားကြီး ကြည့်နေရသကဲ့သို့ဖြစ်သည်။ အရေးကြီးသည်မှာ ဘုရားကျောင်းကန်ကဲ့သို့ လူအများနှင့် သက်ဆိုင်သည့်နေရာများမှာ ရှေးဟောင်းပန်းချီကားများ ထိန်းသိမ်းရေးပဲဖြစ်ပါသည်။ အတော်များများကတော့ အထိန်းအသိမ်းမတတ်၍ လည်းကောင်း၊ ခိုသိုက်ငှက်သိုက်များကြောင့်လည်းကောင်း ပျက်စီးဆုံးပါးကုန်တာ များလှပါပြီ။

အိမ်တော်ရာ ၁၄ ခန်းဇရပ်ကြီးလည်း အခုတော့ အသစ်ပြန်လည်မွမ်းမံပြင်ဆင်ထားပြန်၏။ ကွန်ကရစ်မုခ်ကြီး ထပ်တိုးထားသည်။ တိုင်များကိုလည်း ကွန်ကရစ်တိုင်များ အစားထိုးထားသည်။ အခုတော့ အိမ်တော်ရာ ၁၄ ခန်းဇရပ်ကြီးမှာ အလှူပွဲကြီးတွေ ကျင်းပဖြစ်နေတာများပါသည်။

အိမ်တော်ရာအနောက်မုခ်ကထွက်တော့ မိကျောင်းတံတား လမ်းပေါ်တွင် အရန်မီးသတ်တပ်ဖွဲ့စခန်းရှိသည်။ လမ်း၏အနောက်ဘက်မှာတော့ အမှိုက်များဖို့ထား၏။ ထိုနေရာမှာ အုတ်ရေအိုးစင်ကလေးနှင့် ညောင်ပင်ကြီးရှိသည်။ ညောင်ပင်ကြီးကလည်း အုတ်ပလ္လင်နှင့်. . .။ သည်ညောင်ပင်ကြီး၏ သက်တမ်းကလည်း ကြာလှပါပကော. . . .။ အုတ်ရေအိုးစင်လေးမှာ ယခင်က ရေအိုးလေးရှိချင်ရှိမည်။ သို့သော် ယခုတော့ ဘာမှမရှိတော့. . .။ ကျွန်တော်တို့ မှတ်မိသောအချိန်က ဤနေရာသည် ကွင်းကျယ်တစ်ခုဖြစ်၍ ဘောလုံးကစားကြသည်။ မိကျောင်းတံတားကွင်းဟုခေါ်ကြသည်။ ကွင်းကတော့ အကျယ်အဝန်းအရရော. . . မြေအနေအထားအရရော ကွင်းကောင်းမဟုတ်။ ထို့ပြင် အမှိုက်များလာပစ်ကြသလို အနီးအနားတွင် ထင်းရှူးသေတ္တာလုပ်ငန်းများလည်းရှိလေတော့ ရွှေဘော်စာတွေထဲက သံတိုသံစတွေပါလာကာ ဘောလုံးကစားသူတွေ မကြာခဏထိခိုက်မိကြသည်။

တစ်ခါကတော့ ဘောလုံးကစားသူတစ်ဦး ဘောလုံးကစားရင်း သံစူးတော့ အနီးအနားမှာရှိသည့် မြင်းချေးများနှင့် သိပ်လိုက်သည်။ ဘာခံနိုင်မလဲ. . .။ ထိုသူလည်း မေးခိုင်ရောဂါပိုးဝင်ပြီး ဆုံးပါလေရော။ ထိုအခါ ငယ်ငယ်ရွယ်ရွယ်နှင့်သေဆုံးသူ ဘောလုံးသမားလေးက မကျွတ်တဲ့အနားကညောင်ပင်ကြီးမှာ ကပ်နေသည်ဆိုသောအခါ ညအချိန်တွင် ထိုနေရာသို့ ဘယ်သူမှမဖြတ်ရဲကြတော့။

တကယ်တော့ ကျွန်တော်တို့ငယ်ငယ်က မိကျောင်းတံတားလမ်းသည်ယခုလိုမဟုတ်။ လူသူအသွားအလာနည်းလှ၏။ ညဆိုလျှင် ဖြတ်သန်းသူမရှိ။ အထူးသဖြင့်အိမ်တော်ရာအနောက်ပေါက်နှင့် ဘုန်းကြီးကျောင်းကြီးများကြား မိကျောင်းတံတားလမ်းက အဆိုးဆုံးဖြစ်သည်။ အခုတော့ ထိုနေရာများကား ဘယ်အချိန်သွားကြည့်ကြည့်လူသူမပြတ်မလပ်. . .။

ကုန်တင်ကားကြီးတချို့က ညောင်ပင်ကြီးနားကွက်လပ်မှာရပ်ပြီး ကားချင်းနောက်ပြန်ဆက်ကာကုန်ဖလှယ်ကြသည်။ ကုန်ချကြသည်။ ညောင်ပင်ကြီးနှင့် မိုးကောင်းတိုက်ပေါက်ကြားတွင်လည်း သံယာ့ဒါနဆေးပေးခန်းတစ်ခန်းရှိနေသည်။ ၄င်းနှင့်မျက်နှာချင်းဆိုင်တွင်လည်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိနေပြီ။ မပြောင်းလဲသည်ကတော့ သည်လမ်းမှာ ယခင်ကလိုပဲ ဖုန်တွေတသောသော ထူနေခြင်းပင်ဖြစ်၏။ အရင်က အသွားအလာနည်းတော့သိပ်မသိသာ။ မြစ်ဆိပ်ကတက်လာသည့် ပဲစိမ်းစားဥ နွားလှည်းတန်းကြီးနှင့်ဆုံသည့်အခါမျိုးသာ ဖုန်ထတတ်သည်။ အခုတော့ ယာဉ်ပေါင်းစုံအသွားအလာမပြတ်တော့ ဖုန်လုံးတွေကလည်း အမြဲတမ်းဝေ့တက်. . .။

တကယ်တော့ကျွန်တော်တို့သည် ၂၆ ဘီလမ်းမှ ဝွေးချိုတိုက်ရောက်လျှင် တောင်ဘက်သို့ချိုးလာကတည်းက မိကျောင်းတံတားလမ်းဟုခေါ်ခဲ့ကြသော်လည်း မိကျောင်းတံတားစစ်စစ်ကတော့မူ အိမ်တော်ရာဘုရားအနောက်တောင်ထောင့်သို့ မိုးကောင်းတိုက်အဆုံးနှင့်မီးလင်းတိုက်အစတို့ဆုံသည့်နေရာမှစတင်သည့် အုတ်တံတားကြီးပင် ဖြစ်တော့၏။

သည်နေရာကအုတ်တံတားကြီး၏မြောက်ဘက် အစွန်ဆုံးအဝင်ပေါက်ဖြစ်သည်။ တံတားတစ်ဖက်တစ်ချက်တွင် မိကျောင်းရုပ်ကြီးနှစ်ကောင်နှင့်မိကျောင်းမေးအောက်မှာ ရေသူမရုပ်နှစ်ရုပ်က ငုတ်တုတ်ထိုင်လျက်။ ထိုနေရာကမှ မိကျောင်းတံတား၏အစ ဖြစ်ချေတော့သည်။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# လယ်ယာသုံးစက်များဖြင့် ခြွေလှေ့ရိတ်သိမ်း

**မိုးညှင်း နိုဝင်ဘာ ၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ဝင်းမှည့်စပါးများ မိုးလွတ်ရန်ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းနေကြပြီဖြစ်ကြောင်း သိရသည်။ "အခုလို စိုင်းပြင်းရိတ်သိမ်းရတာက စပါးကောင်း ဆန်ကောင်းရဖို့ဖြစ်ပါတယ်။ ဒီနှစ်မှာလည်း ဆင်းဧကရီ-၃ စပါးအထွက်နှုန်း တစ်ဧက တင်း ၁၀၀ အထက် ထွက်ရှိနေပါတယ်"ဟု သာယာကုန်းကျေးရွာ တောင်သူတစ်ဦးက ပြောပြသည်။ **(ဝဇိ၃)**

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ**
**မြန်မာ့အလင်းတွင် ကြော်ငြာပါ**

# ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်



**ဘိုကလေး နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ (၁၀)ရပ်ကွက် အထက(၃) ကျောင်းဆောင်သစ်လွှဲပြောင်း ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးအေးမြင့်မောင်၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်း၊ အငြိမ်းစားဆရာကြီးနှင့် ဆရာမကြီးများ ကျောင်းသားကျောင်းသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **မြင့်လွင်(ဘိုကလေး)**

# အကြိမ်(၃၀)မြောက် ပုလဲရတု စာရေးတံမဲသပိတ်လုံး ဆွမ်းလောင်းလှူပွဲကျင်းပ

**ညောင်တုန်း နိုဝင်ဘာ ၃**

ညောင်တုန်းမြို့ အမှတ်(၄)ရပ်ကွက် သဟပုညကာရီဆွမ်းလောင်းအသင်းက ကြီးမှူးကျင်းပသော အကြိမ်(၃၀)မြောက် စာရေးတံမဲသပိတ်ဆွမ်းလောင်းလှူပွဲကြီးကို ညောင်တုန်းမြို့အမှတ် (၄) ရပ်ကွက် လမ်းမတော်တစ်လျှောက်၌ နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ကျင်းပမည့် စာရေးတံမဲသပိတ်လုံး ဆွမ်းလောင်းလှူပွဲကြီးသို့ သံဃာတော် ၆၈၂ပါး၊ သီလရှင် ၇၁ ပါး စုစုပေါင်း ၇၅၃ ပါးကြွရောက်အလှူခံကြမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် စာရေးတံမဲသပိတ်လုံးဆွမ်း၊ ဆွမ်းဟင်းလျာများနှင့်အတူ စာရေးတံမဲပစ္စည်းများ၊ မြသပိတ်အလှူငွေများ၊ ပဒေသာပင်အလှူများ၊ ဝေယျာဝစ္စအလှူငွေများ လှူဒါန်းနိုင်ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် စုပေါင်းအမှိုက်ကောက်

**လှိုင်ကော် နိုဝင်ဘာ ၃**

ကယားပြည်နယ် လှိုင်ကော်မြို့ ကယန်းသာယာ(တောင်)ရွာရှိ ဘုရားရှိခိုးကျောင်း၌ နိုဝင်ဘာ ၁ ရက်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ကယားပြည်နယ်တာဝန်ခံ ဦးမော်မော်ကို၊ ရှေ့ဦးစွာ ဦးမော်မော်ကိုက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာများကို ဒေသခံပြည်သူများသို့ အသိပညာပေးခြင်းအား ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောသည်။

အခမ်းအနားအပြီးတွင် နံနက် ၁၀ နာရီခွဲအချိန်၌ ကယန်းသာယာ(တောင်)ရွာရှိ ထီရိသဘာဝရေထွက်ဧရိယာအနီးတစ်ဝိုက် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန် အမှိုက်ကောက်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုစိုင်း(လှိုင်ကော်)**



# မသန်စွမ်းသူများမဲပေးနိုင်ရေး အလုပ်ရုံဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၃**

မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှကြီးမှူး၍ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မသန်စွမ်းသူများ မဲပေးနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁ ရက်က မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၅ လမ်းရှိ ဒင်္ဂါဟိုတယ် ခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများတက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များ၊ မသန်စွမ်းသူမဲဆန္ဒရှင်များ၏ လက်ရှိအခြေအနေ၊ မသန်စွမ်းမှု အမျိုးအစားအလိုက် ဆန္ဒမဲပေးရာတွင် လိုအပ်သည့်အချက်များ၊ မသန်စွမ်းမဲဆန္ဒရှင်များအတွက် ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းစဉ်များကိုတင်ပြရာ တက်ရောက်လာသောအဖွဲ့အစည်းများက အကြံပြုဆွေးနွေးကြသည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်းထုတ်ပြန်ချက်အရ လူဦးရေ၏ ၂ ဒသမ ၃ သန်းခန့်မှာ မသန်စွမ်းသူများဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အမြင်အာရုံမသန်စွမ်းသူ၊ အကြားအာရုံမသန်စွမ်းသူ၊ ဉာဏ်ရည်မသန်စွမ်းသူ၊ မသန်စွမ်းမှုပြင်းထန်သူ မဲဆန္ဒရှင်များ အဆင်ပြေလွယ်ကူစွာ မဲပေးနိုင်ရေးအတွက် တူညီသည့် မဲရုံရှိ မဲစာရင်းတွင် အမည်စာရင်းပါဝင်နေသူတစ်ဦးအား အကူအဖြစ်ရွေးချယ်၍ မဲရုံသို့ ခေါ်ဆောင်သွားခွင့်ပြုထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ပုသိမ်၌ ဆယ်အိမ်မှူး ခေါင်းဆောင်မွမ်းမံသင်တန်းဖွင့်

**ပုသိမ် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး၌ နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက ဆယ်အိမ်မှူး ခေါင်းဆောင်မွမ်းမံသင်တန်း ဖွင့်ပွဲကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်မြို့နယ်ခွဲများသို့ သားဖွားခန်းသုံးဆေးပစ္စည်း၊ ဗလာစာအုပ်၊ အဝတ်အထည်၊ ဆေးစိမ်ခြင်ထောင်နှင့် ထောက်ပံ့ငွေကျပ် ၆၆ သိန်းတို့ကို ပေးအပ်ခဲ့သည်။

ဆယ်အိမ်မှူး ခေါင်းဆောင်မွမ်းမံသင်တန်းတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာမို့မို့ဝင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနအိမ်တွင်းမှု သင်တန်းကျောင်းအုပ်ကြီး ဒေါ်ဆွေဆွေဝင်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်သန်းသန်းဝင်းတို့က သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အဘိုးအဘွားတို့ကွန်းခိုရာဗိမာန်များ တိုးချဲ့တည်ဆောက်ပြုပြင်ထိန်းသိမ်းကြပါစို့

အောင်ဝင်း(ဖျာပုံ)



ဖျာပုံမြို့ ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာ အဘိုးဆောင် (ဗလဆောင်)သစ်။

**"ယော ဘိက္ခဝေ၊ မံ ဉပဋ္ဌဟေယျ၊ သော ဂီလာနံ ဉပဋ္ဌဟေယျ"**

**ယော-အကြင်ရဟန်းသည်။ မံ-ငါဘုရားကို။ ဉပဋ္ဌဟေယျ-လုပ်ကျွေးပြုြဗားအံ့။သော- ထိုရဟန်းသည်။ ဂီလာနံ-သူအိုသူနာတို့ကို။ ဉပဋ္ဌဟေယျ-လုပ်ကျွေးပြုစုရာ၏။(ဝိနည်းမဟာပါဠိတော်)။**

မြတ်ဗုဒ္ဓ၏ ပညတ်တော်နှင့်အညီ မြန်မာ့သမိုင်းတွင် သူအိုသူနာတို့ကို ပြုစုစောင့်ရှောက်ခြင်းကို ထာဝရကုသိုလ်အဖြစ် ရှေးမင်းများ အဆက်ဆက်မှ ယနေ့တိုင် အနယ်နယ်အရပ်ရပ်တွင် ဆောင်ရွက်လျက်ရှိကြသကဲ့သို့ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင်လည်း မြန်မာ့သမိုင်းအစဉ်အလာနှင့်အညီ ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာကို ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှစကာ ဘုရားဝတ်ပြုဆောင်နှင့် အဘိုးအဘွားတို့ စနစ်တကျနေထိုင်နိုင်ရန် အာယုဆောင်၊ ဝဏ္ဏဆောင်၊ ဗလဆောင်၊ သုခဆောင်တို့နှင့်စားသောက်နိုင်ရန် ရသာဆောင် စသည့်အဆောင်တို့အပြင် ရုံးခန်းနှင့်ဆေးခန်းတို့ကို ဘဝနတ်ထံ ပျံလွန်တော်မူပြီးဖြစ်သည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရဆရာတော် ဘဒ္ဒန္တစန္ဒောဘာသက နိပရဟိတ မထေရ်မြတ်ကိုယ်တော်တိုင်ကြီးမှူးပြီး စေတနာရှင်များ၏ထည့်ဝင်လှူဒါန်းမှုတို့ဖြင့် ဘိုးဘွားရိပ်သာဉက္ကဋ္ဌ ဦးဘဟိန်း၏ပြောပြမှုအရ သိရသည်။ ထိုအချိန်က ငွေကျပ် ၃၅ သိန်းကျော်အကုန်အကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ဖျာပုံမြို့ ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာတွင် ဒေသဆိုင်ရာ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ဦးဆောင်ဖြည့်ဆည်းပေးမှု ရပ်နီးရပ်ဝေး စေတနာရှင်များ၏ ပါဝင်ကူညီလှူဒါန်းမှုတို့ဖြင့် တစ်နှစ်ထက်တစ်နှစ် အဆောက်အအုံများ ပြင်ဆင်မွမ်းမံ တိုးချဲ့ဆောက်လုပ်မှု၊ ဘိုးဘွားတို့ စားသောက်နေထိုင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အဆင်ပြေစေရေး ဆောင်ရွက်ပေးလျက်ရှိပြီး ယခုအခါ အဘိုး ၁၀ ဦးနှင့် အဘွား ၁၅ ဦးတို့ကို လက်ခံထားရှိ၍ နိစ္စဒါနထာဝရကုသိုလ်အဖြစ် ဆောင်ရွက်ပေးလျက်ရှိနေ ကြသည်။ ထို့အပြင်လက်ရှိ အဘိုး အဘွား ၂၅ ဦးအပြင် ထပ်မံပြီး အဘိုးအဘွား ၂၅ ဦးတိုးပြီး လက်ခံထားရှိရန် စီစဉ်လျက်ရှိကြောင်းနှင့် ဘိုးဘွားရိပ်သာတွင်ဌာနဆိုင်ရာ၊ အသင်းအဖွဲ့များနှင့် စေတနာရှင်များ စုစုပေါင်း လှူဒါန်းငွေကျပ် ရှစ်သိန်းမှကိုးသိန်းခန့် လစဉ်အလှူငွေရရှိလျက်ရှိကြောင်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးမှူး ဒေါ်နီနီဝင်း၏ပြောပြချက်အရ သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ထောက်ပံ့ငွေ ကျပ် ၁၆၇၉၀၀၀ ရရှိခဲ့ပြီး ငွေပဒေသာပင်စိုက်ထူထားခဲ့ရာ ယခုအခါငွေကျပ် ၄၀၆၇၀၀၀ ရှိပြီဖြစ်ကြောင်း၊ အဘိုးအဘွားတို့အား အသက် ၇၀ မှစတင်လက်ခံခဲ့ပြီး အဘိုးအဘွား ၂၅ ဦးအနက် အဘွား ဒေါ်ဖွားသင်မှာ အသက် ၁၀၂ နှစ်ရှိပြီဖြစ်၍ နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုထောက်ပံ့ငွေရရှိခဲ့ကြောင်း၊ အဘိုးအဘွားတို့ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် တစ်ပတ်တစ်ကြိမ် မြို့နယ်ကျန်းမာရေးဌာနနှင့် တိုင်းရင်းဆေးအဖွဲ့တို့က ကျန်းမာရေးစစ်ဆေးမှုနှင့် လိုအပ်သည့်ကုသမှုတို့ကိုဆောင်ရွက်ပေးလျက်ရှိကြောင်း ဘိုးဘွားရိပ်သာကော်မတီအတွင်းရေးမှူး ဦးသိန်းလှိုင်က ပြောပြသည်။

အဘိုးများအဆောင်ဟောင်းဗလဆောင်မှာ ၂၀၀၈ ခုနှစ်က တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် ပြိုကျပျက်စီးခဲ့သည့်အတွက် ခိုင်ခံ့ခေတ်မီသည့် အဘိုးများအဆောင်သစ်(ဗလဆောင်)ကို နိုဝင်ဘာလ ၅ ရက်နေ့က တည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့ရာ အောက်တိုဘာလ ၃၁ ရက်နေ့က အလျားပေ ၁၀၀၊ အနံ ၃၁ ပေ၊ လက်ခံတိုင် အမြင့် ၁၂ ပေရှိ အာရ်စီတစ်ထပ် ကြွေပြားကပ်ပြီး ငွေကျပ် ၅၂၈၀၀၀၀၀ စုပေါင်းထည့်ဝင်ဆောက်လုပ်ခဲ့သည့် အဘိုးများနေထိုင်ရန် ဗလဆောင်အသစ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

သစ်ပင်တို့သည် ငှက်တို့၏ ကွန်းခိုရာ ဗိမာန်ဖြစ်ကုန်၏။ မြစ်ချောင်းအင်းအိုင်တို့သည် ရေသတ္တဝါတို့၏ကွန်းခိုရာဗိမာန် ဖြစ်ကုန်၏။ ဘိုးဘွားရိပ်သာတို့သည် အိုမင်းမစွမ်းဖြစ်နေကြသော အဘိုးအဘွားတို့၏ကွန်းခိုရာဗိမာန်ဖြစ်ကုန်၏။ မြတ်ဗုဒ္ဓ၏ ပညတ်တော်နှင့်ညီပြီး မြန်မာ့သမိုင်းအစဉ်အလာနှင့်ယဉ်ကျေးမှုကိုလည်း မြှင့်တင်ထိန်းသိမ်းရာရောက်အောင် အဘိုးအဘွားတို့ ကွန်းခိုရာ ဗိမာန်များကို တိုးချဲ့တည်ဆောက်ပြုပြင်ထိန်းသိမ်းသွားကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။



## ရွှေမှော်ဝန်း လူမှုယဉ်ကျေးမှုကူညီရေးအဖွဲ့က စတုတ္ထအကြိမ်မြောက် ကျေးရွာအရောက်ဆေးကုသပေး

**ကျောက်တန်း နိုဝင်ဘာ ၃**

စတုတ္ထအကြိမ်မြောက် ကျောက်တန်းမြို့ ရွှေမှော်ဝန်းလူမှုယဉ်ကျေးမှုကူညီရေးအဖွဲ့၏ ဆေးဝါးကုသမှုနှင့် ဆေးလှူဒါန်းပွဲကို နိုဝင်ဘာ ၁ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကန်ပြောင်ကျေးရွာ အရှေ့ကျောင်းတိုက် ဘုန်းတော်ကြီးကျောင်းအတွင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမဲ့ ဆေးဝါးကုသမှုနှင့် ဆေးလှူဒါန်းပွဲသို့ ရန်ကုန်မြို့မှ သမားတော်ကြီးများဖြစ်ကြသော ဒေါက်တာ မြသိန်းဟန် (ပါမောက္ခ ခွဲစိတ်အထူးကု)၊ ဒေါက်တာသိန်းအောင်(ပါမောက္ခ ကလေးအထူးကု)၊ ဒေါက်တာ ဒေါ်ရီရီဝင်း(အထွေထွေအထူးကု)စသည့် ဆရာဝန်ကြီးများနှင့် သူနာပြုအုပ်၊ သူနာပြုအကူများ၊ မျက်မှန်နှင့် ခေတ်ခွဲကျွမ်းကျင်သူများက ကုသပေးကြပြီး ရွှေမှော်ဝန်းအဖွဲ့က ဆေးဝါးနှင့်မျက်မှန်များအခမဲ့ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) စိုးဝင်း(ကျောက်တန်း)**

## ရွှေကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

**ကျောက်မဲ နိုဝင်ဘာ ၃**

ရှမ်းပြည်နယ် ကျောက်မဲခရိုင် ကျောက်မဲမြို့၌ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁ ရက်က ခရိုင်ကော်မရှင်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် အမှာစကားပြောကြားပြီး ခရိုင်ကော်မရှင်အရာရှိ ဦးကျော်ကျော်က မဲရုံ၏အခြေအနေနှင့် လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများ၊ စောင့်ကြည့်ရေးအဖွဲ့များ၏ အခြေအနေများ၊ သတင်းမီဒီယာများနှင့် မဲပေးသူတို့၏ အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဉက္ကဋ္ဌ ဦးထွန်းဝင်းက ရွေးကောက်ပွဲတွင် တွေ့ကြုံနိုင်သော အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်ရမည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်အောင်**

## ကောလင်းမြို့နယ်တွင် လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်

**ကောလင်း နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်း ဒေသကြီး ကောလင်းမြို့နယ်တွင် ရေကြီးမှုများကြောင့် ကောလင်း- ချပ်သင်း- ကျွန်းလှလမ်းတစ်လျှောက် ပျက်စီးမှုများရှိခဲ့ရာ တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် လမ်းဦးစီးဌာနက အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ မိုင်တိုင် (၃၅/၆) မှ မိုင်တိုင် ၃၈ ထိ နှစ်မိုင် နှစ်ဖာလုံကို ငွေကျပ် ၃၇၈ ဒသမ ၃၉၁ သန်း အကုန်အကျခံ၍ ကတ္တရာလမ်းခင်းခြင်း၊ ဂျင်း မြေလမ်းပခုံးသားကြိတ်ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁ ရက်က ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။

လမ်းဦးစီးဌာနမှ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် မိုင်တိုင် (၃၃/၇) မှ ၃၄ အထိ ဒေါင်းမြူးချောင်း တံတားအနီး ချောင်းကွေ့နေရာတွင် ကျောက်စီကမ်းကပ်ခုံနှင့် နှစ်လွှာတစ်ထပ်ပေ ၆၀ ဘေလီတံတားတည်ဆောက်ခြင်းကို ငွေကျပ်သန်း ၂၉ ဒသမ ၇၅၀ အကုန်အကျခံ၍ လည်းကောင်း၊ ရေတိုက်စားခဲ့သော နေရာများကို ပေ ၄၀ အကျယ် မြေသားတာပေါင်တင်ခြင်းနှင့် ကျောက်ခင်းခြင်း လုပ်ငန်းကို ငွေကျပ်သန်း ၂၂ ဒသမ ၂၀၀ အကုန်အကျခံ၍ လည်းကောင်း၊ မိုင်တိုင် ၁၈ မှ (၁၉/၁) အထိ တစ်မိုင်တစ်ဖာလုံ ၁၈ ပေအကျယ်ကတ္တရာခင်းခြင်းကို ငွေကျပ် ၁၇၈ သန်း အကုန်အကျခံ၍ လည်းကောင်း အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်မှုပြီးစီးပါက ကောလင်း၊ ကန့်ဘလူ၊ ကျွန်းလှ သုံးမြို့နယ်ရှိ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုညိမ်း(ကောလင်း)**

## ဘီးလင်းမြို့နယ်၌ ကျေးလက်ရေပေးရေး လုပ်ငန်းများ ဆောင်ရွက်

**ဘီးလင်း နိုဝင်ဘာ ၃**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ဒုတိယဦးစီးမှူး ဦးသိန်းဝင်းနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဇော်ဝင်း**

**ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်မှန်ပေးဆောင်စို့**

# အနိုင်သေချာဦးမယ့် ဒေါ့မွန်၊ ခြေကုန်ဖွင့်ရမယ့် နာပိုလီတို့ရဲ့ ယူရိုပါလိဂ်ပွဲစဉ်(၄)

မိုးမြင့်လင်းလက်

ယူရိုပါလိဂ်အုပ်စုပွဲစဉ်(၄)ကို နိုဝင်ဘာ ၅ ရက်နဲ့ ၆ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ပြည်တွင်းလိဂ် ထိပ်တန်းအသင်းတွေအတွက် အရေးကြီးတဲ့ အဆုံးအဖြတ်ပွဲတွေဖြစ်တာမို့ အသင်းအားလုံး အစွမ်းကုန် ကြိုးစားကြမယ့် မြင်ကွင်းကို စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပွဲတွေအပြီးမှာ ဆက်တိုက်ကစားမယ့် ပွဲစဉ်တွေကြောင့် ဒီတစ်ပတ်လုံး ပရိသတ်တွေ ရင်ခုန်သံမြန်စေမယ့် အချိန်ကာလတွေပဲ ဖြစ်ပါတယ်။



**ဒေါ့မွန်နှင့် ကာဘာလာ**

အုပ်စု(C)မှာ ဒေါ့မွန်က သုံးပွဲကစားပြီး ခုနစ်မှတ်နဲ့ ထိပ်ဆုံးမှာ ဦးဆောင်နေပါတယ်။ အဇာဘိုင်ဂျန်ကလပ် ကာဘာလာတို့ကတော့ တစ်မှတ်သာရရှိထားလို့ မျှော်လင့်ချက်ထားလို့ မရတော့တဲ့ အနေအထားပါ။ ဒေါ့မွန်ဟာ ပွဲပန်းနေပေမယ့် အိမ်ကွင်းဖြစ်တာမို့ ရမှတ်အပြည့် ယူပါလိမ့်မယ်။ ပထမအကျော့မှာ ဒေါ့မွန်က သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူထားခဲ့တာမို့ အခုပွဲမှာလည်း ဒေါ့မွန်အတွက် အနိုင်သေချာမယ့်ပွဲပါပဲ။

**နာပိုလီနှင့် မစ်ဂျေလန်း**

အုပ်စု(D)မှာ နာပိုလီက သုံးပွဲကစား၊ ကိုးမှတ်ရရှိနေပြီး ထိပ်ဆုံးက ရပ်တည်နေသလို ဒိန်းမတ်ကလပ် မစ်ဂျေလန်းတို့ကလည်း ခြောက်မှတ်နဲ့ ဒုတိယနေရာမှာ ရှိနေပါတယ်။ တိုက်စစ်ထက်မြက်ပြီး ခံစစ်လုံခြုံတဲ့ နာပိုလီကိုတော့ အဝေးကွင်းမှာ မစ်ဂျေလန်းတို့ မလွယ်ပါဘူး။ ပထမအကျော့ မစ်ဂျေလန်းကွင်းမှာ နာပိုလီက လေးဂိုး-တစ်ဂိုးနဲ့ နိုင်ထားတာမို့ အခုပွဲ နာပိုလီကွင်းမှာ အိမ်ရှင်တို့ပဲ ဂိုးပြတ်သွင်းနိုင်ပွဲဆက်ဦးမှာပါ။

**မာဆေးနှင့် ဘရာဂါ**

ပြင်သစ်လီဂူး-၁ မှာတော့ မာဆေးရဲ့ ခြေစွမ်းက အားရစရာမရှိပါဘူး။ အခု အုပ်စု(E)မှာလည်း သုံးပွဲကစား သုံးမှတ်သာရရှိထားတဲ့မာဆေးဟာ အိမ်ကွင်းမှာ ကစားရပေမယ့် ဘရာဂါကို ခက်ခဲစွာ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ပေါ်တူဂီကလပ် ဘရာဂါတို့ကတော့ သုံးပွဲကစားပြီး ကိုးမှတ်နဲ့ ထိပ်ဆုံးမှာ ဦးဆောင်နေပါတယ်။ ခံစစ်ပိုင်း ကောင်းမွန်ပြီး အနိုင်ရအောင် အားထုတ်တတ်တဲ့ ဘရာဂါ ကစားသမားတွေနဲ့အတူ အားပေးပြီး အောင်ပွဲခံလိုက်တာ အကောင်းဆုံးပါပဲ။

**အိုင်းယက်နှင့် ဖီနာဘာချီ**

အုပ်စု(A)မှာ အိုင်းယက်တို့က သုံးပွဲကစားပြီး နှစ်မှတ်သာရရှိထားသလို ဖီနာဘာချီတို့ကလည်း လေးမှတ်သာ ရရှိထားပါတယ်။ ဟော်လန်ကလပ် အိုင်းယက်ဟာ ပြည်တွင်းလိဂ်မှာတော့ ခြေစွာနေတဲ့အသင်းဖြစ်ပြီး တန်းစီဇယားကို ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ တူရကီကလပ် ဖီနာဘာချီတို့ကတော့ ပထမအကျော့မှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားတာမို့ အခုပွဲ အဝေးကွင်းမှာ မလွယ်ပါဘူး။ အိမ်ရှင်အိုင်းယက်တို့ရဲ့ ပွဲလို့ သတ်မှတ်ရမှာပါ။

**စပါတာဂရပ်ဂ်နှင့် ရော့်လ်ကေး**

ချက်ကလပ် စပါတာဂရပ်ဂ်နဲ့ ဘွန်ဒက်စ်လီဂါကလပ် ရော့်လ်ကေးတို့က ခြေစွမ်းတူညီနေတဲ့အသင်းတွေဖြစ်ပြီး ပထမအကျော့မှာ နှစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ အခုပွဲကတော့ပွဲကောင်းဖြစ်ပါတယ်။ အုပ်စု(K)မှာ ရော့်လ်ကေးက သုံးပွဲကစား ခုနစ်မှတ်ရရှိနေပြီး စပါတာဂရပ်ဂ်တို့က ငါးမှတ်ရရှိထားပါတယ်။ ရော့်လ်ကေးတို့က တိုက်စစ်ရော ခံစစ်ပါ အကောင်းဆုံး အနေအထားဖြစ်နေတာမို့ အခုပွဲမှာတော့ ရော့်လ်ကေးတို့ကိုပဲ ရွေးပြီးအားပေးရမှာဖြစ်ပါတယ်။

**ပေါ့ဇ်နန်နှင့် ဖီအိုရင်တီးနား**

အုပ်စု(I)မှာ ပိုလန်ကလပ် ပေါ့ဇ်နန်တို့ သုံးပွဲကစားပြီး လေးမှတ်ရရှိထားသလို ဖီအိုရင်တီးနားတို့ကလည်း သုံးမှတ်ရထားပါတယ်။ တိုက်စစ်အားကောင်းတဲ့ ဖီအိုရင်တီးနားတို့က ပထမအကျော့မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားတာမို့ အခုပွဲမှာ အနိုင်ရလဒ်ကိုအပြင်းအထန် ဖော်ထုတ်မှာဖြစ်ပါတယ်။ အကြိုက်က ဧည့်သည်တို့ပါပဲ။

**စီယွန်နဲ့ ဘော်ဒိုး**

အုပ်စု(B)မှာ ဆွစ်ဇာလန်ကလပ် စီယွန်က သုံးပွဲကစားပြီး ခုနစ်မှတ်နဲ့ ဦးဆောင်နေပါတယ်။ ဘော်ဒိုးတို့ကတော့ နှစ်မှတ်သာရရှိထားပြီး မျှော်လင့်ချက် နည်းနေပြီဖြစ်ပါတယ်။ ပထမအကျော့မှာ စီယွန်က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားတာမို့ အခုပွဲမှာ စီယွန်တို့ပဲနိုင်ပွဲရပြီး အမှတ်ပြည့်ယူပါလိမ့်မယ်။ ။




## ပြိုင်ပွဲရှုံးနိမ့်မှုထက် ကစားသမားရှုံးနိမ့်မှုက ပိုဆိုးတယ်လို့ မော်ရင်ညိုကဆို

ဘောလုံးပွဲ ဆုံးရှုံးမှုထက် ကစားသမားတွေ ဆုံးရှုံးမှုဟာ အဆိုးဆုံးဖြစ်တယ်လို့ နည်းပြ မော်ရင်ညိုက ပြောဆိုလိုက်ပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ အဓိကကစားသမားတစ်ဦးဖြစ်တဲ့ ဟာဇတ်ဟာလည်း ရီးရဲမက်ဒရစ်ကို ပြောင်းဖို့ ကြိုးစားနေပါတယ်။ လက်ရှိတိုက်စစ်မှူး ကော်စတာရဲ့ ခြေစွမ်းကလည်း ပျောက်ဆုံးနေတဲ့အတွက် ချယ်လ်ဆီးအသင်းအနေနဲ့ ဒီနှစ်ရာသီမှာ ကပ်ဆိုးနဲ့ရင်ဆိုင်နေရတယ်လို့ဆိုပါတယ်။ မော်ရင်ညိုရဲ့ ချယ်လ်ဆီးအသင်းဟာ ယခုနှစ် ပရီမီယာလိဂ် ၁၁ ပွဲမှာ ခြောက်ပွဲရှုံးနိမ့်ထားပါတယ်။ ဒီအတွက် မော်ရင်ညိုဟာ ဖိအားပေးခံနေရပြီး နည်းပြအဖြစ်မှ နုတ်ထွက်ရဖွယ်ရှိနေပါတယ်။ ချယ်လ်ဆီးအသင်းမှာ အဓိက နောက်တန်းကစားသမားတွေဟာလည်း ခြေစွမ်းပျောက်ဆုံးနေတဲ့အတွက် ရှုံးပွဲတွေနဲ့ ရင်ဆိုင်နေရတယ်လို့ နည်းပြမော်ရင်ညိုက ဝန်ခံပြောကြားလိုက်ပါတယ်။

သို့ပေမယ့် နည်းပြ မော်ရင်ညိုကတော့ ပြိုင်ပွဲတွေ ရှုံးနိမ့်တာထက် ကစားသမားတွေရဲ့ ရှုံးနိမ့်မှုကပို၍ ဆိုးတယ်လို့ ပြောဆိုလိုက်ပါတယ်။ ယခုနှစ်ရာသီမှာ ချယ်လ်ဆီးအသင်းရဲ့ ကစားသမားတွေဟာ ခြေစွမ်းတွေ သိသိသာသာ ပျောက်ဆုံးနေပါတယ်။

## အကောင်းဆုံး မဖြစ်သေးတဲ့ ကော်တင်ဟို

လီဗာပူးမှာ ကော်တင်ဟိုအနေနဲ့ ပြီးခဲ့တဲ့ ချယ်လ်ဆီးနဲ့ ကစားတဲ့ပွဲမှာ အနိုင်ဂိုး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပေမယ့် အကောင်းဆုံး ခြေစွမ်းမဟုတ်သေးဘူးလို့ နည်းပြ ဂျာဂျင်ကလော့က ပြောဆိုလိုက်ပါတယ်။ ကော်တင်ဟိုဟာ ချယ်လ်ဆီးနဲ့ပွဲမှာ အနိုင်ဂိုးနှစ်ဂိုးကို ခြေစွမ်းပြ သွင်းယူပေးခဲ့တာပါ။



သူဟာ ဒေါ့မွန်မှာ ကစားနေတဲ့ ဂေါ့ဇီနဲ့ တူပေမယ့် လိုအပ်ချက်တွေရှိနေသေးတယ်လို့ ဆိုပါတယ်။ ဂျာဂျင်ကလော့ဟာ ပြီးခဲ့တဲ့ ပရီမီယာလိဂ်မှာ သူ့အတွက်တော့ ပထမဆုံး ပရီမီယာလိဂ် နိုင်ပွဲအဖြစ် ချယ်လ်ဆီးကို အနိုင်ယူပြနိုင်ခဲ့ပေမယ့် ကစားသမားတွေရဲ့ ခြေစွမ်းအပေါ် ယုံကြည်မှုအားနည်းနေသေးတယ်လို့ဆိုပါတယ်။ ဂျာဂျင်ကလော့ဟာ ဒေါ့မွန်အသင်းမှာ အောင်မြင်တဲ့ နည်းပြတစ်ဦးဖြစ်ခဲ့ပါတယ်။

လီဗာပူးရဲ့ ကစားသမားတွေဟာ ဥရောပရဲ့ ထိပ်တန်းကလပ်တွေရဲ့ အကောင်းဆုံး ကစားသမားတွေ မဟုတ်ကြသေးပါဘူး။ အကောင်းဆုံး ကစားသမားတွေဖြစ်အောင် ဆက်လက် အားထုတ်ကြဖို့ လိုပါတယ်လို့ နည်းပြဂျာဂျင်ကလော့က ဆိုပါတယ်။

ကောင်းမြတ်သူ
စုစည်းသည်

## အက်စ်တွန်ဗီလာ နည်းပြဖြစ်လာမယ့် ရေမီဂါဒီ

အက်စ်တွန်ဗီလာက နည်းပြ တင်ရှားဝုဒ်ရဲ့နေရာမှာ အစားထိုးဖို့ လိုင်ယွန်နည်းပြဟောင်း ရေမီဂါဒီကို ရွေးချယ်လိုက်ပြီဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံသား ရေမီဂါဒီကို အက်စ်တွန်ဗီလာက သုံးနှစ်ခွဲစာချုပ်မှာ ဖြစ်ပါတယ်။ မကြာမီ ပရီမီယာလိဂ်ပွဲတွေနဲ့အတူ ရေမီဂါဒီကို တွေ့ရတော့မှာဖြစ်ပါတယ်။ အသက် ၄၉ နှစ်အရွယ်ရှိ ရေမီဂါဒီအနေနဲ့ ၁၀ ပွဲ ကစား လေးမှတ်သာရသေးတဲ့ အက်စ်တွန်ဗီလာကို အောက်ခြေအဆင့်ကနေ ကယ်တင်သွားရမှာဖြစ်ပါတယ်။ ဂါဒီဟာ လိုင်ယွန်အသင်းကို ၂၀၁၁ ခုနှစ်မှစပြီး သုံးနှစ်တာကိုင်တွယ်ခဲ့ရာ ပြင်သစ်လီဂူးမှာ လီယွန်အတွက် စတုတ္ထ တတိယနှင့် ပဉ္စမနေရာများရအောင် ဦးဆောင်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်က ဂါဒီဟာ မိသားစုအခြေအနေ အကြောင်းပြချက်နဲ့ လိုင်ယွန်ကနေ ထွက်ခဲ့ပါတယ်။ ဂါဒီဟာ အာစင်ဝင်းဂါး အာဆင်နယ် နည်းပြဖြစ်လာပြီး ပထမဆုံး စာချုပ်ခဲ့တဲ့ ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်ပါတယ်။ သူဟာ အသက် ၃၃ နှစ်အရွယ်မှာ ဘောလုံးကစားခြင်းမှ အနားယူခဲ့ပြီးနောက် လိုင်ယွန်နည်းပြဖြစ်လာခဲ့ပါတယ်။ အာစင်ဝင်းဂါးကတော့ ရေမီဂါဒီဟာ ပရီမီယာလိဂ်မှာ အောင်မြင်တဲ့ နည်းပြဖြစ်လာမယ်လို့ ယုံကြည်ထားတယ်လို့ဆိုပါတယ်။

# ကဏန်းပျော့လုပ်ငန်းရှင်များစုပေါင်း၍ ကဏန်းမျိုးစိုက်ထည့်

**လပွတ္တာ နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ကဏန်းပျော့လုပ်ငန်းရှင်များနှင့် ကဏန်းပျော့မွေးမြူရေးကန်လုပ်ငန်းရှင်များစုပေါင်း၍ ကဏန်းထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရန်အတွက် သဃ်န်းကြီးကျေးရွာအုပ်စု ရွှေမြစ်ဝပင်လယ်ပြင်အတွင်းသို့ အောက်တိုဘာ ၃၁ ရက်က ကဏန်းမျိုးများ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

ကဏန်းမျိုးစိုက်ထည့်ရာတွင် အလေးချိန် ၆၀ နှင့် ၈၀ ကီလိုဂရမ်ရှိ ဥဆောင်ကဏန်းအမ ၃၆၅ ကောင်(တန်ဖိုးကျပ် ၆၆၀၀၀၀ ကျော်)ကိုလည်းကောင်း၊ ၂၀ ကီလိုဂရမ်ကဏန်းကောင်ရေ ၆၄၅၅ ကောင်နှင့် အရွယ်စုံကဏန်း ၂၅၈ ကောင်(တန်ဖိုးကျပ် ၇၇၀၀၀၀ ကျော်)ကိုလည်းကောင်း မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။



လပွတ္တာမြို့နယ်သည် မြန်မာနိုင်ငံတွင် သဘာဝရွံ့ကဏန်း အများဆုံးထုတ်လုပ်သော မြို့နယ်တစ်ခုဖြစ်ပြီး ကဏန်းထောင် ရေလုပ်သားများ၏ စားဝတ်နေရေးကို အဓိက ထောက်ပံ့ပေးလျက်ရှိသည်။ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းများကို ထူထောင်လုပ်ကိုင်လာချိန်တွင် တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်လာနိုင်သဖြင့် နိုင်ငံအတွက် နိုင်ငံခြားသုံးငွေရရှိရန် အထောက်အကူပြုသော လုပ်ငန်းတစ်ခုလည်း ဖြစ်လာသည်။

ကဏန်းမွေးမြူရေးလုပ်ငန်းသည် ကဏန်းပျော့လုပ်ငန်းရှင်များနှင့် လုပ်သားများ၏ ဘဝကို မြှင့်တင်ပေး၍ ဆင်းရဲမှုလျှော့ချပေးနိုင်သော လုပ်ငန်းလည်းဖြစ်ရာ ကဏန်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန် ဧရာဝတီတိုင်းဒေသကြီး အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ဦးဆောင်မှုနှင့် လုပ်ငန်းရှင်များပူးပေါင်း၍ ကဏန်းမျိုးစိုက်ထည့်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပုံမှန်ကဏန်းမျိုးစိုက်ထည့်ခြင်း နှစ်ကြိမ်နှင့် သတ်မှတ်ကဏန်းဆိုက်စစ်ဆေးမျိုးစိုက်ထည့်ခြင်းနှစ်ကြိမ်ကို ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းတန်ဖိုး ကျပ် ၄၅ သိန်းကျော်ဖြစ်ကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ယခုတစ်ကြိမ် ကဏန်းမျိုးစိုက်ထည့်ခြင်းအပါအဝင် ပုံမှန် ကဏန်းမျိုးစိုက်ထည့်ခြင်း ခုနစ်ကြိမ်နှင့် သတ်မှတ်ကဏန်းဆိုက်စစ်ဆေးမျိုးစိုက်ထည့်ခြင်း သုံးကြိမ်ကို ဆောင်ရွက်ခဲ့ပြီး စုစုပေါင်း တန်ဖိုးကျပ် ၂၃၃ သိန်းကျော်ကို မျိုးစိုက်ထည့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

---

## ပြည်နယ်ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဆုများချီးမြှင့်

**မော်လမြိုင် နိုဝင်ဘာ ၃**

မွန်ပြည်နယ် ရေးမြို့မအားကစားကွင်း၌ မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို အောက်တိုဘာ ၃၁ က ကျင်းပခဲ့ပြီး မော်လမြိုင်မြို့နယ်အသင်းနှင့် ကျိုက်ထိုမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

ဗိုလ်လုပွဲတွင် မော်လမြိုင်မြို့နယ်အသင်းက ကျိုက်ထိုမြို့နယ် အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ပြိုင်ပွဲအပြီးတွင် သွင်းဂိုးအများဆုံးအားကစားသမားဆုနှင့် အကောင်းဆုံးအားကစားသမားဆုများကို ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်ကလည်းကောင်း၊ ပူးတွဲ တတိယဆုရရှိသော ရေးမြို့နယ်အသင်းနှင့် မုဒုံမြို့နယ်အသင်းများကို လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးနိုင်လဝီအောင်ကလည်းကောင်း၊ ဒုတိယဆုရရှိသော ကျိုက်ထိုမြို့နယ်အသင်းမှ အသင်းသားတစ်ဦးချင်းဆုများကို ဗမာတိုင်းရင်းသားဝန်ကြီး ဦးသက်ဝင်းကလည်းကောင်း၊ ပထမဆုရရှိသော မော်လမြိုင်မြို့နယ်အသင်းမှ အသင်းသားတစ်ဦးချင်းဆုများကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးကလည်းကောင်း၊ ဒုတိယဆုနှင့် ပထမဆုရရှိသောအသင်းများအား ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်ကလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

---

## ကိုယ့်အားကိုယ်ကိုး မီးလင်းရေးလုပ်ငန်းဖွင့်လှစ်

**ရမည်းသင်း နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပုတီးကုန်းကျေးရွာ၌ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့သော မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်နှင့် ပုတီးကုန်းကျေးရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးချစ်စိန်တို့က ထရန်စဖော်မာသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်က မီးလင်းရေးလုပ်ငန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ခဲ့သည်။

ရမည်းသင်းမြို့နယ်အတွင်း၌ ပုတီးကုန်းကျေးရွာအပြင် မြို့လှ၊ ဝါးရုံတော၊ ပွဲဆည်၊ မကျီးကုန်းနှင့် အင်းပေါင်ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာများ၌လည်း ကိုယ့်အားကိုယ်ကိုး မီးလင်းရေးလုပ်ငန်းများကို ကျေးရွာအလိုက် မီးလင်းရေးကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

---

## အရန်မီးသတ်တပ်ဖွဲ့ဝင် ၈၀၀ ကျော်အတွက် တူညီဝတ်စုံများပေးအပ်

**အုတ်ဖို နိုဝင်ဘာ ၃**

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်အတွင်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများကို မြို့နယ်မီးသတ်ဦးစီးဌာနက နိုဝင်ဘာ၂ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည့် ဝတ်စုံများပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လင်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ် ဦးစီးဌာနမှူးက အရန်မီးသတ်တပ်ဖွဲ့ဝင် ၈၄၉ ဦးအတွက် အကျီ၊ ဘောင်းဘီ၊ ဦးထုပ်၊ ဖိနပ်၊ ခါးပတ်၊ ခြေအိတ်၊ တံဆိပ်များပါဝင်ပြီး တစ်စုံလျှင်တန်ဖိုး ကျပ်တစ်သောင်းရှိ တူညီဝတ်စုံများကို ပေးအပ်ခဲ့သည်။ **အောင်သူ(အုတ်ဖို)**

---

## ပြည်သူများဆန္ဒမဲပေးရာတွင် သတင်း/ဓာတ်ပုံရယူမည့် သတင်းမီဒီယာကျင့်ဝတ်များရှင်းလင်း

**နောင်ချို နိုဝင်ဘာ ၃**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်အတွင်းရှိ ကိုးမြို့နယ်မှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဝန် ထမ်းများအား အထွေထွေရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းများ၊ သတင်းမီဒီယာကျင့်ဝတ်များ ရှင်းလင်းပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်ကေသွယ်ဟန်က ရွေးကောက်ပွဲ သတင်းရယူရေး၊ သတင်းဓာတ်ပုံရိုက်ကူးရေးအတွက် ခရိုင်/မြို့နယ်ဝန်ထမ်းများအနေဖြင့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ သတင်းမီဒီယာကျင့်ဝတ်များ၊ မြန်မာသတင်းမီဒီယာကျင့်ဝတ်များ၊ ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်မှုများကို လိုက်နာဆောင်ရွက်ကြစေရေး၊ ပြည်သူများ လွတ်လပ်စွာ မဲပေးမှုကို မထိခိုက်စေဘဲ သတင်းဓာတ်ပုံရယူရေးအတွက် ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(ဝဇိ)**

---

## ကြံခင်း-ပခုက္ကူရထားလမ်းဖောက်ရာတွင် ပါဝင်ခဲ့သည့် လယ်/ယာမြေများအတွက် လျော်ကြေးငွေများ ပေးအပ်

**ဆိပ်ဖြူ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရာတွင် ပါဝင်ခဲ့သည့် မြေများကို မူလပိုင်ဆိုင်သည့် တောင်သူများထံ မြေယာလျော်ကြေးပေးအပ်မှုကို နိုဝင်ဘာ ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါ လျော်ကြေးငွေပေးအပ်ပွဲသို့ မကွေးတိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသိန်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ ခရိုင်မြေယာစီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်မှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် မြေပိုင်ရှင်တောင်သူများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးက အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးက မြေယာလျော်ကြေးပေးအပ်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြကာ မြန်မာ့မီးရထား ကြံခင်း-ပခုက္ကူရထားလမ်းစီမံကိန်း (မင်းဘူး) လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးဝင်းထွဋ်က မြေယာလျော်ကြေးပေးအပ်ရန် ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြန်မာ့မီးရထားကြံခင်း-ပခုက္ကူ ရထားလမ်းစီမံကိန်း (မင်းဘူး) လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)တို့က မူလမြေပိုင်ရှင်များအား မြေယာလျော်ကြေးငွေများ ပေးအပ်ကြသည်။

ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရာတွင် ကျေးရွာ ၁၅ရွာမှ တောင်သူ ၁၃၇ ဦး ပိုင်ဆိုင်သည့် လယ်မြေ ၂၈ ဒသမ ၄၄ ဧကနှင့် ယာမြေ ၄၇ ဒသမ ၁၃ ဧကအတွက် လျော်ကြေးငွေကျပ် ၁၁၄၉ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

---



## ကျေးရွာချင်းဆက် ကျောက်ချောလမ်းများ ဖောက်လုပ်

**ဖြူး နိုဝင်ဘာ ၃**

နိုင်ငံတော်အစိုးရက ကျေးလက်နေပြည်သူများလူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးစီမံချက်အရ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် EDU ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဖြူးမြို့နယ် ဇေယျဝတီ ကြက်ပေါင်းချောင်း ကျောက်ချော လမ်းခင်းကျင်းဆောင်ရွက်လျက်ရှိနေသည်ကို နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့်အဖွဲ့တို့က လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းသို့ လာရောက်စစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး တိုင်းဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူးတို့၏ ကြီးကြပ်မှုဖြင့် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့် တာဝန်ရှိသူများ၊ EDU ကုမ္ပဏီတာဝန်ရှိသူများက ကျောက်ချောလမ်းခင်းကျင်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။ အဆိုပါလမ်းကို ဩဂုတ် ၈ ရက်မှ စတင်၍ ကျောက်ချောခင်းခြင်းဖြစ်ပြီး အရှည် ၂ မိုင် ၄ ဖာလုံ ၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိ၍ ဖြူးမြို့နယ် ဇေယျဝတီဒေသ ကြက်ပေါင်းချောင်း ကျေးရွာအုပ်စုအတွင်းရှိ ကြက်ပေါင်းချောင်း၊ လေးအိမ်စု၊ စီအိုပူ၊ သဘော်မြောင်၊ ကနက်စီကျေးရွာငါးရွာတို့မှ ကျေးလက်နေပြည်သူများ ဇေယျဝတီမြို့နှင့် ဆက်သွယ်ရေးအထူးကောင်းမွန်လာပြီး လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးလာတော့မည်ဖြစ်ကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**

## ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲပြုလုပ်

**နတ်တလင်း နိုဝင်ဘာ ၃**

နတ်တလင်းမြို့နယ်အတွင်း မြို့နယ်ကြက်ခြေနီ အသင်းခွဲက ဖွင့်လှစ်ခဲ့သော ရှေးဦးပြုစုခြင်းအခြေခံ သင်တန်း(၁/၂၀၁၅)နှင့် (၂/၂၀၁၅) ဆင်းပွဲကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့မ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)ဥက္ကဋ္ဌ ဒေါက်တာရီရီခင်က ရှေးဦးပြုစုခြင်းနှင့်ပတ်သက်သော ပညာရပ်များ၊ ကြက်ခြေနီတပ်ဖွဲ့၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစည်သူနှင့် တာဝန်ရှိသူများက ကြက်ခြေနီအခြေခံမူ ခုနစ်ချက်၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ စတင်ဖြစ်ပေါ်လာပုံ၊ တပ်ဖွဲ့စည်းမျဉ်းစည်းကမ်းများ၊ သဘာဝဘေးကြုံတွေ့ချိန်တွင် ရှေးဦးပြုစုနည်းများကို လက်တွေ့အသုံးချ ကူညီကယ်ဆယ်ခြင်းစသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းဆင်းတပ်ဖွဲ့ဝင် ၇၀ အား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ် ခဲ့ကြသည်။

**တင်မြင့်(နတ်တလင်း)**

## သစ်လွင်သားဖွားဆရာမများ လုပ်ငန်းခွင်မဝင်မီသင်တန်းဖွင့်လှစ်

**လှိုင်ကော် နိုဝင်ဘာ ၃**

သစ်လွင်သားဖွားဆရာမများ လုပ်ငန်းခွင်မဝင်မီ သင်တန်းဖွင့်ပွဲကို လှိုင်ကော်မြို့ မြို့နယ်ကြက်ခြေနီအသင်း ခန်းမ၌ နိုဝင်ဘာ ၂ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ကယားပြည်နယ် လူမှုရေးဝန်ကြီး ဦးကိုးရယ်က သစ်လွင်သားဖွားဆရာမများအနေဖြင့် လက်တွေ့လုပ်ငန်းဆောင်ရွက်မှု အပိုင်းတွင် စာတွေ့လက်တွေ့ ကွာဟမှုမရှိစေဘဲ ကျွမ်းကျင်စွာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်၊ လုပ်ငန်းဆောင်ရွက်ရင်း ရလာသည့်အတွေ့အကြုံများကို ရှိရင်းစွဲအတွေ့အကြုံများ၊ သင်ယူလေ့လာ တတ်မြောက်ပြီးသည့် ပညာရပ်များနှင့်ပေါင်းစပ်ပြီး ပြည်သူလူထုကို အလုပ်အကျွေးပြုရန် အမှာစကားပြောကြားသည်။

ဘက်စုံသားဖွားသင်တန်းဆင်းပြီး လုပ်ငန်းခွင်သို့ ဝင်ရောက်မည့် သစ်လွင်သားဖွား ဆရာမများအား သင်တန်းတွင်သင်ကြားပေးထားသော သင်ခန်းစာများ၏ အခြေခံအချက်အလက်များကို ပြန်လည်သိရှိစေရန်၊ သားဖွားမှုဆိုင်ရာ အရည်အချင်းများ တိုးတက်လာစေရန်နှင့် မိခင်နှင့်ကလေး ကျန်းမာရေး ပြုစုစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်စေရန်ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကာလမှာ နိုဝင်ဘာ ၂ ရက်မှ ၁၃ ရက်အထိ ၁၀ ရက်သင်တန်းဖြစ်ကြောင်း၊ သင်တန်းတွင် ကျန်းမာရေးဌာနအလိုက် နည်းပြဆရာ ဆရာမ ၁၄ ဦးက သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသူ ၃၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲနောင်(လှိုင်ကော်)**




## အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာများ ညှိနှိုင်းစည်းဝေး

**ပုလဲ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့၌ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍တရားမျှတပြီး တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃၀ရက်က ပြုလုပ်ခဲ့သည်။

ပုလဲရတနာခန်းမ၌ကျင်းပသည့် အဆိုပါအစည်းအဝေးတွင် ပုလဲမြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ရဲမှူးတင်ထွဋ်က လုံခြုံရေးဆိုင်ရာ စီမံချက်များအဖြစ် ရွေးကောက်ပွဲအကြိုကာလ၊ နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရေးကာလ၊ ရွေးကောက်ပွဲကျင်းပစဉ်ကာလနှင့် ရွေးကောက်ပွဲ အလွန်ကာလစသဖြင့် အပိုင်း(၄)ပိုင်းဖြင့် စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပုလဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်စိုးက ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာစွာဖြင့် ဥပဒေနှင့်အညီကျင်းပနိုင်ရန် ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**မင်းခန့်စိုး(ဖေယျာမြေ)**





## ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့်လုပ်ငန်းစီမံချက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဥရောပသမဂ္ဂ ပူးပေါင်းဆောင်ရွက်ရေးဌာန၊ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတု ပြောင်းလဲမှု ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၊ ကုလသမဂ္ဂ အခြေချနေထိုင်မှုအစီအစဉ်၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် မြန်မာရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Myanmar Climate Change Alliance-MCCA Programme)၏ မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရေးဆွဲနိုင်ရေးအတွက် မဟာဗျူဟာ(မူကြမ်း) ရေးဆွဲခြင်းဆိုင်ရာ ဒုတိယအကြိမ် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေးက အဖွင့်အမှာစကားပြောကြားပြီး ဥရောပသမဂ္ဂ ပူးပေါင်းဆောင်ရွက်ရေးဌာန အကြီးအကဲ၊ ကုလသမဂ္ဂ အခြေချနေထိုင်မှုအစီအစဉ်၊ နိုင်ငံအစီအစဉ် မန်နေဂျာ၊ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်ရုံးမှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရေးဆွဲနိုင်ရေးအတွက် မဟာဗျူဟာ(ပထမမူကြမ်း) အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ကိုယ်စားလှယ်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် မြန်မာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အကြံပေးအရာရှိ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးမှုသိပ္ပံမှ အကြံပေးအရာရှိခေါင်းဆောင် Dr. Bimal Regmi က မဟာဗျူဟာပါ အချက်အလက်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

နေ့လယ်ပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှ ကျွမ်းကျင်သူများက မဟာဗျူဟာ အကောင်အထည်ဖော်ရေးလုပ်ငန်းအစီအစဉ်နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး အဖွဲ့များခွဲကာ ဆွေးနွေးညှိနှိုင်းကြသည်။ ထို့နောက် အဖွဲ့လိုက် ဆွေးနွေးညှိနှိုင်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မဲပေးရန်လျှောက်ထားသူ နိုင်ငံ့ဝန်ထမ်းများအား မဲစာရင်းသက်သေခံကတ်ပြားများ ထုတ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး မကြာမီ ကျင်းပတော့မည်ဖြစ်ရာ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးရှေ့၌ နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက သက်ဆိုင်ရာဌာနများမှ မဲအပြည့်အဝပေးနိုင်ရေးအတွက် မဲဆန္ဒရှင် နိုင်ငံ့ဝန်ထမ်းများကို မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကာ မိမိမဲစာရင်း ပါ/မပါ ကြည့်ရှုစစ်ဆေးပြီး မဲစာရင်းပါရှိသူများကို ရပ်ကွက်ကော်မရှင်တာဝန်ရှိသူများအနေဖြင့် မဲစာရင်းသက်သေခံကတ်ပြားများ တစ်ပါတည်းထုတ်ပေးလျက်ရှိသည်ကို တွေ့ရသည်။

ဝဏ္ဏသိဒ္ဓိရပ်ကွက် ကော်မရှင်အဖွဲ့ခွဲက မဲစာရင်းနှင့် အချက်အလက်များ စစ်ဆေးကြည့်ရှုရန်နှင့် မဲစာရင်းသက်သေခံကတ်ပြားများ ထုတ်ပေးရန် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရုံးခန်းဖွင့်လှစ်ထားကြောင်း သိရသည်။ မဲရုံတည်နေရာကို အထက(၁၁)ကျောင်း၌ ကျင်းပမည်ဖြစ်ပြီး မဲရုံအမှတ်(၁)၊ မဲရုံအမှတ်(၂)၊ မဲရုံအမှတ်(၃)အဖြစ် မဲရုံသုံးရုံ ထားရှိမည်ဖြစ်ကာ မဲရုံ(၁)၌ ဆန္ဒမဲပေးရမည့် မဲဆန္ဒရှင်ဦးရေ ၂၀၀၀၊ မဲရုံ(၂)၌ မဲဆန္ဒရှင်ဦးရေ ၁၃၁၀၊ မဲရုံ(၃)၌ မဲဆန္ဒရှင်ဦးရေ ၁၂၉၀ စုစုပေါင်း လျှောက်ထားသူမဲဆန္ဒရှင်ပေါင်း ၄၅၉၇ ဦးရှိကြောင်း သိရပြီး အဆိုပါရပ်ကွက်၌ တိုက်အလုံးပေါင်း ၁၁၅ လုံးနှင့် အသက် ၁၈ နှစ်ပြည့်ပြီး လူဦးရေ ၆၂၄၇ ဦးရှိကြောင်း ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**ကိုပေါက်(ဥတ္တရာမြေ)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းများပြုပြင်

**ညောင်တုန်း နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးနှင့် ဓာတ်အားအပြည့်အဝ ရရှိသုံးစွဲနိုင်ရေးအတွက် ဓာတ်တိုင်နှင့် ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းမှုများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနက နိုဝင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကွန်ကရစ်မီးတိုင်များစိုက်ထူခြင်း၊ မြို့တွင်းရှိ လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် လူသွားလာမှုများသည့် ကားဂိတ်နှင့် မြို့မ ဈေးကြီးရှေ့ လမ်းမတော်နှင့် လမ်းဆုံနေရာများတွင် လျှပ်စစ်မီးကြိုးများ မတော်တဆပြတ်တောက်ပါက ပြုတ်မကျစေရန် Link Connection များ တပ်ဆင်ခြင်းနှင့် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းစေရေးအတွက် သစ်ပင် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ တိမ်းစောင်းနေသော ဓာတ်တိုင်များကို ပြန်လည်တည့်မတ်ခြင်းစသည့် လျှပ်စစ်အန္တရာယ်ကင်းဝေးရေးလုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးကျော်နှင့် ဝန်ထမ်းများက ဆောင်ရွက်နေခြင်း ဖြစ်သည်။ လျှပ်စစ်အန္တရာယ် ကင်းဝေးရေး အသိပညာပေး လုပ်ငန်းများကိုပါ ပူးတွဲလုပ်ဆောင်လျက် ရှိကြောင်းလည်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**



# ရွေးကောက်ပွဲကာလ မြို့တွင်းလုံခြုံရေးတာဝန်ယူမည့်အထူးရဲများ မဲရုံသို့လက်တွေ့ကွင်းဆင်းလေ့လာ

**ကလေး နိုဝင်ဘာ ၃**

ရွေးကောက်ပွဲကာလတွင် ကလေးမြို့နယ်အတွင်းရှိ မဲရုံများ၌ လုံခြုံရေးဆောင်ရွက်မည့် အထူးရဲတပ်ဖွဲ့ဝင်များသည် အောင်ဇေယျရပ်ကွက်ရှိ မဲရုံသို့ အောက်တိုဘာ ၃၀ ရက်က ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။ အထူးရဲတပ်ဖွဲ့ဝင်များသည် ကလေးမြို့ပေါ် အောင်ဇေယျရပ်ကွက်ရှိ မဲဆန္ဒနယ်အမှတ်(၁)၊ မဲရုံအမှတ်(၂)သို့ သွားရောက်လေ့လာခဲ့ခြင်းဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် စီစဉ်ထားရှိသော မဲပုံးများ၊ တာဝန်ရှိသူ ကော်မရှင်အဖွဲ့ဝင်များ၏နေရာထိုင်ခင်းများနှင့်မဲရုံပတ်ဝန်းကျင်ဖွဲ့စည်းပုံများကို လက်တွေ့ကွင်းဆင်းလေ့လာခဲ့ခြင်းဖြစ်ပြီး ကော်မရှင်တာဝန်ရှိသူများကလည်းလိုအပ်သော မဲရုံလုံခြုံရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးသည်။



အထွေထွေရွေးကောက်ပွဲကြီးတွင် ကလေးမြို့နယ်အတွင်းမှ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အဆင်ပြေချောမွေ့စွာနှင့်လွတ်လပ်စွာဖြင့် ဆန္ဒမဲပေးနိုင်ရန်အတွက် ကလေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)တွင် မဲရုံ ၉၅ ရုံ၊ မဲဆန္ဒနယ်အမှတ်(၂)တွင် မဲရုံ ၈၁ ရုံ စုစုပေါင်းမဲရုံ ၁၇၆ ရုံကို ဖွင့်လှစ်ထားပြီး အဆိုပါ မဲရုံ ၁၇၆ ရုံ၌ ရွေးကောက်ပွဲကာလ လုံခြုံရေးတာဝန်များဆောင်ရွက်ရန် အထူးရဲ ၁၇၆ ဦး သင်တန်းပေးထားပြီး ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

# လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်းဖွင့်

**ဆားလင်းကြီး နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေအထောက်အပံ့ဖြင့် လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်းကို ဆားလင်းကြီးမြို့ အမှတ်(၂၂) စက်မှုလယ်ယာ ထွန်စက်စခန်း၌ နိုဝင်ဘာ ၁ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဆားလင်းကြီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဆားလင်းကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆန်းလင်းက သင်တန်းသားများအား လက်တွန်းထွန်စက်နှင့် စက်ပြင်သင်တန်းကို ကိုယ်တိုင်မောင်းနှင်ပြသခြင်းဖြင့်လည်းကောင်း၊ စက်ပြင်ဆင်ခြင်းကို ဆားလင်းကြီးမြို့ စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများဖြင့်လည်းကောင်း စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သင်တန်းသို့ မြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသား ၂၇ ဦး တက်ရောက်ပြီး သင်တန်းကာလ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**



# ကျေးရွာရှစ်ရွာမှ ဓမ္မစကူးကျောင်းသားစုံညီပွဲတော် ကျင်းပ

**ခင်ဦး နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် လက်ပန်လှကျေးရွာ ဓမ္မဝါဒီပရဟိတအသင်းမှ စီစဉ်သည့် ကျေးရွာပေါင်းစုံ ဓမ္မစကူးလ်ကျောင်းသားကျောင်းသူများ စုံညီပွဲတော်ကို ဥက္ကံကျောင်းတိုက် ဓမ္မစကူးဗုဒ္ဓဘာသာသင်တန်းကျောင်းတွင် နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

စုံညီပွဲတော်သို့ လက်ပန်ကြီးကျေးရွာ၊ ဝင်းကြီးကျေးရွာ၊ လောင်းရှည်ကျေးရွာ၊ ရှင်မင်းတွေကျေးရွာ၊ ရွာသန်းကျေးရွာ၊ ပေါက်တုန်ကျေးရွာ၊ ပန်းတွင်းကျေးရွာ



များမှ ဓမ္မစကူးကျောင်းသား၊ ကျောင်းသူလေးများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် ဝင်းကြီးကျေးရွာဆရာတော်က ဝမ်းမြောက်ကြောင်း အနုမောဒနာချီးမြှင့်သည်။ ထို့နောက် ရွာသန်းမြောက်ရွာဆရာတော်က ဩဝါဒအမှာစကား ချီးမြှင့်ပြီး လက်ပန်လှကျေးရွာ ဥက္ကံကျောင်းတိုက် ဆရာတော်က ဓမ္မစကူးစုံညီပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဟောကြားသည်။ ထို့နောက် ကျေးရွာရှစ်ရွာမှ ဓမ္မစကူးကျောင်းသား၊ ကျောင်းသူလေးများက ဓမ္မစကူးနှင့် သက်ဆိုင်သော တေးသီချင်းများ၊ ကဗျာများဖြင့် သရုပ်ဖော် သီဆိုဖျော်ဖြေကြသည်။ ယခုဓမ္မစကူးစုံညီပွဲတော်ကို ကျေးရွာ ရှစ်ရွာမှ ဓမ္မစကူးဆရာဖြစ်သင်တန်းဆင်း ဆရာ၊ ဆရာမများ ဓမ္မစကူးကျောင်းသား၊ ကျောင်းသူများ ၆၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ဓမ္မဝါဒီပရဟိတအသင်းသည် တနင်္လာနေ့တိုင်း ဇီဝိတဒါန တိုင်းရင်းဆေးခန်းဖွင့်လှစ်ပေးခြင်း၊ မော်တော်ယာဉ်ဖြင့် ရွှေ့လျားကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်း၊ ရတနာ့ဂုဏ်ရည် စာကြည့်တိုက်ဖွင့်လှစ်ပေးခြင်း၊ ဓမ္မစကူး အပတ်စဉ်ဗုဒ္ဓဘာသာသင်တန်းကျောင်း ဖွင့်လှစ်ပေးခြင်း၊ ယဉ်ကျေးလိမ္မာသင်တန်းနှင့် အဘိဓမ္မာသင်တန်းများဖွင့်လှစ်ပေးခြင်း၊ ဒုတိယတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူများအား ပညာဒါနကျူရှင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# မဲရုံမှူးနှင့် ဒုမဲရုံမှူးတာဝန်ပေးအပ်ပွဲ ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၃**

တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်အတွင်း မဲရုံရှစ်ရုံတွင် တာဝန်ထမ်းဆောင်မည့် မဲရုံမှူးနှင့် ဒုမဲရုံမှူးများအား ခန့်အပ်လွှာပေးအပ်ခြင်းနှင့် မဲရုံလုပ်ငန်းစဉ်များ သင်တန်းပို့ချခြင်းအခမ်းအနားကို ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ အမက(၇)ကျောင်းခန်းမ၌ နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

မဲရုံမှူးနှင့် ဒုမဲရုံမှူးခန့်အပ်လွှာများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်လှလှမြင့်က ပေးအပ်ခဲ့ပြီး သင်တန်းဖွင့်ပွဲကို ဆက်လက်ကျင်းပရာ သင်တန်းပို့ချသည့်ရွှယ်ချက်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးခင်မောင်အေးကလည်းကောင်း၊ မဲရုံလုပ်ငန်းစဉ်များ၊ မဲရုံတည်ဆောက်ဖွဲ့စည်းပုံ၊ ခိုင်လုံမဲနှင့် ပယ်မဲ ရွေးချယ်ပုံစသည့်လုပ်ငန်းအဆင့်ဆင့်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင် ဒေါက်တာအောင်မြင့်နှင့် တာဝန်ရှိသူများကလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါ သင်တန်းသို့ကျားကွက်သစ်ရပ်ကွက်အတွင်းရှိ မဲရုံရှစ်ရုံတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာရှစ်ရွာတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိ

**မိုင်းယောင်း နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်း ကျေးရွာရှစ်ရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တပ်ဆင်ပေးသည့် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိခဲ့ကြောင်း သိရသည်။

မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးရွာများတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုလာမီးများတပ်ဆင်ခြင်းကို ဆောင်ရွက်လျက်ရှိရာ ကျေးရွာရှစ်ရွာသို့ အောက်တိုဘာ ၃၀ ရက်က ကွင်းဆင်း၍ ဆိုလာများပေးအပ်ခဲ့ခြင်းဖြစ်သည်။ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုင်းစိုးစိုးနှင့် ဝန်ထမ်းများ၊ ဇမ္ဗူရာဇ်ပုလဲစွမ်းအင် ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ပါမန်းကျေးရွာတွင် ဆိုလာမီး ၅၁ စုံ၊ ပါလောင်းကျေးရွာတွင် ၂၁ စုံ၊ ကျန်းတောင်း ကျေးရွာတွင် ၁၆ စုံ၊ ဟွေဖကျေးရွာတွင် ၁၃ စုံ၊ ဝမ်အင်ကျေးရွာတွင် ၁၅ စုံ၊ မုန်းလိုက်ကျေးရွာတွင် ၃၇ စုံ၊ မိုင်းဟန်ကျေးရွာတွင် ၂၂ စုံနှင့် တာလွယ်ကျေးရွာတွင် ၇၂ စုံ စုစုပေါင်း ဆိုလာ ၂၄၇ စုံ တန်ဖိုးကျပ် ၄၉ ဒသမ ၄ သန်းကို တပ်ဆင်ပေးခဲ့ခြင်းဖြစ်ကာ ယခုအခါ အဆိုပါကျေးရွာ




ရှစ်ရွာတွင် လျှပ်စစ်ဓာတ်အား ရရှိအသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

**စိုင်းဇော်လင်း(ပြန်/ဆက်)**

# မြင်းမူပြည်သူ့ဆေးရုံ တိုးချဲ့လူနာဆောင် ရာခိုင်နှုန်းပြည့်ဆောက်လုပ်ပြီးစီး

**မြင်းမူ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ရှိ မြင်းမူပြည်သူ့ဆေးရုံ၌ ကုတင်(၅၀)ဆံ့ တိုးချဲ့လူနာဆောင်အဆောက်အအုံ တည်ဆောက်မှုများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တိုးချဲ့လူနာဆောင်သည် အလျား ၂၃၄ ပေ၊ အနံ ၄၆ ပေ၊ အမြင့် ၁၄ ပေရှိ တစ်ထပ်အဆောက်အအုံဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၀၀၀ ဖြင့် မုံရွာမြို့ အေးချမ်းဆုစံဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကာ ယခုအခါ တည်ဆောက်မှုရာနှုန်းပြည့်ပြီးစီးသဖြင့် နိုဝင်ဘာလ ပထမပတ်အတွင်း တိုင်းဒေသကြီးကုသရေးဦးစီးဌာနသို့ အပ်နှံသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**(၀၇၉)**

# ကျေးလက်ဒေသ ရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်

**မအူပင် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့တွင် ကျေးလက်နေပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာငါးရွာ၌ စက်ရေတွင်းများ တူးဖော်လျက်ရှိကြောင်း သိရသည်။

မအူပင်မြို့နယ်အတွင်းရှိ တမံကလေး၊ ကျီးပင်စု၊ ညောင်တုန်းစု၊ ဆင်သေရိုးနှင့် အောက်ထုံးကျေးရွာများတွင် အနက်ပေ ၄၀၀ ရှိ ၄ လက်မပိုက်စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေစက်ရုံ၊ ရေကန်များ တည်ဆောက်ခြင်းတို့ကို မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ကျပ် ၃၉ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်မင်းထွန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# နွားနို့ဈေးနှုန်းကျဆင်းသဖြင့် နို့စားနွားမွေးမြူသူများ အကျိုးအမြတ်နည်းပါးနေ

**မုံရွာ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ပုရစ်ကုန်း(တောင်/မြောက်)ကျေးရွာနှင့် အနီးတစ်ဝိုက်ကျေးရွာများ၌ တစ်ပိုင်တစ်နိုင် နို့စားနွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသော ပြည်သူများမှာ နွားစာဈေးနှုန်း မြင့်တက်လာခြင်းနှင့် နွားနို့ဈေးနှုန်း ကျဆင်းလာခြင်းများကြောင့် အကျိုးအမြတ် နည်းပါးလာပြီး အဆင်မပြေကြောင်း သိရသည်။

"နွားနို့ဈေးက အရင်က တစ်ပိဿာကို ၆၅၀ ကျပ်ဈေးပေါက်တော့ အဆင်ပြေတယ်။ ပြီးခဲ့တဲ့ နှစ်လလောက်ကစပြီး တစ်ပိဿာကို ၆၀၀ ကျပ်ဈေးပဲရတော့တယ်၊ အစာဈေးနှုန်းက ကျတော့ (ဂျုံကောက်ရိုး) ထော်လာဂျီ အသေးတစ်စီးတိုက်ကို သုံးသောင်းရှစ်ထောင် ဈေးပေါက်နေတယ်။ ရှစ်ထောင်လောက် ဈေးတက်လာတယ်။ နွားနို့ဈေးက တစ်ပိဿာကို ငါးဆယ်ကျပ်လောက် ဈေးကျသွားတော့ ဘယ်လိုမှ အဆင်မပြေတော့ဘူး"ဟု ပရစ်ကုန်း(တောင်)ကျေးရွာမှ နို့စားနွားမွေးမြူသည့် တောင်သူတစ်ဦးက ပြောသည်။

နွားနို့ဈေးနှုန်းကျပြီး အကျိုးအမြတ် မရှိသော်လည်း နို့စားနွားများကို မွေးမြူထားပြီးဖြစ်သဖြင့် လုပ်ငန်းကို နွားများကျွေးမွေးစရိတ်ရရုံမျှ ဆက်၍လုပ်နေရခြင်းဖြစ်ကြောင်း သိရသည်။ "နို့စားနွားမတစ်ကောင်ကို ၁၅ သိန်း ဝန်းကျင်လောက်ရှိတယ်။ နွားနို့ကမနက်၊ ညနေ တစ်ရက်ကို နှစ်ကြိမ်ညှစ်ရတယ်။ နွားမတစ်ကောင်ကို တစ်ရက်ပျမ်းမျှ မနက်ပိုင်းမှာ ခြောက်ပိဿာလောက်နဲ့၊ ညနေပိုင်းမှာ နှစ်ပိဿာလောက် ထွက်တယ်၊ ထွက်သမျှနို့တွေအကုန်လုံးကို စက်မှုဇုန်က မြဘုရင်နို့ချက်စက်ရုံ တစ်ရုံတည်းကိုပဲ ပို့ရတယ်။ နွားတွေက မွေးပြီးသားဖြစ်နေတော့ နေ့စဉ်ကျွေးမွေးစရိတ်က ရှိနေတဲ့အတွက် နွား နို့ဈေးနှုန်းကျပေမယ့် ဆက်ပြီးလုပ်နေရတယ်။ အကျိုးအမြတ်မရှိတော့ဘူး။ ကျွေးမွေးစရိတ်လောက်ပဲပြန်ရတဲ့ အခြေအနေဖြစ်နေတယ်။ နို့ဈေးနှုန်းလေး ပြန်ပြီးတက်လာရင်တော့ ကောင်းတာပေါ့"ဟု ၎င်းက ဆက်ပြောသည်။ ကျေးလက်ဒေသတွင် နေထိုင်သော ပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများကို သာမက ဒေသနှင့် ကိုက်ညီသည့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ ပရစ်ကုန်း(တောင်) ကျေးရွာတွင်လည်း စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည့်အပြင် နို့စားနွားမွေးမြူရေးကိုလည်းမိသားစုတစ်ပိုင်တစ်နိုင် မွေးမြူရေးအဖြစ်လုပ်ကိုင်လျက်ရှိသည်။ အဆိုပါ ကျေးရွာ တစ်ရွာလုံးတွင် နို့စားနွားကောင်ရေနှစ် သောင်းကျော်မွေးမြူထားကြောင်း သိရသည်။ ယခုအခါတွင် အစာဈေးနှုန်း မြင့်တက်လာသော်လည်း နို့ဈေးနှုန်းကျဆင်းသဖြင့် အကျိုးအမြတ်နည်းပါးနေခြင်းဖြစ်သည်။



**ဖိုးချမ်း(မုံရွာ)**

# ရိတ်သိမ်းခြွေလှေ့စက်များဖြင့် စပါးရိတ်သိမ်းမှု သရုပ်ပြ

**ကျောက်တံခါး နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု ဒညင်းကုန်းကျေးရွာ၌ မိုးစပါးစံပြကွက်အား ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းမှု သရုပ်ပြပွဲကို နိုဝင်ဘာ ၁ ရက်က ပြုလုပ်ခဲ့သည်။

ဒညင်းကုန်းကျေးရွာ ကွင်းအမှတ်(၇၇)ရှိ မိုးစပါးပုလဲသွယ် ဧက ၃၀ စံပြကွက်ကို စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းမှု သရုပ်ပြခဲ့ခြင်းဖြစ်ပြီး တစ်ဧကေ စပါးအစို ၂၄၃ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။ သရုပ်ပြပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှမြင့်နှင့် တာဝန်ရှိသူများ၊ ကျောက်တံခါးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးဦးမြင့်အောင်နှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသခံတောင်သူများ လေ့လာကြည့်ရှုခဲ့ကြသည်။

**ခင်ကို(ကျောက်တံခါး)**



# ဝန်းသိုမြို့၌ ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံးဖွင့်

**ဝန်းသို နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်းမှ ပြည်သူများအနေဖြင့် ဌာနဆိုင်ရာများနှင့်ဆက်သွယ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန် အတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း စုပေါင်းရုံး(One Stop Shops)ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒေါင်းမြူးခန်းမ၌ နိုဝင်ဘာ ၂ ရက်က စတင်ဖွင့်လှစ်ထားကြောင်း သိရသည်။



အဆိုပါ ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံးတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ လျှပ်စစ်အင်ဂျင်နီယာဌာန၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပါဝင်သည်။

ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ ဝန်ဆောင်မှုပေးနိုင်ရန်၊ ပြည်သူများအနေဖြင့် အစိုးရနှင့်ဌာနဆိုင်ရာ ဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှု တိုးလာစေရန် ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံးက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်ရမည့် ရုံးလုပ်ငန်းများအား ဆောင်ရွက်ရာတွင် တစ်နေရာတည်း၌ အချိန်ကုန်သက်သာစွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အထူးရဲတပ်ဖွဲ့ဝင်များ သင်တန်းဆင်းပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်း ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးတာဝန်များ ဆောင်ရွက်မည့် အထူးရဲတပ်ဖွဲ့ဝင်များအတွက် ဖွင့်လှစ်ပို့ချခဲ့သော အထူးရဲသင်တန်းဆင်းပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဆင့်က သင်တန်းဆင်းအထူးရဲများအား ဂုဏ်ပြုစကားပြောကြားကာ အထူးရဲ ၆၁ ဦးကို သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**

# တီဘီရောဂါကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

**ညောင်တုန်း နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့၌ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များက ဦးဆောင်၍ တီဘီရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ ဖြစ်သော ဒေါ်နန်းစိုးစိုးအေးနှင့် ဒေါ်ချိုဇင်သန့်တို့က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာရဲမင်းသွေးက တီဘီရောဂါသည် ဗက်တီးရီးယားပိုးကြောင့်ဖြစ်၍ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်ကြောင်း၊ အများအားဖြင့် အသက်ကြီးသူများ၊ နာတာရှည်ရောဂါသည်များ၊ အရက်သောက်သူများနှင့် ခုခံအားကျ ရောဂါရှိသူများတွင် ပိုဖြစ်နိုင်ကြောင်း၊ အဓိကလက္ခဏာများအနေဖြင့် ချောင်းဆိုးခြင်း၊ ရက်သတ္တပတ်နှစ်ပတ်ထက်ပို၍ ဖျားခြင်း၊ အစားအသောက်ပျက်ခြင်း၊ ကိုယ်ခန္ဓာပိန်လှီနေခြင်းစသည့် လက္ခဏာများကို တွေ့ရှိပါက နီးစပ်ရာ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးရုံဆေးခန်းများတွင် အမြန်ဆုံးပြသ၍ ကုသရန်လိုအပ်ကြောင်း၊ တီဘီရောဂါသည် ဆေးကုသလျှင်ပျောက်ကင်းနိုင်သော ရောဂါဖြစ်ပြီး ခြောက်လမှ တစ်နှစ်အထိ ကုသရန်လိုအပ်ကြောင်း စသည့် တီဘီရောဂါကာကွယ်ရေးနှင့် ကုသရေးအကြောင်းအရာများကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် ညောင်တုန်းမြို့နယ်အတွင်းရှိ တီဘီရောဂါဝေဒနာရှင်များအား ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက တန်ဖိုးငွေကျပ် ၂၁၅၀၀၀ ရှိ ဆေးဝါးများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**



# ပြင်ဦးလွင်ဒေသမှ ပုရစ်အထွက်နှုန်း တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာ

**ပြင်ဦးလွင် နိုဝင်ဘာ ၃**

ပြင်ဦးလွင်ဒေသ၏ နာမည်ကျော် သဘာဝ အစားအစာတစ်မျိုးဖြစ်သည့် ပုရစ်များထွက်ရှိမှုမှာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာလျက်ရှိပြီး ထွက်ရှိသည့် ရာသီအချိန်များတွင်မူ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

ပြင်ဦးလွင်ဒေသ၌ မိုးရာသီတွင် ထွက်သည့်ပုရစ်များကို မိုးပုရစ်ဟု ဒေသအခေါ်ဖြင့် ခေါ်ကြပြီး ထွက်သည့်ရက်တိုသလို အထွက်နှုန်းနည်းကာ စားလျှင်လည်း အခန့်မသင့်ပါက ဝမ်းပျက်ဝမ်းလျှောနိုင်ကြောင်း သိရသည်။ ဆောင်းရာသီတွင် ထွက်သော ဆောင်းပုရစ်မှာမူ ရက်ကြာကြာ ထွက်ကာ အထွက်နှုန်းလည်းများပြီး စားလျှင်လည်း ဘေးဥပါဒ်မဖြစ်ကြောင်း သိရသည်။



ပုရစ်များသည် ပြင်ဦးလွင်ဒေသရှိ ပန်းရိုင်းနေကြာချုံများ၊ စိန်နားပန်ချုံများတွင် အနေများကြပြီး တစ်နှစ်ပတ်လုံး မြေအောက်တွင် နေထိုင်မျိုးပွား၍ ဥများဥကြကြောင်း၊ ယခုအခါ ပြင်ဦးလွင်မြို့နှင့် ဝန်းကျင်ဒေသများတွင် စိုက်ပျိုးမြေနှင့် လူနေအဆောက်အအုံများကို အများအပြား တိုးချဲ့လာမှုကြောင့် ပုရစ်များနေထိုင်ကျက်စားသည့် သဘာဝမြေဧရိယာ နည်းလာခဲ့သဖြင့် ရာသီချိန်တွင် အထွက်နည်းနေခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် စိုက်ပျိုးမြေများတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည့်ဓာတုဗေဒဆေးဝါးများကိုအလွန်အကျွံ သုံးစွဲလာမှုများကြောင့်လည်း မြေအောက်ရှိ ပုရစ်များနှင့် မျိုးဥများကိုထိခိုက်ပျက်စီးစေကာ ပုရစ်အထွက်နှုန်းနည်းလာသည့် အကြောင်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ပြင်ဦးလွင်ဒေသ၌ ပုရစ်အထွက်နှုန်းလျော့နည်းလာမှုကြောင့် နောင်ချိုဒေသထွက်ပုရစ်များ ပြင်ဦးလွင်သို့ ဝင်ရောက်လျက်ရှိနေပြီး ဈေးနှုန်းမှာ အကောင်တစ်ရာလျှင် ကျပ်တစ်သောင်းနှုန်းခန့်အထိ ရှိနေကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ချောင်းဆုံမြို့နယ်အတွင်း ကျေးရွာများ၌ မဲဆန္ဒရှင်သက်သေခံကတ်ပြားများထုတ်ပေးလျက်ရှိ

**ချောင်းဆုံ နိုဝင်ဘာ ၃**

ချောင်းဆုံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံး ၆၂ ရုံး၌ အသက်(၁၈)နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များအား မဲဆန္ဒရှင်သက်သေခံကတ်ပြားများကို နိုဝင်ဘာ ၁ ရက်က စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မဲဆန္ဒရှင်သက်သေခံကတ်ပြားများကို နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း ထုတ်ပေးလျက်ရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ရပ်ကွက်/ကျေးရွာနေ ပြည်သူများက သက်သေခံကတ်ပြားများကို စိတ်ဝင်စားစွာ လာရောက်ထုတ်ယူလျက်ရှိကြောင်း သိရသည်။ ရွေးကောက်ပွဲကျင်းပသည့် နိုဝင်ဘာ ၈ ရက်တွင် အကြောင်းအမျိုးမျိုးဖြင့် မဲဆန္ဒနယ်မြေပြင်ပသို့ ရောက်ရှိနေမည့် မဲဆန္ဒရှင်များကလည်း ရပ်/ကျေးကော်မရှင်ရုံးခွဲများသို့ အောက်တိုဘာ ၂၉ ရက်မှစ၍ ကြိုတင်ဆန္ဒမဲများ လာရောက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စောမွန်လှမင်းသမီးတည်ထားကိုးကွယ်ခဲ့သော ဆုတောင်းပြည့်ဘုရားပွဲတော်စည်ကားစွာကျင်းပ

**ညောင်ဦး နိုဝင်ဘာ ၃**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ယဉ်စမ်း(ခေါ်)ယမ်းဇမ်းကျေးရွာ တောင်ဘက်ကပ်လျက်ရှိစောမွန်လှမင်းသမီးတည်ထားကိုးကွယ်ထားသော ဆုတောင်းပြည့် ဘုရားပွဲတော်ကို နှစ်စဉ်သတင်းကျွတ်လပြည့်ကျော် ၄ ရက်တွင်ကျင်းပလေ့ရှိရာ ယခုနှစ်တွင်လည်း ဇာတ်ပွဲ၊ အငြိမ့်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့ ဆုတောင်းပြည့်ဘုရားပွဲရက်ရောက်ရင် ဒီရွာသားရွာသူများ အဝေးရောက်အလုပ်လုပ်နေသူများဟာ မဖြစ်မနေပြန်လာကြပါတယ်။ အနယ်နယ်အရပ်ရပ်က ပြည်သူများကလည်း လာရောက်ကြပါတယ်။ ဆုတောင်းပြည့်စေတီတော်ရဲ့ ထူးခြားမှုက အခြားစေတီတော်တွေလိုမဟုတ်ပဲ စောမွန်လှမင်းသမီးက မြောက်ဘက်လှည့်လိုဏ်ဂူအတွင်းမှာ ဘုရားရုပ်တုတော်ကို တည်ထားကိုးကွယ်ထားလို့ တောင်းတဲ့ဆုမှန်သမျှပြည့်တယ်လို့ ရှေးလူကြီးတွေက ပြောပါတယ်"ဟု အဆိုပါကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

**ကျော်ကျော်(မလှိုင်)**

# လူမှုဖူလုံရေးဥပဒေအရ တစ်လုံးတစ်ခဲတည်းထောက်ပံ့ငွေပေးအပ်

**သာစည် နိုဝင်ဘာ ၃**

လုပ်ငန်းခွင်တွင် အလုပ်လုပ်နေစဉ် ထိခိုက်ဒဏ်ရာရရှိပြီး အမြဲတမ်းမသန်စွမ်းဖြစ်သွားသည့် မြန်မာ့မီးရထားမှ ဝန်ထမ်းတစ်ဦးအား လူမှုဖူလုံရေးဥပဒေအရ ထောက်ပံ့ငွေများကို သာစည်မြို့နယ်ခန်းမ၌ နိုဝင်ဘာ ၂ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာ့မီးရထား တိုင်းအမှတ်(၄) ကလောမြို့ပြအင်ဂျင်နီယာဌာနမှ ဝန်ထမ်းဦးသံလှိုင် (၄၂ နှစ်) သည် လုပ်ငန်းခွင်တွင် ထိခိုက်ဒဏ်ရာရမှုကြောင့် အမြဲတမ်းမသန်စွမ်းဖြစ်ခဲ့ခြင်းအတွက် ငွေလုံးငွေရင်း အကျိုးခံစားခွင့်ကို တစ်လုံးတစ်ခဲတည်း ထုတ်ပေးခဲ့ခြင်းဖြစ်သည်။ ထောက်ပံ့ငွေ ပေးအပ်ပွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းက အမှာစကားပြောကြားပြီး မြန်မာ့မီးရထား တိုင်းအမှတ်(၄) ကလော မြို့ပြအင်ဂျင်နီယာဌာနမှ လက်ထောက်အင်ဂျင်နီယာဦးလှသွင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက်ညွှန်ကြားရေးမှူးက လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရသည့် ဝန်ထမ်း ဦးသံလှိုင်အား လူမှုဖူလုံရေး ဥပဒေအရ အကျိုးခံစားခွင့်ငွေကျပ် ၁၈ သိန်းကျော်ကို တစ်လုံးတစ်ခဲတည်း ထုတ်ပေးခဲ့သည်။

ထိခိုက်ဒဏ်ရာရသူ ဝန်ထမ်းဦးသံလှိုင်သည် ၂၀၁၄ ခုနှစ် မေလ ၂၄ ရက်က မြင်းဒိုက်ဘူတာနှင့် ဆင်တောင်ဘူတာကြား မိုင်တိုင်အမှတ် (၃၅၉/ ၁၆-၁၇)တွင် အမှတ်(၂၆၁) အဆန်ကုန်ရထား လမ်းချော်ကျမှု၌ ရထားပြန်လည်ခုတ်မောင်းနိုင်ရေးအတွက် အချိန်မီပြီးစီးရန် ရထားတွဲအောက်ဝင်ရောက်ပြီး လုပ်ငန်းဆောင်ရွက်စဉ် ဘယ်ဘက်လက်ကို ရထားဘီးနှင့်ကျိတ်မိ၍ပြတ်ထွက်သွားသဖြင့်မသန်စွမ်းဘဝသို့ ရောက်ရှိသွားသည့်အတွက် လူမှုဖူလုံရေးဝန်ကြီးဌာနက အကျိုးခံစားခွင့် ထောက်ပံ့ငွေပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ကို (သာစည်)**



**မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းမှပျက်စီးနေသော ကတ္တရာလမ်းမများဖြစ်သည့် ဘန္ဓုလကုန်း(၄)လမ်းနှင့် ဘန္ဓုလကုန်း(၅)လမ်းကို တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၄၉ သိန်းနှင့် ရပ်ကွက်နေပြည်သူများ၏ ထည့်ဝင်ငွေ ကျပ် ၂၈ သိန်းဖြင့် ဖြင့် ကွန်ကရစ်လမ်းခင်းပြီး၍ နိုဝင်ဘာ ၁ ရက်က ဖွင့်ပွဲကျင်းပစဉ်။**
အောင်သန်း (မင်္ဂလာတောင်ညွန့်)

# မြို့နယ်လုံးကျွတ် ရပ်ကွက်/ကျေးရွာမဲရုံအဖွဲ့ဝင်များဆင့်ပွားသင်တန်းဖွင့်

**ပေါင် နိုဝင်ဘာ ၃**

ပေါင်မြို့နယ်အတွင်း နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒပေးရန် လာရောက်ကြမည့် ပြည်သူများ မဲဆန္ဒပေးခြင်းလုပ်ငန်းများ လွယ်ကူ အဆင်ပြေစေရန် ရည်ရွယ်၍ ပေါင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၅၇ အုပ်စုတို့မှ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆင့် ပွားသင်တန်းများကို အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီမှ စ၍ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာများတွင် တစ်ပြိုင်တည်း ကျင်းပခဲ့ကြောင်း သိရသည်။ ဆင့်ပွားသင်တန်းများ ပို့ချရာတွင် ပေါင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်အောင်၊ အတွင်းရေးမှူး ဦးလှမျိုးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များက မိမိတို့ တာဝန်ကျရာ ရပ်ကွက်/ကျေးရွာ နယ်မြေများသို့ သွားရောက်လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်စွက်အကြံပြုပေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# အထူးရဲတပ်ဖွဲ့ဝင်များ သင်တန်းဆင်းပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်း ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးတာဝန်များ ဆောင်ရွက်မည့် အထူးရဲတပ်ဖွဲ့ဝင်များအတွက် ဖွင့်လှစ်ပို့ချခဲ့သော အထူးရဲသင်တန်းဆင်းပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းက အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဆင့်က သင်တန်းဆင်းအထူးရဲများအား ဂုဏ်ပြုစကားပြောကြားကာ အထူးရဲ ၆၁ ဦးအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ခြင်းလုံးအလှခတ်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်၌ ရပ်ကွက်လုံးဆိုင်ရာ သာသနာ့ရက္ခိတမဏ္ဍာရုံ အကျိုးတော်ဆောင်အဖွဲ့က ကြီးမှူး၍ စတုတ္ထအကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

ညနေပိုင်းတွင် နေပြည်တော်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၃၃ တိုက်မှ မင်းဝံတောင်ဆရာတော်အမှူးရှိသော ဆရာတော် သံဃာတော်များနှင့် သီလရှင်အပါး ၃၀၀ တို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ပြီး ညပိုင်းတွင် ဆွမ်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အထိမ်းအမှတ်အဖြစ် ခြင်းအလှခတ်ပွဲကို ဆက်လက်ကျင်းပကာ ရပ်ကွက်အတွင်းမှ လူငယ်ခြင်းလုံးဝါသနာရှင်များနှင့်အတူ ဆီးဂိမ်းပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် အောင်ဇော်လင်း၊ ပျဉ်းမနားမြို့ မြန်မာ့ရိုးရာခြင်းပညာရှင် ဒေါ်နီနီမာနှင့် အဖွဲ့၊ ပျဉ်းမနား ဆွေသဟာခြင်းအဖွဲ့များက အလှပြည့်ခံ ခြင်းခတ်ကစားပြခဲ့ကြောင်း သိရသည်။

**ကိုပေါက်(ဥတ္တရာမြေ)**

# ဓမ္မစကူးနှင့် လွိုင်လင်

ရတနာစည်ဆရာတော်
(လွိုင်လင်)

ဓမ္မစကူးကို မြန်မာဆန်ဆန် ဝေါဟာရဖလှယ်သုံးလျှင် တရားကျောင်းဖြစ်၏။ သို့သော်တရားသည် တရားစခန်း၊ တရားရုံး၊ တရားခွင်၊ တရားဥပဒေစသည်တို့နှင့်ပါ အကျုံးဝင်နေသည့်အပြင် တရားတွေ အမျိုးမျိုး အများကြီးရှိနေသဖြင့် အဓိပ္ပာယ်ဝေဝါးနိုင်သော အားနည်းချက်တစ်ရပ်။ ကျောင်းဆိုသည်မှာလည်း ဘုန်းကြီးကျောင်း၊ အတန်းကျောင်း၊ ကိုယ်ပိုင်ကျောင်း၊ သင်တန်းကျောင်းစသည်တို့နှင့်ပါ အကျုံးဝင်နေသည့်အပြင် သင်ခန်းစာတွေ၊ ပြဋ္ဌာန်းချက်တွေအမျိုးမျိုး အများကြီးရှိနေသဖြင့် ဆိုလိုရင်းဝေဝါးနိုင်သော အားနည်း ချက်တစ်ရပ်တို့ကြောင့် တရားကျောင်းဟူ၍ မသုံးနှုန်းခြင်းဖြစ်သည်ဟု ယူဆပါ၏။

ယင်းအပြင်စကူးမှာ ကမ္ဘာသုံးဝေါဟာရဖြစ်နေ၍ တစ်ကမ္ဘာလုံး ဓမ္မစကူးများပျံ့နှံ့တည်ရှိရန်မျှော်မှန်းသောကြောင့် မူလအတိုင်း စကူးဟုပင် သုံးနှုန်းခြင်းဖြစ်သည်ဟု ထင်မြင်ပါ၏။ သို့ဖြစ်ပါလျှင်.........

**ဓမ္မ**

ဓမ္မဟု ဆိုလိုက်ပါက အဓမ္မမဟုတ်သည်ကိုတော့ သဘောပေါက်ကြပြီးပင်ဖြစ်၏။ ကောင်းမှုကောင်းရာများသည် ဓမ္မဟု သဘောပေါက်ကြပြီးပင်ဖြစ်၏။ ကောင်းမှုကောင်းရာများသည် အနှစ်ချုပ် သုံး ပါး ရှိ၏။

၁။ အလောဘ = ပေးဝေမျှတ ဒါန
၂။ အဒေါသ = အမုန်းမဲ့ မေတ္တာ
၃။ အမောဟ = မြော်မြင်တွေးဆ ပညာ

ယင်း ဓမ္မ၏ အခြားတစ်ဖက်တွင်မူ အဓမ္မဟူ၍ရှိ၏။ အဓမ္မသည်လည်း အနှစ်ချုပ် သုံး ခုပင်ဖြစ်၏။

**လောဘ၊ ဒေါသနှင့် မောဟ။**

လောဘ သဘောကိုဆန်းစစ်ကြည့်လျှင် လောဘသည် ဘဝကို အစပျိုးပေးကြောင်း ပေါ်လွင်ထင်ရှား၏ ။ သန္ဓေ တည်တည်ချင်း ကလလရည်ကြည်ရုပ်နှင့်အတူတကွ ဖြစ်သည့်စိတ်( ပဋိသန္ဓေစိတ်) ကို ဘဝ နိကန္တိက လောဘဇော = ကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင် တပ်မက်စွဲလန်းသောအဟုန်က စိုးမိုးထားပြီးသားဖြစ်လေ၏။ ထို့ကြောင့် ဘဝကိုလောဘဖြင့်စကြရသည်။ လောဘဖြင့်စပြီး လောဘဖြင့်မွေးဖွားကာ လောဘဖြင့်ကြီးပြင်းလာရ၏။ ယင်းလောဘသည် အတ္တကို အဖော်အဖြစ် တွဲခေါ်ထားရာ အတ္တ (ငါစွဲ) နှင့် အတူ မာန ( ငါမှငါစွဲ) တို့က စက္ကန့်နှင့်အမျှ ကြီးမားထူပြောလာခြင်းကြောင့် ဘဝသည် လောဘ၊ အတ္တ ၊ မာနတို့ မိုးမွှန်နေသည့်အထဲ ဒေါသကဆတ်ဆတ်ထိမခံ အကဲဆတ်လွန်းလာတတ်သလို မောဟကပါ ဆင်ကန်းတောတိုးတော့သဖြင့် ယင်းလောဘ၊ ဒေါသ၊ မောဟတွေ အဓမ္မအဖြစ် တောထလာလေလေ၊ လောကသည် အကျည်းတန်လာလေလေဖြစ်တော့၏ ။

ထို့ကြောင့် လောဘကို အလောဘဖြင့်၊ ဒေါကို အဒေါသဖြင့်၊ မောဟကို အမောဟဖြင့် များများပြောင်းလဲနိုင်မှသာ လောကအလှစစ်တို့ဖြစ်တည်ရှင်သန်လာပါမည်။ အနည်းဆုံးတော့ အတ္တနှင့်ပရ မျှတစွာ သိမြင်နိုင်သော မောဟ(မြော်မြင်တွေးဆပညာ) ရင့်သန်နေရပါမည်။

ထို့ကြောင့် ကလေးအရွယ်ကတည်းက ကလေးများနှလုံးသားထဲ ဓမ္မရည်ကြည်များ တစိမ့်စိမ့်ပျံ့နေအောင်မတန့်မနား ကြိုးစားနေရေးသည် ဓမ္မအရေးဖြစ်ပါ၏။ ဓမ္မတွေပျံ့မှသာ အဓမ္မတွေတန့်ပါလိမ့်မည်။ ဓမ္မတွေဖွံ့ဖြိုးမှသာ အဓမ္မတွေ နွမ်းညှိုးပါလိမ့်မည်။

**စကူး**

အင်္ဂလိပ် = မြန်မာ အဘိဓာန်များ၏ ဖွင့်ဆိုချက်များအရ ------

၁။ စာသင်ပေးနေသောဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများစုဝေးရာ အဆောက်အအုံ၊ ကျောင်း၊ ကျောင်းတိုက်။

၂။ မျှော်လင့်ချက်၊ ယုံကြည်ချက်တူကြသူတို့၏ အဝန်းအဝိုင်း။

**ဓမ္မစကူး**

မျှော်လင့်ချက်၊ ယုံကြည်ချက်တူကြသူ အဝန်းအဝိုင်းပေါင်းစည်းမှုဖြင့် ဓမ္မစကူး ဖောင်ဒေးရှင်းဖွဲ့စည်းပြီး အတန်းစဉ်အလိုက် ဆရာဖြစ်သင်တန်းဆင်း ဆရာ၊ ဆရာမများကို မွေးထုတ်လျက် ဓမ္မစကူး သင်ရိုးညွှန်းတမ်းအတိုင်း စာရိတ္တပညာရပ်၊ ဓမ္မဘာသာရပ်ကို အတန်းစဉ်အလိုက် သင်ကြားနည်းစနစ်ဖော်ထုတ်ကာ အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူတို့အား ကျောင်းပိတ်ရက် တစ်ပတ်နှစ်ရက်ထဲမှာ တနင်္ဂနွေတစ်ရက်တွင် သုံးနာရီမျှ သင်ကြားပေးနိုင်ရေး၊ သင်ကြားပေးရာဌာနများအဖြစ် ဘုန်းကြီးကျောင်းများကို ဦးတည်ထားသောကြောင့် အမြို့မြို့အရွာရွာရှိ ဘုန်းကြီးကျောင်းများ၏ ကျောင်းအမည်ကို ရှေ့တပ်၍ ရွာဦးကျောင်းဓမ္မစကူး၊ မြို့လယ်ကျောင်းဓမ္မစကူး၊ တောင်ပေါ်ကျောင်းဓမ္မစကူးစသည် စသည် ဖြစ်တည်တိုးပွားလာစေရေး၊ ပထမတန်းမှ ပဉ္စမတန်းအထိ တစ်တန်းလျှင်ဆရာ၊ ဆရာမ တစ်ဦး၊ ကျောင်းသား၊ ကျောင်းသူအယောက်လေးဆယ်နှုန်းအရ ဆရာ ငါး၊ တပည့် ၂၀၀၊ တနင်္ဂနွေ တစ် ရက်၊ သင်ခန်းစာ တစ် ခု၊ သင်ကြားချိန် သုံး နာရီ ဖြင့် သင်ခန်းစာပေါင်း ၄၀ ကို တနင်္ဂနွေ ၄၀ (၁၀-လ)သင်ကြားပေးနိုင်ရေး၊ အခြေခံပညာအတန်းကျောင်းများ၏ အတန်းတင်စာမေးပွဲများ မကျင်းပမီ ကြိုတင်ကာ ဓမ္မစကူးများကို နားထားပေးနိုင်ရေးနှင့် သင်ခန်းစာများ ကျန်ရှိနေသေးပါက အတန်းကျောင်းစာမေးပွဲများဖြေဆိုပြီးမှသာ ပြန်လည်ခေါ်ယူ သင်ကြားပေးရေး၊ ဗုဒ္ဓဘာသာ စာရိတ္တ ပညာရေးဦးတည်ချက်အရ တနင်္ဂနွေ ဓမ္မစကူးကျောင်းတက်တက်ချင်း ဩကာသကန်တော့ချိုး၊ ငါးပါးသီလ၊ မေတ္တာပို့၊ အာနာပါန ကမ္မဋ္ဌာန်းထိုင်၊ အမျှဝေ၊ သာဓုခေါ်ဟူသော ကောင်းမှု ကောင်းရာတို့ဖြင့် ကျောင်းဖွင့်ပြီးမှသာ အတန်းစဉ်အလိုက် သင်ခန်းစာများ သင်ကြားပေးနိုင်ရေး၊ ဓမ္မစကူး သင်ရိုးညွှန်းတမ်းအရ ဗုဒ္ဓဝင်၊ လက်တွေ့ဘဝ အသုံးချ ဗုဒ္ဓအဆုံးအမများ၊ ဗုဒ္ဓ ဘာသာသမိုင်း၊ မြန်မာနိုင်ငံနှင့် ဗုဒ္ဓသာသနာ၊ နိုင်ငံတကာဗုဒ္ဓသာသနာ၊ ထင်ရှားကျော်ကြား ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်များ၏အတ္ထုပ္ပတ္တိများ၊ အသုံးချ အဘိဓမ္မာနှင့် အခြေခံတရားတော်များ၊ ပါဠိ ရွတ်ဖတ်ပူဇော်နည်း၊ ရွတ်ဖတ်ပူဇော်ဖွယ်ရာ ဓမ္မရတနာများနှင့် အခြားဘာသာဆိုင်ရာ သိမှတ်ဖွယ်ရာများ စသည်စသည် ဗုဒ္ဓဘာသာဝင်တစ်ဦး သိသင့်သိထိုက်၊ ကျင့်သင့်ကျင့်ထိုက်သည့် အသိအကျင့်နှစ်မျိုးလုံးပါဝင်သော ပထမတန်းမှ ဒွါဒသမတန်းအထိ တစ်တန်းပြီးတစ်တန်း ဉာဏ်စွမ်းမြှင့်တင်သွားမည့် ဓမ္မစကူးဖြစ်ပါသည်။

အထူးဝိသေသ တစ်ရပ်မှာ ဓမ္မစကူး စာမေးပွဲစနစ်မထားရှိဘဲ ကျောင်းခေါ်ချိန်မှတ်တမ်းဖြင့် စံသတ်မှတ်ပြီး သင်တန်းဆင်းလက်မှတ်ပေးအပ်သည့်ထုံးကို ကျင့်သုံးပါသည်။

မူလတန်း သားငယ်၊ သမီးငယ်တို့၏ နှလုံးသားထဲသို့ ကောင်းမှုကောင်းရာများ တစိမ့်စိမ့် စိမ့်ဝင်ပျံ့နှံ့စေပြီး အလယ်တန်းအရောက်တွင် ကိုယ့်အားကိုယ်ကိုး ကိုယ်တိုင်ဖတ်၊ ကိုယ်တိုင်ပြော၊ ကိုယ်တိုင်ရေး သင်ခန်းစာများဖြင့် ဦးနှောက်ကို ပွင့်စေကာ အထက်တန်း အရောက်တွင်မူ လောက၊ ဓမ္မ နှစ်ဌာန၊ ဝါးဝကျမ်းကျေ၊ ကျွမ်းနှံ့စေမှုအရ လောကရေး၊ ဓမ္မရေးသိမြင်နှံ့စပ်စေသည့် သင်ခန်းစာတို့ကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက် အပြည့်အဝရရှိလာကာ သာသနာတော်ကိုရော နိုင်ငံတော်ကိုပါ ကောင်းကျိုးပြုနိုင်သည့် အသိအမြင်တို့ဖြင့် ဒုတိယအရွယ်ဥစ္စာ၊ တတိယအရွယ် ဘာဝနာ စခန်းတို့ကို အတ္တ၊ ပရ မျှတစွာဖြတ်သန်းသွားနိုင်စေမည့် နိုင်ငံ့သားကောင်း သမီးမွန်များ စဉ်ဆက်မပြတ် ဖြစ်တည် ပြည့်လျှံလာရန် ရည်သန်မျှော်မှန်းသော ဓမ္မစကူးဖြစ်ပါသည်။

> **ရတနာစည် ဓမ္မစကူးဖွင့်လှစ်နိုင်ရန် ဆရာ တကာညီညွတ်စွာ ဆွေးနွေးတိုင်ပင်ကြရာ ဝယ် ရတနာစည်အနုဂ္ဂဟ အသင်းက ဦးဆောင်လျက် တပ်ဘက်၊ နယ်ဘက်၊ အရပ် ဘက် အချိုးညီ တြိဂံစွမ်းအားပေါ်ထွန်းလာပြီး ရည်မှန်းချက်အောင်မြင်ခြင်းနှင့်အတူ အချိန် တိုအတွင်း ကျောင်းသား ကျောင်းသူများ ပိုမိုတိုးပွားလာခဲ့ ...**

**ရတနာစည်ဓမ္မစကူး**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် လွိုင်လင်မြို့၌ ရတနာစည် ဓမ္မစကူးဖွင့်လှစ်နိုင်ရန် ဆရာ တကာညီညွတ်စွာ ဆွေးနွေးတိုင်ပင်ကြရာဝယ် ရတနာစည်အနုဂ္ဂဟ အသင်းက ဦးဆောင်လျက် တပ်ဘက်၊ နယ်ဘက်၊ အရပ်ဘက် အချိုးညီ တြိဂံစွမ်းအားပေါ်ထွန်းလာပြီး ရည်မှန်းချက်အောင်မြင်ခြင်းနှင့်အတူ အချိန်တိုအတွင်း ကျောင်းသား ကျောင်းသူများ ပိုမိုတိုးပွားလာခဲ့ရာ နံနက်ပိုင်းဝယ် အတန်း ငါးတန်း၊ ကျောင်းသား ကျောင်းသူ အယောက် ၂၀၀၊ ထို့အတူနေ့ခင်းပိုင်းမှာလည်း အယောက် ၂၀၀ တို့ဖြင့်တနင်္ဂနွေနေ့ နံနက်ပိုင်းရော နေ့ခင်းပိုင်းပါ ကျောင်းသား ကျောင်းသူ အယောက် ၄၀၀ (ဝန်းကျင်) သင်ကြားပေးနိုင်ရန် ဓမ္မစကူးဆရာဖြစ် သင်တန်းဆင်း ဆရာ ဆရာမ ၁၀ ဦး၊ ခုနစ် ဦး ပေါင်း ၁၇ ဦးတို့က စေတနာ၊ ဝါသနာ၊ အနစ်နာ၊ စာနာ၊ အကြင်နာ နာ ငါး နာ စိုက်ထုတ်ရင်းနှီးနိုင်ခြင်းဖြင့် ယနေ့လွိုင်လင် တနင်္ဂနွေသည် ဓမ္မအသံ ဟိန်းဟိန်းညံ နဘံ ပျံ့လွင့်လျက်ရှိနေပါတော့သည်။

**လွိုင်လင်ခရီး**

ဤတွင် လွိုင်လင်မြို့နယ်အကြောင်းကိုပါ အနည်းငယ်တင်ပြသင့်၏။ ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့မှ လွိုင်လင်မြို့သို့သွားမည်ဆိုလျှင် ပထမဆုံး ဟိုပုံးမြို့ကို ဖြတ်ရပါ၏။ ယနေ့ကာလဝယ် ဟိုပုံးမြို့သည် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ရုံးစိုက်ရာမြို့ဖြစ်လာသဖြင့် မြို့အထွက်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရုံးအဆောက်အအုံများ ပီပီပြင်ပြင် ပေါ်ထွန်းလာနေပြီဖြစ်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်၏။ ဤဒေသ၏အုပ်ချုပ်ရေးအပါအဝင် အရေးအရာများကို ဤဒေသမှာပင် လျင်မြန်လွယ်ကူ ချောမွေ့စွာဆောင်ရွက်နိုင်ပြီဖြစ်၍ ဒေသခံပြည်သူများအတွက် အချိန်မကုန် လူမပန်းဘဲ ဥပဒေသက်ရောက်မှုများ ခံစားရလျက်ရှိနေပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ရပ်ထဲမှာ တိုင်းရင်းသားလူမျိုးတစ်မျိုးက အများဆုံးဖြစ်လျက်ရှိပြီး တစ်ဆက်တစ်စပ်တည်း မြို့ သုံး မြို့ တည်ရှိပါလျှင် ထိုဒေသကို ထိုတိုင်းရင်းသားလူမျိုး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဖွဲ့စည်းခွင့် အခွင့်အလမ်းရှိနေသည့်အတိုင်း ပအိုဝ်းလူမျိုးအများစုဖြစ်သော ဟိုပုံးမြို့ ဆီဆိုင်မြို့နှင့် ပင်လောင်းမြို့တို့ တစ်ဆက်တစ်စပ်တည်းတည်ရှိနေသော ဤဒေသသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ပေါ်ထွန်းလာခြင်းဖြစ်၏။ တစ်ခေတ်ပြီးတစ်ခေတ် ခေတ်နှင့်လျော်ညီသော အတွေးအခေါ် အမြော်အမြင်တွေ ရင်ပေါင်တန်းလာနေသည့် ပအိုဝ်းတိုင်းရင်းသားညီအစ်ကိုများအတွက် ရှေ့ဆက်၍ ပိုမိုတိုးတက်ခြင်း၊ ပိုမိုဖွံ့ဖြိုးခြင်းတွေက လက်ကမ်းကြိုဆိုနေသည်မှာ အမှန်ပင်ဖြစ်တော့သည်။ ပဓာနအကြောင်းရင်းကြီး တစ်ရပ်ကတော့ ဤဒေသသည် တည်ငြိမ်အေးချမ်းမှု ခိုင်ခိုင်မာမာ တည်ရှိပြီးဖြစ်နေခြင်းပင် ဖြစ်ပါတော့သည်။

ဤဒေသအတွင်း ပအိုဝ်းလူမျိုးအများစုက အခြားအနည်းစုဖြစ်သော ရှမ်းလူမျိုး၊ ဗမာလူမျိုး၊ အင်းသား၊ ဓနု စသည်တို့နှင့်အတူ ချစ်ချစ်ခင်ခင် အေးအေးချမ်းချမ်းရှိနေခြင်းကလည်း ဂုဏ်ယူဖွယ်၊ ဝမ်းမြောက်ဖွယ်ပုံရိပ်ဖြစ်တော့၏။

ဤဟိုပုံးမြို့ကို ကျော်ဖြတ်လာပြီးသော် မိုင်းပွန်မြို့သို့ရောက်ရှိ၏။ ဤနေရာကား တောင်ကြီးခရိုင်နှင့်လွိုင်လင်ခရိုင်နယ်စပ်ဖြစ်သောကြောင့် လွိုင်လင်ခရိုင်၏မုခ်ဦးသဖွယ်ဖြစ်သော မိုင်းပွန်မြို့က ရှမ်းဆန်ကောင်းကောင်း၊ ရှမ်းပဲပုပ်ဆိမ့်ဆိမ့်တို့ဖြင့် နွေးထွေးစွာကြိုဆိုနေပါတော့သည်။

မိုင်းပွန်မြို့သည် လွတ်လပ်ရေးအတွက် အသက်ပေးလှူခဲ့သော မိုင်းပွန်စော်ဘွား အာဇာနည်စဝ်စံထွန်း ဇာတိမြို့ဖြစ်သောကြောင့် လွတ်လပ်ရေး သမိုင်းဝင်မြို့ဖြစ်၏။ စော်ဘွားကြီး၏ဟော်နန်းမှာမူ အမွေခံတို့၏ စီမံခန့်ခွဲပုံလစ်ဟာမှုအရ နဂိုမူလပကတိအတိုင်းမတည်ရှိတော့ပါ။ စော်ဘွားကြီး၏အရိုးအုတ်ဂူမှာမူ အာဇာနည်ကျောင်း ပရိဝုဏ်အတွင်း အာဇာနည်ကုန်းဟု သတ်မှတ်အပ်သည့် ကုန်းမြင့်ဝယ် သီးခြားအရံအတားဖြင့် ကောင်းစွာ တည်ရှိနေပါ၏။ ဤအရံအတားမှာ မြို့နယ်ရှိဆရာတော်ကြီးများ၊ ဒေသခံမြို့မိမြို့ဖများ ဆန္ဒအရ အာဇာနည်ကျောင်း ဒါယိကာမကြီး သုဓမ္မသိင်္ဂီ ဒေါ်စိန်နှင့် သားသမီးတို့၏ စေတနာပြယုဂ်ဖြစ်ပါသည်။

ဤမိုင်းပွန်မြို့သည် ရှမ်းလူမျိုးအများစုက ပအိုဝ်း၊ ဗမာ၊ မြန်မာပြည်ဖွား တိုင်းရင်းသားလူမျိုးတို့နှင့်အတူ ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီး အေးအေးချမ်းချမ်း နေထိုင်လျက်ရှိသော အေးချမ်းမြေဖြစ်ပါ၏။

မိုင်းပွန်မြို့လွန်လာသော် တောင်တက်လမ်းအတိုင်း တက်လာပြီး ယခင်က ရင်ကွဲတောင်ကြား (ယခုသော် ရွှေတောင်ကြား) ဟုခေါ်သောနေရာအရောက်တွင် အပေါ်စီးမှ မြင်ရသည့် လှပသောရှုခင်းများနှင့်အတူ လွိုင်လင်မြို့ကို မှုန်ပြပြ လှမ်းမြင်ရပြီး ထင်းရှူးနံ့ပျံ့သင်းသင်း ဆောင်ကြဉ်းလာသော လေနုအေးက အပြေးလေး လာကြိုသလိုခံစားကြရပါတော့သည်။ ပင်လယ်ရေပြင်အထက် ပေ ၅၀၀၀ ကျော်ရှိ ဤရွှေတောင်ကြားမှတစ်ဆင့် တောင်စွယ် တောင်တန်းတောင်ခါးပန်းတို့ကို ဖြတ်သန်းထားသည့် မြွေလိမ်မြွေကောက်လမ်းအတိုင်း ဖြည်းဖြည်းချင်းနိမ့်ဆင်းလာခဲ့ရာ အမြင့် ၄၄၄၇ ပေတွင် လွိုင်လင်မြေကို ခြေချရပါတော့၏။

**လွိုင်လင်မြို့သာသနာ**

လွိုင်လင်မြို့သို့ဝင်လာသည်နှင့် မြို့အရှေ့ဘက်မှာတည်ရှိသော ဓာတ်တော် ဆုတောင်းပြည့်စေတီတော်ကြီးကို အဝေးမှ လှမ်းမျှော် ဖူးမြင်ရ၏။ ယင်းအပြင် လွိုင်လင်မြို့ အရှေ့မြောက်ယွန်းယွန်းဝယ် သမိုင်းဝင် မွေတော်ဖိပြစေတီတော်ကြီးကလည်း ထီးထီးမားမား တည်ရှိပွင့်ထွန်းနေ၏။ မွေတော်က မြတ်ဗုဒ္ဓ၏ဓာတ်တော်များ၊ အမွေအနှစ်များကိုရည်ညွှန်းပြီး ဖိကတော့နတ်ဟု ညွှန်းသော ရှမ်းစကားဖြစ်ကာပြသည် ပြသခြင်းဖြစ်သောကြောင့် သာသနာစောင့်နတ်မင်းကပြသပေးသည့် မြတ်ဗုဒ္ဓအမွေအနှစ်ဟု အဓိပ္ပာယ်ရစေတီတော်ဖြစ်ပါသည်။ ယင်းစေတီတော်နှစ်ဆူအပြင် မြို့လယ်ကျောင်းတိုက် မဟာမြတ်မုနိဘုရားကျောင်းအတွင်းမှာလည်း ရှေးဟောင်း မဟာမြတ်မုနိရုပ်ပွားတော် စံပယ်လျက်ရှိသကဲ့သို့ သာသနာ့ဗိမာန်မှာလည်း ရှေးဟောင်းရုပ်ပွားတော်များ ကိန်းဝပ်လျက်ရှိကာ အသီးသီးသော ကျောင်းတိုက်များမှာလည်း စေတီတော်၊ ရုပ်ပွားတော်များ စံပျော်တော်မူလျက်ရှိသောကြောင့် ယင်းဗုဒ္ဓတေဇာတော်များက မြို့လုံးပတ်လည် လွှမ်းခြုံလျက်ရှိနေပါသည်။

ရဟန်းသာမဏေ အပါး ၁၅၀ ရှိ ဓာတ်တော်စာသင်တိုက်၊ အပါး ၅၀ စီရှိ မြို့လယ်စာသင်တိုက်နှင့် ရတနာစည်စာသင်တိုက်အပြင် အပါး ၃၀၊ အပါး ၂၀ စသည် အသီးသီးရှိနေကြသည့် မြို့ပေါ်ပရိယတ္တိ စာသင်တိုက်များ၏ စာချသံ၊ စာလိုက်သံ၊ ဓမ္မအသံများ၊ မူလမင်းကွန်းကမ္မဋ္ဌာန်းနှင့် မိုးကုတ်ဝိပဿနာအဖွဲ့၊ မဟာစည်သတိပဋ္ဌာန်းအဖွဲ့များ၏ သမထ ဝိပဿနာ၊ ဘာဝနာနှလုံးရည်များ၊ သာသနာ့ဗိမာန် ပဋ္ဌာန်းအဖွဲ့၊ မြို့လယ်ပဋ္ဌာန်းအဖွဲ့များနှင့် ဌာနဆိုင်ရာ၊ ရပ်ကွက်ဆိုင်ရာ ဓမ္မစကြာအဖွဲ့များ၏ ဗုဒ္ဓဒေသနာသံများစသော ပရိယတ္တိ ပဋိပတ္တိ ဓမ္မတေဇာတော်များကလည်း မြို့ပေါ်ရော မြို့နယ်ပါ ပြန့်ကျယ်စွာ တံ့လှည့်လျက်ရှိနေပါ၏။

မြို့နယ်သံဃနာယက အဆင့် ကျောင်း နှစ် ကျောင်း၊ ပြည်နယ်အဆင့် တစ်ကျောင်း၊ နိုင်ငံတော်အဆင့်နှစ်ကျောင်းအပြင် ရပ်ကွက်သံဃနာယကဥက္ကဋ္ဌလေးကျောင်းတို့၏ ဓမ္မဝိနယနှင့်အညီ ဆောင်ရွက်မှုများ၊ ကျောင်းတိုက်အသီးသီး၏ စည်းမျဉ်းစည်းကမ်းအလျောက် စနစ်တကျ အုပ်ချုပ်မှုများဖြင့် ( သုခါ သံဃဿ သာမဂ္ဂီ = သံဃာညီညွတ်ခြင်း အရသာ (သို့) ချမ်းသာ) များပြည့်လျှံနေသလို ( သမဂ္ဂါနံ တပေါ သုခေါ=စည်းလုံးညီညွတ်သော အကျင့်ချမ်းသာ)ကိုပါ ကျင့်သုံးနေကြသည့် သံဃာ့ဂုဏ်ရနံ့ကလည်း သင်းပျံ့လှိုင်လှိုင် မြို့လုံးကြိုင်လျက်သာရှိပါကုန်၏။

*စာမျက်နှာ (၂၆) သို့*

# ရေတာရှည်မြို့နယ်၌ ပွင့်လင်းရာသီ အုတ်လုပ်ငန်းများ ပြန်လည်စတင်

**ရေတာရှည် နိုဝင်ဘာ ၃**

တည်ဆောက်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ မြို့ပြနှင့်ကျေးလက်ဒေသများ၌ ဝယ်လိုအား ကောင်းမွန်လျက်ရှိသည့် အုတ်လုပ်ငန်းများ ပွင့်လင်းရာသီ၌ လုပ်ငန်းများ ပြန်လည် စတင်လုပ်ကိုင်နေကြပြီဖြစ်သည်။ အုတ်တစ်လုံးလျှင် ၃၅ ကျပ်မှ ၅၅ ကျပ်အထိမြင့်တက်လာသော်လည်း ဝယ်လိုအားမှာ မြင့်တက်လျက်ရှိသည်ဟု အုတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ "ဝယ်လိုအားက မကျဘူး မနှစ်ကတော့ ဝယ်လှောင်သူတွေများတော့ တွက်ခြေကိုက်ပါတယ်။ လှောင်လက်တွေလည်း အကျိုးအမြတ်ရတာတွေ့ရတယ်။ မြို့တွေတင်မကဘူး ကျေးလက်တောရွာတွေကလည်း နေအိမ်တွေ၊ လမ်းတံတားတွေအတွက် ဝယ်ကြတာများတယ်"ဟု ၎င်းကပင်ဆက်၍ပြောသည်။ ရေတာရှည်မြို့နယ်၌ ဘိုးတော်ကုန်း၊ ငါးကြီးကွေ့၊ ကျူဖောင်းကျေးရွာဝန်းကျင်ဒေသများ၌ အုတ်လုပ်ငန်းလုပ်ကိုင်သူများစွာရှိပြီး အဓိကဈေးကွက်ဖြစ်သော ရန်ကုန်နှင့်ဒေသတစ်ဝန်းတည်ဆောက်ရေးလုပ်ငန်းများသို့ နေ့စဉ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။



**ကိုလွင်(ဆွာ)**

# ကြံခင်း-ပခုက္ကူရထားလမ်းဖောက်ရာတွင် ပါဝင်သည့် လယ်/ယာမြေ လျော်ကြေးပေးအပ်

**ဆိပ်ဖြူ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ကြံခင်း-ပခုက္ကူရထားဖောက်လုပ်ရာတွင် ပါဝင်သွားသည့် မြေများကို မူလပိုင်ဆိုင်သည့်တောင်သူများထံ မြေယာလျော်ကြေးပေးအပ်သည့် အခမ်းအနားကို နိုဝင်ဘာ ၂ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ကျင်းပသည်။

အခမ်းနားတွင် တိုင်းဒေသကြီးဝန်ကြီးက အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးနှင့် မြန်မာ့မီးရထားကြံခင်း-ပခုက္ကူရထားလမ်းစီမံကိန်း(မင်းဘူး) လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဦးဝင်းထွဋ်တို့က မြေယာလျော်ကြေး ငွေများကို ပေးအပ်ခဲ့သည်။

အဆိုပါရထားလမ်း ဖောက်လုပ်ရာတွင် ကျေးရွာ(၁၅) ရွာမှ တောင်သူ ၁၃၇ ဦးပိုင်ဆိုင်သည့် လယ် ၂၈ ဒသမ ၄၄ ဧက၊ ယာမြေ ၄၇ ဒသမ ၁၃ ဧကအတွက် လျော်ကြေးများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**




**သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာ တောင်ပိုင်းမိသားစု(၂၇)ကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို နိုဝင်ဘာ ၁ ရက် ညနေပိုင်းက စနေဆွမ်းလောင်းဓမ္မာရုံရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည်ကို တွေ့ရစဉ်။**

သက်ခိုင်(သန်လျင်)

*စာမျက်နှာ ၂၅ မှ အဆက်*

**လှိုင်လင်မြို့သဒ္ဓါ**

လှိုင်လင်မြို့တွင် ရပ်ကွက် လေး ခု၊ အိမ်ခြေ ၂၂၁၉ အိမ်၊ လူဦးရေ ၁၃၅၇၂ ဦးရှိ၍ ယင်းတို့အထဲမှ ဗုဒ္ဓဘာသာဝင် မြို့သူမြို့သားများ၏ သဒ္ဓါတရားအရ ရဟန်းသာမဏေပေါင်း ၃၀၀ ကျော်တို့၏ ပစ္စည်းလေးပါး အနေအထားမှာ ပြည့်စုံကုံလုံလျက်သာရှိနေပါသည်။ နေ့စဉ်အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့်တကွ ကာလအလျှောက် ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်း အလှူအတန်းများအပြင် လျောက်ပတ်သော ကျောင်းကန်၊ သိမ်၊ ဇရပ် စသည်များ၊ စနေအရုဏ်ဆွမ်းအသင်း၊ တနင်္ဂနွေအရုဏ်ဆွမ်းအသင်းနှင့် ဗုဒ္ဓဟူးဆွမ်းလောင်းအသင်းများ၊ မြို့လယ်ကျောင်း မဟာမြတ်မုနိဂေါပကအဖွဲ့က ကြီးမှူးသည့် မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ဓာတ်တော်စေတီနှင့်မွေတော်ဖိပြစေတီ ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ စသည်စသည် စေတနာ ရည်ဝင်းလဲ့သော လှိုင်လင်ရဲ့ သဒ္ဓါတရားကလည်း တိုးပွားလျက်သာရှိပါကုန်၏။

**လှိုင်လင်မြို့ရုပ်လွှာ**

လှိုင်လင်မြို့သည် တောင်မှမြောက်သို့ သွယ်တန်းနေသည့် တောင်တန်းနှစ်သွယ်၏ အလယ်ကျကျ လွင်ပြင်ကျယ်မှာ တည်ရှိနေပါ၏။ အရှေ့ဘက်တွင် လှိုင်ချယ်တောင်၊ လှိုင်နန်းတောင်နှင့် အနောက်ဘက်မှာ ပန်လျန်းတောင်၊ လှိုင်လင်တောင်တို့ ဖြစ်ပါသည်။

သမိုင်းအရ ၁၈၈၅ နိုဝင်ဘာတွင် မြန်မာတစ်နိုင်ငံလုံး ကိုလိုနီဖြစ်သွားပြီးနောက် အင်္ဂလိပ်တို့ ရှမ်းတောင်တန်းပေါ်ရောက်ရှိလာပြီး ၁၈၈၈ ခုနှစ်တွင် လှိုင်လင်မြူနီစီပယ်မြို့အဖြစ် တည်ခဲ့ကြောင်းသိရှိရ၏။ ၁၉၄၇ ခုနှစ်တွင် ပင်လုံစာချုပ်ချုပ်ဆိုနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တောင်ကြီးမြို့မှ ပင်လုံမြို့သို့ အသွားအပြန် ကားဖြင့်ဖြတ်သန်းခဲ့သည့်မြို့ဖြစ်၏။ လွတ်လပ်ရေးရပြီး ဖဆပလ အစိုးရလက်ထက် ခရိုင်ဝန်ရုံးစိုက်မြို့အဖြစ် အုပ်ချုပ်ရေး တိုးချဲ့ဖွဲ့စည်းခြင်းနှင့်အတူ ကာကွယ်ရေးဆိုင်ရာ တပ်ရင်းတပ်ဖွဲ့များ တည်ဆောက်ထားရှိ၏။ ၁၉၆၂ တော်လှန်ရေးကောင်စီလက်ထက်တွင် လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီကအုပ်ချုပ်ခဲ့၏။ ယနေ့ကာလတွင် လှိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်၊ လှိုင်လင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်တို့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများက ခရိုင်အကျိုး၊ မြို့နယ်အကျိုး သယ်ပိုးလျက်ရှိပါသည်။

သို့ဖြစ်ရာ လှိုင်လင်မြို့တွင် တပ်ဘက်၊ နယ်ဘက်နှင့် အရပ်ဘက်ဟူသော သုံးနားညီ တြိဂံပုံရိပ်ထင်ဟပ်နေပါသည်။ ကာကွယ်ရေးတပ်မတော်သားများ၊ ပြည်ထဲရေး ခရိုင်။ မြို့နယ်ဝန်ထမ်းများ တည်ရှိနေကာ မြို့ခံ ရှမ်း၊ ဗမာ၊ ပအိုဝ်း စသည်တို့နှင့်အတူ ခင်မင်ရင်းနှီးစွာ ပြုံးရုပ်လွှာ ထင်ဟပ်သော လှိုင်လင်မြို့ဖြစ်လျက်ရှိပါ၏။

လှိုင်လင်မြို့ပြုံးရုပ်သွင်သည် ဓမ္မစကူး ပြုံးရိပ်ဆင်မှုနှင့်အတူ ပိုယဉ်ပိုလှ ပိုမိုရုပ်လုံးကြွလာတော့မည်မှာ ဧက ဧကန်ဖြစ်ပါတော့သတည်း။ ။

## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

# တရားမဝင်ကျွန်းသစ်ခွဲသားများ ဖမ်းမိ

**စစ်ကိုင်း နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်၌ တရားမဝင်ကျွန်းသစ်ခွဲသားများ ဖမ်းမိခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁ ရက်က နေပြည်တော်စစ်ကြောင်းအဖွဲ့မှ ဦးစီးအရာရှိ ဦးသန်းကျော်ဦးစီးသောအဖွဲ့သည် ရွှေဘို-မြစ်ကြီးနား ကားလမ်းပေါ်ရှိ ကျောက်တန်းကျေးရွာ လမ်းအသုံးပြုခကောက်ခံရေးဂိတ်၌ တရားမဝင်သစ်ဖမ်းဆီးရေးဆောင်ရွက်နေစဉ် အင်းတော်ဘက်မှ မန္တလေးဘက်သို့ ဌေးလွင်မောင်းနှင်လာသော အဖြူရောင်ခြောက်ဘီးယာဉ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ တရားမဝင်ကျွန်းခွဲသား ၂၈၉ ချောင်း (၄ ဒသမ ၁၀၆)တန်ကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် တရားမဝင်သစ် သယ်ဆောင်သူ ဌေးလွင်နှင့်အပေါင်းအပါနှစ်ဦးကို ဥပဒေအရအရေးယူပေးပါရန် ကောလင်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ထွန်းထွန်းအောင်က တရားလို ပြုလုပ်တိုင်ကြားသဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှူအောင်(ကသာ)**

# အထူးရဲတပ်ဖွဲ့ဝင်သင်တန်းဆင်း

**သီပေါ နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ရွေးကောက်ပွဲ၌ မဲရုံလုံခြုံရေးဆောင်ရွက်မည့် အထူးရဲတပ်ဖွဲ့ဝင်များ သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက် ညနေက မြို့နယ်ရဲတပ်ဖွဲ့စခန်း ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက သင်တန်းဖွင့်လှစ်ရခြင်းနှင့် အထူးရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ မြို့နယ်အထွေထွေရွေးကောက်ပွဲ မဲရုံ(၁၀၂) ရုံအတွက် အထူးရဲများတက်ရောက်ကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက တာဝန်များပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**




# အထူးရဲသင်တန်းဆင်းပွဲကျင်းပ

**ကန်ပက်လက် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့အထူးရဲသင်တန်းဆင်းပွဲအခမ်းအနားကို ကန်ပက်လက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌အောက်တိုဘာလနောက်ဆုံးပတ်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန့်ဇင်က အမှာစကားပြောကြားပြီး ရဲမှူးက အထူးရဲများသင်တန်းပေးရခြင်းအကြောင်း ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တွေ့ဆုံပွဲကျင်းပ

**ရပ်စောက် နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကော်မရှင်အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာထွန်းအေးက မြို့နယ်ရွေးကောက်ပွဲဆိုင်ရာများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြပြီး ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးတင်မြင့်က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရွေးကောက်ပွဲဆိုင်ရာ သင်တန်းနှင့်ဆန္ဒမဲပေးသရုပ်ပြပွဲကျင်းပ

**ခန္တီး နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ရွေးကောက်ပွဲဆိုင်ရာသင်တန်းနှင့် ဆန္ဒမဲပေး သရုပ်ပြအခမ်းအနားကို နိုဝင်ဘာ ၁ ရက်က ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မဲရုံမှူးနှင့်တာဝန်ကျ ပညာရေးဝန်ထမ်းများ၊ ကော်မရှင် ဝန်ထမ်းများ၊ လုံခြုံရေးတာဝန်ကျ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူများ ရှေ့မှောက်၌ ဆန္ဒမဲပေးခြင်းကို သရုပ်ပြခဲ့ကြောင်း သိရသည်။

**ချန်လော(ခန္တီး)**

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မာရှီးလျင် (လားရှိုးမြို့)

### အသက်(၁၀၈)နှစ်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့(၁၂)ရပ်ကွက်၊ ရှမ်းခိုလောင်းလမ်း၊ အမှတ်(၂၅) နေ (ဦးရန်နိမ်ကျမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးရန်ကြွင်း-ဒေါ်ရှောက်နော်၊ ဦးရန်ဟော် (Chairman, Mottama Holdings Ltd.)-ဒေါ်ခင်ခင်ထက်တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မြေး(၅၇)ယောက်၊ မြစ်(၈၀)၊ တီ(၂၉) ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၃၁-၁၀-၂၀၁၅ ရက် (စနေနေ့) နံနက် ၁း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Mottama Holdings Ltd.**

**ကုမ္ပဏီဝန်ထမ်းများ**

---

### ဦးဝင်းမြင့်နှင့် အများသိစေရန်အသိပေးကြေညာခြင်း

ပျော်ဘွယ်မြို့နယ်၊ ရှမ်းပွဲအရှေ့ပိုင်း၊ နယ်မြေအမှတ်(၁၁)အတွင်းရှိ တောင်မြောက် (အရှေ့-၂၄၁ပေ၊ အနောက် ၃၂၄ ပေ)၊ အရှေ့အနောက် (မြောက်-၂၀၀ပေ၊တောင်-၂၀၉ ပေ)ရှိသည့် မြေကွက်ကို မူလပိုင်ရှင် ဦးသန်းဌေးထံမှ ဦးကျော်ဆွေက ၂၆-၆-၈၄ ရက်စွဲပါ အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်လက်ရှိနေထိုင်ခဲ့ပါသည်။ ၃၀-၁၂-၈၄ ရက်တွင် အချင်းဖြစ်မြေကွက်ကို ဦးတင်မောင်အား အခမဲ့နေထိုင်ခွင့်ပြုခဲ့ရာ ယခုအခါ ဦးတင်မောင် ကွယ်လွန်သွားပြီးနောက် ၎င်း၏သား ဦးဝင်းမြင့်က ဆက်လက်နေထိုင်လျက်ရှိပါသည်။ မြေပိုင်ရှင် ဦးကျော်ဆွေသည် ဦးဝင်းမြင့်အား အချင်းဖြစ်မြေကွက်မှထွက်ခွာပေးရန် အသိပေးအကြောင်းကြားပြီးဖြစ်ပါသည်။ အချင်းဖြစ်မြေကွက်နှင့်ပတ်သက်၍ ပိုင်ရှင်ဖြစ်သူ ဦးကျော်ဆွေ မသိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ စသည့်ကိစ္စများကို မပြုလုပ်ရန် ဦးဝင်းမြင့်နှင့် အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဦးကျော်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြတ်မင်း BSc, H.G.P, RL,DBL** | **ဒေါ်ဝင်းဝင်းအောင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **ဖုန်း-၀၉-၂၀၃၂၀၄၄** | **ဖုန်း-၀၉-၂၀၂၉၆၈၇** |

**အမှတ် ပ-၆/၁၂၀-၄၄ လမ်း၊ ၆၀×၆၁လမ်းကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**

---

အမှတ် ၁၇၂၊ ပထမထပ်(ယာ)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်/နောက်ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ရှိတိုက်ခန်းနှင့်ပတ်သက်၍

### အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာခြင်း

၃၀-၁၀-၂၀၁၅ ရက် မြန်မာ့အလင်းသတင်းစာ၊စာမျက်နှာ ၃၀၌အထက်ပါတိုက်ခန်းကို ဒေါ်ခင်ညွန့်ကြည်က လွှဲပြောင်းရောင်းချမည်ဖြစ်၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာကိုဖတ်ရှု တွေ့ရှိရပါသည်။ ကျွန်ုပ်တို့အနေဖြင့် အဆိုပါတိုက်ခန်းကို ရောင်းဝယ်ခြင်းမပြုရန်နှင့် ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းမပြုရန် တားမြစ်ခြင်းကြော်ငြာကို ၂၄-၁၀-၂၀၁၅ ရက် မြန်မာ့အလင်းသတင်းစာ၊စာမျက်နှာ ၂၆တွင် ရှင်းလင်းကြေညာထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းကို ဒေါ်ခင်ညွန့်ကြည်က ဦးမြတ်မိုးအောင်အား အပြီးအပိုင်ပေး ကမ်းခြင်းစာချုပ်ချုပ်ဆို၍ ပေးအပ်ထားပြီးဖြစ်ရာဒေါ်ခင်ညွန့်ကြည်၏ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်တကွ လက်ရောက်ရရှိပြီးတိုက်ခန်းလခများ၊ လျှပ်စစ်မီတာခများကို သက်ဆိုင်ရာသို့ ပေးဆောင်၍ လက်ဝယ်ထားရှိပါသည်။

သို့ဖြစ်၍ ဤတိုက်ခန်းကို ဒေါ်ခင်ညွန့်ကြည် အပါအဝင် မည်သူမျှရောင်းချခြင်း၊ ငှားရမ်းခြင်း၊ အခြားနည်းလွှဲပြောင်းခြင်း၊ အိမ်တွင်းရှိပစ္စည်းများအား အလွဲသုံးစားခြင်းနှင့် အိမ်တွင်းသို့ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းမပြုရန် ထပ်မံတားမြစ်လိုက်သည်။ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လိုက်နာခြင်းမရှိပါက မည်သူ့ကိုမဆို တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဇာခြည်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစန်းဝင်း (စဉ်-၂၄၆၆)** | **ဒေါ်ခိုင်ဆုဝေ(စဉ်-၃၁၇၁၂)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **ဒေါ်မေသူအောင် (စဉ်-၄၂၈၅၂)** | **ဒေါ်သီသီဖြူ (စဉ်-၄၂၈၉၇)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၈၅)၊ ပထမထပ်(ယာ)၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊**

**ဖုန်း-၀၉-၅၀၁၉၁၅၅၊ ၀၁-၂၉၆၃၀၃**

---

**ပျောက်ဆုံးကြောင်း**

ဦးသာတိုး၏သမီး မခင်ဇာမျိုး ၁၂/ထတပ(နိုင်)၀၉၀၂၉၄၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၀၄၀၃၇၉၊ ၀၉-၂၅၃၁၉၂၉၁၁**

---

### အထူးကျေးဇူးတင်လွှာ

**ဒေါ်ခင်ပြုံးသစ်**

**B.Sc(Chemistry)**

**အစီအစဉ်လက်ထောက်(ငြိမ်း/၈၈)၊ မြန်မာ့အသံ**

**အသက်(၅၄)နှစ်**

၁၈-၁၀-၂၀၁၅ ရက်ကစင်ကာပူနိုင်ငံနေအိမ်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်ခင်ပြုံးသစ်၏ နာရေးတွင် စင်ကာပူနိုင်ငံ၌ မီးသင်္ဂြိုဟ်ရာတွင် လည်းကောင်း၊ ရေဝေးသုသာန်တွင် အရိုးပြာအိုးဂူသွင်းရာတွင်လည်းကောင်း တက်ရောက်ဝိုင်းဝန်းအားပေးခဲ့ကြပါသော စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံရှိ ဆွေမျိုးမိတ်သင်္ဂဟများ၊ စင်ကာပူ နီအန်းပိုလီမှ ကျောင်းသားကျောင်းသူများ၊ အလှူငွေ ထည့်ဝင်ကြသူများ၊ ပန်းစည်းပန်းခြင်းပေးပို့ကြသူများ၊ သင်္ကန်းပရိက္ခရာနှင့်လှူ ဖွယ်ပစ္စည်းပေးပို့ကြသူများ၊ စာဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ အီးမေးလ်ဖြင့်လည်းကောင်း၊ သတင်းမေးအားပေးစကားပြောကြားကြသူများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီး တင်ကိုကို(ငြိမ်း)(ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေးဌာန၊ လူမှု ဖူလုံရေးအဖွဲ့၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)၏ ဇနီး ဒေါ်မီမီကိုသည် ၃၁-၁၀-၂၀၁၅ရက် နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ကြီးခင်မောင်ညွန့်(ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေးခိုင် မိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီး တင်ကိုကို(ငြိမ်း)(ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေးဌာန၊ လူမှု ဖူလုံရေးအဖွဲ့၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)၏ ဇနီး ဒေါ်မီမီကိုသည် ၃၁-၁၀-၂၀၁၅ရက် နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ကြီးနေမျိုးအောင်(ငြိမ်း)နှင့်ဇနီး ဒေါ်ညိုပြာဌေး မိသားစု**

---

**ပျောက်ဆုံးကြောင်း**

ကျွန်မ မယုမွန်အေး ၁၂/ပဘတ(နိုင်)၀၃၀၀၃၃၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၀၄၆၉၇၆**

---

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သမီး မအေးစန္ဒာသိန်း ၁၀/မလမ(နိုင်) ၂၂၂၃၀၈သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ ၂၈-၁၀-၂၀၁၅ ရက်တွင် မိမိသဘောဆန္ဒအလျောက် မိဘနေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သတ်သည့်ကိစ္စများအား (လုံး၀)တာဝန်မယူပါ။

**(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**

**ဦးသိန်းထွန်း ၁၀/သဖရ(နိုင်)၀၀၄၉၀၁**

**ဒေါ်ငွေဝင်း ၁၀/သဖရ(နိုင်)၀၀၄၉၀၂**

---

### (၂)နှစ်ပြည့်အမှျပေးဝေခြင်း

**ဘုရား၊ရဟန်း၊သိမ်၊ ကျောင်းဒါယကာကြီး**

**ဦးသိန်းလွင်**

**ဒါရိုက်တာ၊ စိုးရတနာလင်းကုမ္ပဏီ**

**ပဲခူးမြို့၊ ရွှေသာလျောင်းဘုရားဂေါပကအဖွဲ့ဝင်**

**အသက်(၆၁)နှစ်**

အဖေကြီး မိသားစုကို ထာဝရခွဲခွာသွားခဲ့တာ ၄-၁၁-၂၀၁၅ရက်မှာ (၂)နှစ်ပြည့်ပါပြီ။ဒီနေ့မှာ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်များထံ ဆွမ်း၊ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို အမှျပေးဝေပါတယ်။

ရှာလည်းမတွေ့၊ ကြာလည်းမမေ့၊ ငါလည်းတစ်နေ့ - အသိဖြင့် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်မြတ်တို့ကို ပွားများအားထုတ်၍လည်း ကုသိုလ်အစုစုတို့ကို အမှျပေးဝေပါတယ်။

အမှျရ၍ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ မြတ်နိဗ္ဗာန်သို့ ရောက်ရှိပါစေ-

**ချစ်ဇနီး-ဒေါ်ဝင်းမြင့်**

**ချစ်သားသမီးများ**

**ချစ်မြေးလေးများ-မောင်အံ့ဘွယ်စိုး၊ မမေထိပ်ထားခင်၊ မမေမြတ်နိုးခင်**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဌေးကြည်**

**အသက်(၆၁)နှစ်**

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ယာယီကြီးကြပ်မှုအဖွဲ့ တာဝန်ခံ ဦးတိုးအောင်၏ အစ်မ ဒေါ်ဌေးကြည်သည် ၂၅-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဝန်ထမ်းများ**

---

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့နေ၊ ဦးသန်းစိုး ၁၀/မလမ(နိုင်)၀၃၆၆၇၀၊ ဒေါ်အေးမြင့် ၁၀/မလမ(နိုင်) ၁၁၅၀၅၉တို့၏သား မောင်ကောင်းစည်သူ ၁၀/မလမ(နိုင်)၂၃၉၉၅၃သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းစိုး-ဒေါ်အေးမြင့်**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အပေါ် ဆက်လက်အကောင်အထည်ဖော်ပြီး ထာဝရငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ရမည်ဖြစ်

စာမျက်နှာ-၃

# ပါရီရာသီဥတုဆိုင်ရာဆွေးနွေးပွဲ အောင်မြင်သည့်ဆွေးနွေးပွဲဖြစ်လာရန် မြန်မာအပါအဝင် အခြားမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ




မိုးမျှော်တိုက်တာများနှင့် စိမ်းလန်းသော သဘာဝတရားကိုပေါင်းစပ်ထားခြင်းဖြင့် ရာသီဥတုအရေး တစ်ဖက်တစ်လမ်းမှ ကာကွယ်ပေးနိုင်သည်။

သတင်း ခင်ရတနာ
ဓာတ်ပုံ မေဦးမိုး

နေပြည်တော် နိုဝင်ဘာ ၃

ကမ္ဘာ့ရာသီဥတုဆိုင်ရာ ဖြေရှင်းမှုအသစ်တစ်ခုကို လာမည့် ဒီဇင်ဘာလတွင် ပါရီမြို့၌ သဘောတူချမှတ်မှုမပြုမီ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့မှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအား ကြိုးပမ်းမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့အမျိုးသား ရာသီဥတုပြောင်းလဲမှု မဟာဗျူဟာနှင့် ဆောင်ရွက်မည့်အစီအစဉ်မူကြမ်းကို နိုဝင်ဘာ ၂ရက်တွင်ကျင်းပသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အဓိက သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ စာမျက်နှာ ၁၄ ကော်လံ ၁ ◆

## ယနေ့ ဖတ်စရာ

တရုတ်နှင့်ပြင်သစ်အကြား ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆို
စာမျက်နှာ » ၄

ဆီးရီးယားစစ်ပွဲ၌ တိုက်ရိုက် ပါဝင်လာသော ရုရှားနိုင်ငံ
စာမျက်နှာ » ၅

မှတ်သုံးလေပြန်လည် ဆုတ်ခွာချိန် ဖြစ်ပေါ်လေ့ရှိသည့် မိုးလေဝသအခြေအနေ သို့မဟုတ် လတ်တလော မြန်မာနိုင်ငံအပေါ် သက်ရောက်နေသည့် မိုးတိမ်ထူထပ်အုံ့ဆိုင်းမှုပြဿနာ
စာမျက်နှာ » ၇

## အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅ အထူးကဏ္ဍအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

# မြန်မာ ယူ-၂၁ အသင်း ခြေစမ်းပွဲ၌ အနိုင်ရ

သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် နိုဝင်ဘာ ၃

မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာယူ-၂၁ အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေ ၆ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာ ယူ-၂၁ အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြသစ် ဂတ်ဖရိုင်းဒရစ်၏ ပွဲဦးထွက်ပွဲစဉ်မှာ တာထွက်မလှခဲ့ဘဲ ယူ-၂၁ အသင်းကို အရှုံးပေးခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ နိုဝင်ဘာ ၃ ရက်မှသာ လူစုံခဲ့ပြီး စုစည်းလေ့ကျင့်မှု မရှိသေးသောကြောင့် စာမျက်နှာ ၁၀ ကော်လံ ၄ ❍




မြန်မာ့လက်ရွေးစင်အသင်းနှင့် ယူ-၂၁အသင်းတို့ ယှဉ်ပြိုင်နေစဉ်။






မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS




# မြန်မာ့အလင်း

## ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅

နိုဝင်ဘာ ၄၊ ၂၀၁၅ (ဗုဒ္ဓဟူး)


**ဒို့တာဝန် အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။



## သမိုင်းကို အတူတကွပုံဖော်ရေးသားကြမည်

ဒီကနေ့ကစပြီး ကျွန်တော်တို့အားလုံးဟာ ကျွန်တော်တို့ရဲ့ ဘုံအနာဂတ်အတွက် အတူတကွတာဝန်ရှိသူတွေ ဖြစ်သွားပါပြီ။ ကျွန်တော်တို့ရဲ့သမိုင်းကို အတူတကွ ပုံဖော်ရေးသားကြရတော့မှာပါ။ သမိုင်းရဲ့အောင်မြင်မှု၊ ကျရှုံးမှုတွေကို အတူတကွ တာဝန်ခံ၊ တာဝန်ယူကြရတော့မှာပါ။ ဒီကနေ့ လက်မှတ်ရေးထိုးတဲ့ NCA စာချုပ်ဟာဆိုရင် ကျွန်တော်တို့ အချင်းချင်းအကြားမှာ တည်ဆောက်ရရှိလာတဲ့ယုံကြည်မှုကို ပြသနိုင်ခဲ့တာဖြစ်ပါတယ်။ အနာဂတ်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးအမွေတစ်ခု ချန်ထားနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ စိတ်ရင်းစေတနာအမှန်ကိုလည်း ထင်ထင်ရှားရှားသက်သေထူနိုင်ခြင်းပဲဖြစ်ပါတယ်။ **(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့ MICC-2 တွင် ကျင်းပသည့် NCA လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှကောက်နုတ်ချက်)**

# မြန်မာ့နိုင်ငံခြားရေးမူဝါဒအစဉ်အလာကို အောင်မြင်စွာဆက်လက်ကျင့်သုံးသွားနိုင်ရန် ကြိုးပမ်း

**နိုင်ငံခြားရေးဝန်ကြီးဌာန**

သံတမန်အဆက်အသွယ်

**၁၉၄၇ ခုနှစ်တွင် ပါကစ္စတန်၊ ဗြိတိန်၊ အိန္ဒိယနိုင်ငံတို့သို့ မြန်မာနိုင်ငံမှ မဟာမင်းကြီးများ စေလွှတ်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံသို့လည်း သံအမတ်ကြီး များ စေလွှတ်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံ၌ ဗြိတိန်၊ အိန္ဒိယ၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်နှင့် ပါကစ္စတန် နိုင်ငံတို့မှ သံအမတ်ကြီးများရှိနေပြီး ပြင်သစ်နှင့် နယ်သာလန်နိုင်ငံတို့မှ အာဏာကုန်လွှဲအပ်ခြင်းခံရသော သံကိုယ်စားလှယ်များရှိခဲ့သည်။**

ထို့ပြင် ဆွီဒင်၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်၊ နော်ဝေနှင့် ဒိန်းမတ်နိုင်ငံတို့မှ ကောင်စစ်ဝန်များ၊ အင်ဒိုနီးရှားနိုင်ငံမှ အထူးကိုယ်စားလှယ်များလည်း ခန့်အပ်ထားသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၅ နိုင်ငံနှင့် သံတမန်ဆက်သွယ်မှုပြုလုပ်ထားသည်။

**၁၀ နိုင်ငံနှင့် တိုးချဲ့ထူထောင်**

နိုင်ငံတော်အစိုးရသစ်တာဝန်ယူပြီး နောက်ပိုင်းတွင် ဘော့စ်နီးယားနှင့်ဟာဇီဂိုးဗီးနား၊ မာလာဝီ၊ ဘူတန်၊ လူဇင်ဘတ်၊ လတ်ဗီးယား၊ အက်စ်တိုးနီးယား၊ အိုက်စလန်၊ အာမေးနီးယား၊ အင်ဂိုလာ၊ လစ်သူယေးနီးယားနိုင်ငံတို့နှင့် သံတမန်အဆက်အသွယ် တိုးချဲ့ထူထောင်ခဲ့ရာ စုစုပေါင်း ၁၀ နိုင်ငံနှင့် သံတမန်ဆက်ဆံရေး တိုးချဲ့ထူထောင်နိုင်ခဲ့သည်။

အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဒိုမီနီကန် သမ္မတနိုင်ငံတို့နှင့် သံတမန်ဆက်သွယ်မှုထူထောင်ရန် နှစ်နိုင်ငံ သဘောတူညီချက် လက်မှတ်ရေးထိုးရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

သံတမန်ဆက်သွယ်မှုမထူထောင်ရသေးသည့် အီသီယိုးပီးယား၊ ဂီနီ၊ ကုတ်ဒီဗွား၊ မော်တာနိုင်ငံတို့နှင့်လည်း သံတမန်ဆက်သွယ်မှုထူထောင်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

**ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများ**

ကမ္ဘာ့နိုင်ငံပေါင်း ၃၆ နိုင်ငံတွင် မြန်မာသံရုံး ၃၄ ရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးလေးရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ခြောက်ရုံးကို ဖွင့်လှစ်ထားရှိသည်။

ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်ရုံး ခုနစ်ရုံး၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးခြောက်ရုံးနှင့် စစ်သံရုံး ၁၆ ရုံးတို့ကိုလည်း ဖွင့်လှစ်ထားရှိသည်။

ပြည်ပနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရန်အတွက် လည်းကောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားကို ပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက်လည်းကောင်း အစိုးရသစ်လက်ထက်တွင် မြန်မာသံရုံး၊ အဖွဲ့ရုံး ကိုးရုံး၌ စီးပွားရေးသံမှူးများကို တွဲဖက်တာဝန်ပေးခန့်ထားသည်။

အလုပ်သမားသံအရာရှိများကို မလေးရှား၊ ထိုင်းနှင့် တောင်ကိုရီးယားနိုင်ငံများရှိ မြန်မာသံရုံးများ၌ တွဲဖက်တာဝန်ပေးထားသည်။ အစိုးရသစ်လက်ထက်တွင် မြန်မာသံရုံး၊ အော်စလိုမြို့(နော်ဝေနိုင်ငံ)၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဗီယင်နာမြို့(ဩစတြီးယားနိုင်ငံ)၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ချင်းမိုင်မြို့(ထိုင်းနိုင်ငံ)နှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ လော့အိန်ဂျယ်လိစ်မြို့(အမေရိကန်ပြည်ထောင်စု)တို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

**မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများ**

ရန်ကုန်မြို့၌ သံရုံးဖွင့်လှစ်ထားရှိသော နိုင်ငံပေါင်း ၄၅ နိုင်ငံရှိပြီး နိုင်ငံခြားသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးနှင့် ကုလသမဂ္ဂ/ အထူးအဖွဲ့အစည်း စုစုပေါင်း ၇၅ ရုံးရှိသည်။

၂၀၁၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးနှင့် ကုလသမဂ္ဂ/အထူးအဖွဲ့အစည်း စုစုပေါင်း ၄၈ ရုံးရှိခဲ့ပြီး ၁-၄-၂၀၁၁ ရက်နေ့မှ ၃၀-၉-၂၀၁၅ ရက်နေ့အထိ လေးနှစ်တာကာလအတွင်း ရုံးပေါင်း ၂၇ ရုံးကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

*စာမျက်နှာ (ခ) သို့*



၁၉-၁၁-၂၀၁၂ ရက်နေ့က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမေရိကန် သမ္မတ မစ္စတာ ဘားရက်အိုဘားမားတို့ ရန်ကုန်မြို့၌ တွေ့ဆုံစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

# ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁ – ၂၀၁၅






၈-၈-၂၀၁၄ ရက်နေ့ နေပြည်တော်၌ကျင်းပသော (၄၇)ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ မျက်နှာစုံညီအစည်းအဝေးမှတ်တမ်းဓာတ်ပုံ။ (ဓာတ်ပုံ-သတင်းစဉ်)

**ရှေ့ဖုံးမှ**

မြန်မာနိုင်ငံ၌ သံရုံးအခြေစိုက်ထားခြင်းမရှိသော်လည်း မြန်မာနိုင်ငံ၏ အိမ်နီးနားချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ဗီယက်နမ်၊ ထိုင်း၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ စင်္ကာပူနှင့်မလေးရှားနိုင်ငံစသော နိုင်ငံများ၌ သံရုံးများ အခြေစိုက်ထားရှိပြီး မြန်မာနိုင်ငံကို ပူးတွဲတာဝန်ယူသော နိုင်ငံပေါင်း ၄၅ နိုင်ငံရှိသည်။

မန္တလေးမြို့၌ တရုတ်နှင့်အိန္ဒိယနိုင်ငံတို့မှ ကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားရှိပြီး စစ်တွေမြို့၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံကောင်စစ်ဝန်ရုံးကို ဖွင့်လှစ်ထားရှိသည်။

အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံ၌ အီးယူကိုယ်စားလှယ်ရုံး၊ တူရကီသံရုံး၊ နော်ဝေသံရုံး၊ ဆွစ်ဇာလန်သံရုံး၊ ဒိန်းမတ်သံရုံး၊ ချက်သံရုံး၊ ကနေဒါသံရုံး၊ နယူးဇီလန်သံရုံး၊ တီမောလက်စ်တေသံရုံး၊ ကူဝိတ်သံရုံး၊ စပိန်သံရုံး၊ ကာတာသံရုံး၊ ပိုလန်သံရုံးခွဲ၊ နယ်သာလန်သံရုံးခွဲ၊ ဖင်လန်သံရုံးခွဲနှင့် ဆွီဒင်သံရုံးခွဲတို့ကို ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။

**အပြန်အလှန်ခရီးစဉ်များ**

၁-၄-၂၀၁၁ ရက်နေ့မှ ၉-၁၀-၂၀၁၅ ရက်နေ့အထိ ကာလအတွင်း နိုင်ငံတော်သမ္မတအနေဖြင့် ပြည်ပခရီးစဉ်ပေါင်း ၄၁ ကြိမ်၊ ဒုတိယသမ္မတ(၁)နှင့် ဒုတိယသမ္မတ(၂)တို့အနေဖြင့် ပြည်ပခရီးစဉ်ပေါင်း ၂၂ ကြိမ် သွားရောက်ခဲ့ပြီး ပြည်ပနိုင်ငံများမှ နိုင်ငံအကြီးအကဲအဆင့် ခရီးစဉ် အကြိမ် ၂၀၊ ဒုတိယသမ္မတအဆင့် ခရီးစဉ် ငါးကြိမ်၊ အစိုးရအဖွဲ့အကြီးအကဲခရီးစဉ် ၃၆ ကြိမ်၊ ဘုရင်ခံချုပ်/ပြည်နယ်အုပ်ချုပ်ရေးမှူးခရီးစဉ် နှစ်ကြိမ်၊ ဒုတိယဝန်ကြီးချုပ်ခရီးစဉ် ရှစ်ကြိမ်၊ နိုင်ငံခြားရေးဝန်ကြီးခရီးစဉ် ၃၅ ကြိမ်နှင့် ဝန်ကြီးအဆင့်လွှတ်တော်အမတ်/အစိုးရအထူးကိုယ်စားလှယ်ခရီးစဉ် ၁၂ ကြိမ် လာရောက်ခဲ့သည်။

အဆိုပါခရီးစဉ်များအနက် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာဘားရက်အိုဘားမား၊ ဂျာမနီနိုင်ငံ သမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်၊ နော်ဝေဘုရင်နှင့် မိဖုရား၊ ဗြိတိန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဒေးဗစ်ကင်မရွန်း၊ ဘယ်လာရုစ်၊ နော်ဝေနှင့် ဆွီဒင်နိုင်ငံတို့မှ ဝန်ကြီးချုပ်များ၊ ဥရောပကော်မရှင်ဥက္ကဋ္ဌ မစ္စတာဘာရိုဆိုနှင့် နယ်သာလန်မိဖုရားတို့၏ ခရီးစဉ်များလည်း ပါဝင်သည်။

ထိုနည်းတူ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ရုရှားဖက်ဒရေးရှင်း၊ ကနေဒါ၊ ချက်သမ္မတနိုင်ငံ၊ လူဇင်ဘတ်၊ အီတလီ၊ ဆွစ်ဇာလန်၊ ဂျာမန်၊ ပိုလန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အီးယူနိုင်ငံခြားရေးနှင့် လုံခြုံရေးရာ အကြီးအကဲ မစ္စကက်သရင်းအက်ရှ်တန်တို့လည်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြသည်။

အမေရိကန်သမ္မတဟောင်းများဖြစ်ကြသည့် ဂျင်မီကာတာနှင့် ဘီလ်ကလင်တန်၊ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲနှင့် စင်ကာပူဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး ဂိုချောက်တောင်တို့လည်း လာရောက်ခဲ့သည်။

**လူကုန်ကူးခံရသူများ ပြန်လည်ခေါ်ဆောင်**

ပြည်ပနိုင်ငံများသို့ လူကုန်ကူးခံရသူများအား မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း၊ ပြည်ပနိုင်ငံရောက် မြန်မာနိုင်ငံသားဟောင်းများမှ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူလိုခြင်း၊ ပြည်ပနိုင်ငံများတွင် နိုင်ငံသားများ အကြောင်းအမျိုးမျိုးကြောင့် သေဆုံးပါက သဂြိုဟ်ခြင်း၊ အရိုးပြာယူဆောင်ခြင်း၊ ရုပ်အလောင်းသယ်ဆောင်ခြင်း အစရှိသည်များအား ကူညီဆောင်ရွက်ပေးခြင်း၊ ပြည်ပသို့တရားမဝင်ရောက်ရှိ အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသား အလုပ်သမားများအား နိုင်ငံသားစိစစ်၍ မြန်မာနိုင်ငံကူးလက်မှတ်များ သွားရောက်ထုတ်ပေးကာ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရရှိရေး ဆောင်ရွက်ခြင်း၊ ပြည်ပရောက် မြန်မာအလုပ်သမားများအတွက် လျော်ကြေးရရှိရေးဆောင်ရွက်ခြင်း၊ သင်္ဘောသားများ၏ အထွေထွေကိစ္စရပ်များ၊ ထိုင်းနှင့်မလေးရှားနိုင်ငံတို့တွင် တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသော နိုင်ငံသားများအား တရားဝင်အထောက်အထားများရရှိနိုင်ရေးတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံတွင် လူကုန်ကူးခံရပြီး အဓမ္မခိုင်းစေခံနေရသော မြန်မာနိုင်ငံသားများအား အမြန်ဆုံးပြန်လည်ခေါ်ဆောင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ IOM ကဲ့သို့အဖွဲ့အစည်းများ စသည်တို့နှင့် ပူးပေါင်းဆောင်ရွက်၍ ၂၀၁၅ ခုနှစ်၊ မေလမှ ဇွန်လအတွင်း အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI)မှ စင်းလုံးငှားလေယာဉ်များဖြင့် မြန်မာရေလုပ်သား ၅၁၄ ဦး ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး အဆိုပါရေလုပ်သားများ၏ လုပ်ခလစာနှင့် နစ်နာကြေးများ ရရှိရေးအတွက်လည်း သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

အန်ဘွန်ကျွန်း ရေပိုင်နက်အတွင်း တရားမဝင် ဝင်ရောက်ငါးဖမ်းခြင်းကြောင့် ထိန်းသိမ်းခံရသည့် မြန်မာရေလုပ်သားများ၏ လုပ်ခလစာများ ရရှိရေးအတွက် သက်ဆိုင်ရာကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း မြန်မာရေလုပ်သား ၁၇၆ ဦးအား လေယာဉ်စင်းလုံးငှား၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံထိန်းသိမ်းရေးစခန်းများ၌ ထိန်းသိမ်းခံရသည့် မြန်မာရေလုပ်သားများအား ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ စုစုပေါင်း ၉၉၁ ဦးကို ပြန်လည်ခေါ်ဆောင်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ အက်ဒမန်နှင့် နီကိုဘာကျွန်းရောက် မြန်မာရေလုပ်သား ၉၃၆ ဦးအား အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)မှ လေယာဉ်စင်းလုံးငှား၍ ပြန်လည်ခေါ်ဆောင်ပေးခဲ့သည်။

မလေးရှားနိုင်ငံ လန်ကာဝီကျွန်းတွင် ကျင်းပခဲ့သည့် Langkawi International Maritime and Aerospace Exhibition 2015 (LIMA'15)သို့ မြန်မာ့တပ်မတော်(ရေ)မှ ဖရီးဂိတ်အမျိုးအစား စစ်ရေယာဉ်-မဟာသီဟသူရသွားရောက်ခဲ့ရာ အပြန်ခရီးစဉ်တွင် မလေးရှားနိုင်ငံသို့ တရားမဝင်ရောက်ရှိနေသည့် နိုင်ငံသားစိစစ်ပြီးသည့် မြန်မာအလုပ်သမား ၁၀၂ ဦးအား ၂၅-၃-၂၀၁၅ ရက်နေ့တွင် ပြန်လည်ခေါ်ဆောင်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား နှစ်ကာလကြာမြင့်စွာ အငြင်းပွားလျက်ရှိသည့် ပိုင်နက်ပင်လယ်၊ ကမ်းလွန်ရေတိမ်ပိုင်းနှင့် သီးသန့်စီးပွားရေးဇုန်နယ်နိမိတ်များသတ်မှတ်နိုင်ရေးကိစ္စကို ပင်လယ်ဥပဒေဆိုင်ရာ နိုင်ငံတကာ တရားရုံး (International Tribunal for the Law of the Sea - ITLOS) ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည်။

၁၄-၃-၂၀၁၂ ရက်နေ့တွင် ITLOS မှ ချမှတ်ခဲ့သည့် စီရင်ချက်သည် နှစ်နိုင်ငံလုံးမှ ကျေနပ်သဘောတူစေသော စီရင်ချက်ဖြစ်ခဲ့သည့်အပြင် မြန်မာနိုင်ငံမှ ရရှိသော ရေပိုင်နက်အတွင်း ရေနံနှင့်သဘာဝအရင်းအမြစ် အလားအလာများစွာပါရှိရာ မိမိတို့၏ ရေပြင်ပိုင်နက်အတွင်းရှိသည့် ရေနံကွက်များကို စွမ်းအင်ဝန်ကြီးဌာနမှ စတင်တူးဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံကမ်းလွန်ရေတိမ်ပိုင်း ရေမိုင် ၂၀၀ အထက် ကျော်လွန်တိုးချဲ့ သတ်မှတ်ရေးအတွက်လည်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယူးယောက်မြို့ (ကုလသမဂ္ဂဌာနချုပ်) တွင် ၃၀-၇-၂၀၁၅ ရက်နေ့က ကုလသမဂ္ဂကမ်းလွန်ရေတိမ်ပိုင်းကော်မရှင်သို့ ဖြည့်စွက်တင်ပြလွှာ (Amended Submission) တင်သွင်းခဲ့သည်။

**အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် လက်မှတ်ရေးထိုး**

၁၇-၉-၂၀၁၃ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် နောက်ဆက်တွဲစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၈-၇-၂၀၁၅ ရက်နေ့တွင် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့လည်း အတည်ပြုပါဝင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၁-၁၂-၂၀၁၄ ရက်နေ့တွင် ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ကို ကုလသမဂ္ဂဌာနချုပ်၌ စာချုပ်ထိန်းသိမ်းသည့် နိုင်ငံများဖြစ်သော ရုရှားဖက်ဒရေးရှင်း၊ ယူနိုက်တက်တင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စုကိုယ်စားလှယ်များထံ ပေးအပ်နိုင်ခဲ့သဖြင့် ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီဖြစ်ကြောင်း ၄-၁၂-၂၀၁၄ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးက အတည်ပြုကြေညာခဲ့သည်။

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် လွတ်မြောက်ရေး**

နိုင်ငံခြားကြွေးမြီများလျှော့ချနိုင်ရေးကို ရည်ရွယ်၍ ၁၉၈၇ ခုနှစ်မှစ၍ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းတွင် ထည့်သွင်းခြင်းခံခဲ့သည်။ ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပုံမှန်ရရှိလာခြင်းနှင့်အတူ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ရန် ယုံကြည်ချက်များ ရရှိလာခဲ့သည်။

**ကန့်သတ်ပိတ်ဆို့အရေးယူထားမှုများ ဖယ်ရှား**

၂၀၁၂ ခုနှစ်တွင် ဩစတြေးလျနိုင်ငံမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ကန့်သတ်ပိတ်ဆို့မှုများကို ပယ်ဖျက်ပေးခဲ့သည်။

၁၁-၇-၂၀၁၂ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံအပေါ်ထားရှိသည့် ငွေကြေးဆိုင်ရာ ကန့်သတ်ချက်အချို့ကိုဖယ်ရှားခြင်း၊ အမေရိကန်လုပ်ငန်းရှင်များအား မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုအသစ်များ လုပ်ဆောင်ခွင့်ပြုခြင်း၊ ၁၄-၉-၂၀၁၂ ရက်နေ့တွင် အမေရိကန်နှင့် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများမှ မြန်မာနိုင်ငံအား ငွေကြေးအကူအညီများပေးခြင်းနှင့် စပ်လျဉ်း၍ ပိတ်ပင်ထားမှုများ ပယ်ဖျက်ခြင်းများကိုလည်းကောင်း၊ အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ Office of Foreign Asset Control (OFAC)၏ Specially Designated National (SDN) စာရင်းတင်၍ အမေရိကန်ပြည်ဝင်ဗီဇာနှင့် စီးပွားရေးဆောင်ရွက်ခွင့် ကန့်သတ်ထားသော အချို့သောပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအား အမည်စာရင်းမှ ပယ်ဖျက်ပေးခြင်းကိုလည်းကောင်း အဆင့်ဆင့်ပြုလုပ်လာခဲ့သည်။

**ကုန်သွယ်မှု ဦးစားပေးအခွင့်အလမ်း**

၁၉၈၈ ခုနှစ်နောက်ပိုင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့(ILO)၏ စည်းမျဉ်း စည်းကမ်းများအနက်တစ်ခုဖြစ်သည့် အဓမ္မစေခိုင်းခြင်းဆိုင်ရာ စည်းကမ်းချက်အား ချိုးဖောက်သည်ဟု စွပ်စွဲချက်ဖြင့် အီးယူမှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအပေါ် ပေးအပ်သည့် ကုန်သွယ်မှုဦးစားပေးအခွင့်အလမ်း (Generalized Scheme of Preferences-GSP) ပေးအပ်နေခြင်းကို ၁၉၉၇ ခုနှစ်မှစတင်၍ ယာယီရပ်ဆိုင်းခဲ့သည်။

၂၀၁၁ ခုနှစ် နောက်ပိုင်းအစိုးရသစ်မှ ဦးစားပေးဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများအနက် မက်ခရိုစီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ငွေကြေးနှင့်ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုများသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အပြုသဘောဆောင်သည့် သက်ရောက်မှုများရှိခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ဥပဒေမူဘောင်တစ်ရပ်ကိုချမှတ်ပေးနိုင်ခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်သုံးသပ်ပြင်ဆင်ခဲ့သည်။

လူ့အခွင့်အရေးဆိုင်ရာ စွပ်စွဲချက်များကို ချေဖျက်နိုင်ရန် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဇွန်လတွင် ၎င်းအဖွဲ့၏ညီလာခံမှ မြန်မာနိုင်ငံအပေါ် ကန့်သတ်ချက်များကို ရုပ်ဆိုင်းရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ILO အဖွဲ့က ထိုသို့ကန့်သတ်ချက်ကို ရုပ်သိမ်းရန် ဆုံးဖြတ်ချက်ချပြီးနောက် ၁၉-၇-၂၀၁၃ ရက်နေ့တွင် အီးယူမှ ကုန်သွယ်မှုဦးစားပေးအခွင့်အလမ်းကို မြန်မာနိုင်ငံအား ပြန်လည်ပေးအပ်ခဲ့သည်။ အဆိုပါ အစီအစဉ်အရ လက်နက်ခဲယမ်းများမှလွဲ၍ ကျန်ကုန်ပစ္စည်းအားလုံးကို အီးယူသို့ အခွန်ပေးဆောင်ရခြင်းမရှိဘဲ လွတ်လပ်စွာ တင်ပို့ရောင်းချနိုင်သည့် အခွင့်အရေးရရှိခဲ့သည်။

အမေရိကန် ပြည်ထောင်စုကလည်း ၁-၇-၁၉၈၉ ရက်နေ့မှစ၍ ရပ်ဆိုင်းခဲ့သည့် GSP စနစ်ကို ပြန်လည်အသက်သွင်းရန် ကမ်းလှမ်းခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ရုံး၌ကျင်းပသည့် Public Hearing စိစစ်နာကြားမှုအစီအစဉ်သို့ တက်ရောက်အရေးဆိုခြင်း၊ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် စာတမ်းများ တင်ခြင်းကို ၂၀၁၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံသည် ဥရောပ ၂၈ နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ ၃၈ နိုင်ငံမှ GSP အခွင့်အရေးရရှိထားသည်။

**ကြွေးမြီကိစ္စရပ်များ ရှင်းလင်း**

ဂျပန်နိုင်ငံကတင်ရှိသည့် ကြွေးမြီများကို ဂျပန်အစိုးရက လျှော်ပေးခဲ့ခြင်း၊ ပါရီကလပ်အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဩစတြီးယားနိုင်ငံက ကြွေးမြီများ၏ ၅၀ ရာခိုင်နှုန်း လျှော်ပေးခြင်း၊ ဆိုင်းငံ့ကာလနှင့် ပြန်လည်ပေးဆပ်ရမည့်ကာလကို ပြန်လည်ပြင်ဆင်ပေးခြင်း၊ ပါရီကလပ်အဖွဲ့ဝင် နော်ဝေနိုင်ငံကလည်း ကြွေးမြီ ၅၀ ရာခိုင်နှုန်းကို လျှော်ပေးခြင်းအပြင် သီးခြားအနေဖြင့် ကျန်ကြွေး ၅၀ ရာခိုင်နှုန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၃၄ သန်းကို အပြီးအပြတ် လျှော်ပေးခြင်း၊ ပြင်သစ်နိုင်ငံက ကြွေးမြီ အမေရိကန်ဒေါ်လာသန်း ၅၅၀ ကို လျှော်ပေးခြင်း၊ အီတလီနိုင်ငံကတင်ရှိထားသည့် ကြွေးမြီအမေရိကန်ဒေါ်လာ ၃ ဒသမ ၁၈ သန်း၏ ၅၀ ရာခိုင်နှုန်းကို လျှော်ပေးခြင်း၊ ကျန် ၅၀ ရာခိုင်နှုန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အထောက်အကူပြုအတွက် လျှော်ပေးခြင်း၊ ဂျာမနီနိုင်ငံက ကြွေးမြီ ယူရို ၅၀၇ သန်း ကျော်မှ ၂၅ ရာခိုင်နှုန်းကို လျှော်ပေးခြင်း၊ ၇၅ ရာခိုင်နှုန်း၏ ပြန်လည်ပေးဆပ်ရမည့်ကာလကို ပြန်လည်ပြင်ဆင်ပေးခြင်းများ ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။

**နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ**

၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ FDI စုစုပေါင်း အမေရိကန်ဒေါ်လာရှစ်ဘီလီယံရရှိခဲ့ရာ အစိုးရ၏ရေရှည် FDI စီမံကိန်းတွင် ၂၀၁၄ ခုနှစ်အတွင်းရရှိရန် ရည်မှန်းထားသည့် လေးဘီလီယံ၏ နှစ်ဆဝင်ရောက်ခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည်လည်း များစွာတိုးတက်လာကာ ၂၀၁၄ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် ၄ ဒသမ ၅သန်း လာရောက်ခဲ့သည်။

**အာဆီယံဥက္ကဋ္ဌတာဝန်**

၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ် အကြီးမားဆုံး အစည်းအဝေးများဖြစ်သည့် (၂၄)ကြိမ်မြောက်နှင့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများ၊ (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ကျင်းပခဲ့ပြီး ဝန်ကြီးဌာနအသီးသီးကလည်း အစည်းအဝေးပေါင်း ၂၃၀ ကျော်ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခဲ့သည်။

စာမျက်နှာ (ယ) သို့

# နိုင်ငံသားများအတွက် အလုပ်အကိုင်နှင့်အခွင့်အလမ်းပိုမိုရရှိစေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို ဦးစားပေးပြောင်းလဲဖော်ဆောင်ခဲ့



မြန်မာစင်တာပလာဇာ(ရန်ကုန်) အထပ်မြင့်ဟိုတယ်ကြီးများကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

၂၀၁၅-၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်းခြောက်ထောင် ဝင်ရောက်ရေးအတွက် လျာထားဆောင်ရွက်လျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ကာလရှည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပြီး လာရောက်ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လျာထားချက် အမေရိကန်ဒေါ်လာ သန်းတစ်ထောင်၊ အမှန်ခွင့်ပြုပမာဏ အမေရိကန်ဒေါ်လာ ၃၄၁၉ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လျာထားချက် အမေရိကန်ဒေါ်လာ သန်းသုံးထောင်၊ အမှန်ခွင့်ပြုပမာဏ အမေရိကန်ဒေါ်လာ ၄၁၀၇ သန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လျာထားချက် အမေရိကန်ဒေါ်လာ သန်းလေးထောင်၊ အမှန်ခွင့်ပြုပမာဏ အမေရိကန်ဒေါ်လာ ၈၀၁၀ သန်း ရရှိခဲ့သည်။

ဘဏ္ဍာနှစ်အလိုက် ရင်းနှီးမြှုပ်နှံမှုပမာဏတိုးတက်ကာ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ဆက်လက်တိုးတက်လာမည့် အလားအလာများရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အတွင်းရေးမှူးဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်လည်းဖြစ်သူ ဦးအောင်နိုင်ဦးက ပြောသည်။

"လက်ရှိမြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုအခြေအနေက တိုးတက်ကောင်းမွန်လာပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဟာ အရေးကြီးတဲ့အချက်တစ်ချက်ဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေနဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ရေးအတွက် နှစ်စဉ်လျာထားချက်တွေ သတ်မှတ်ပြီး လျာထားချက်ပြည့်မီအောင် ဆောင်ရွက်နေပါတယ်" ဟု ပြောကြားခဲ့သည်။

လက်ရှိအစိုးရ စတင်တာဝန်ယူသည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ နိုင်ငံပေါင်း ၃၃ နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် လုပ်ငန်းပေါင်း ၅၄၃ ခုတို့ လာရောက်ရင်းနှီးမြှုပ်နှံခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်းအနေဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၂၁၄၆၃ ဒသမ ၉၁၃ သန်းရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့် ပတ်သက်၍ "ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေတဲ့နိုင်ငံတွေအနက် စင်ကာပူနိုင်ငံက စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏရဲ့ ၄၂ ဒသမ ၃၃ ရာခိုင်နှုန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၂၄ ဒသမ ၅၈ ရာခိုင်နှုန်း၊ ယူနိုက်တက်ကင်းဒမ်းက ၆ ဒသမ ၄၅ ရာခိုင်နှုန်းနဲ့ ပထမ၊ ဒုတိယ၊ တတိယ အစဉ်လိုက်ရှိနေပါတယ်။ ဟောင်ကောင်နဲ့ နယ်သာလန်တို့က စတုတ္ထနှင့် ပဉ္စမနေရာမှာ ရှိပါတယ်။

ဦးစားပေးရင်းနှီးမြှုပ်နှံနေတဲ့ ကဏ္ဍတွေအနေနဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့ကဏ္ဍမှာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုရဲ့ ၂၇ ဒသမ ၁၅ ရာခိုင်နှုန်း၊ လျှပ်စစ်ကဏ္ဍမှာ ၂၂ ဒသမ ၃၄ ရာခိုင်နှုန်းနဲ့ စက်မှုကဏ္ဍမှာ ၂၀ ဒသမ ၂၈ ရာခိုင်နှုန်းရှိပါတယ်။ ပြီးတော့ သယ်ယူပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးကဏ္ဍ၊ Real Estate ကဏ္ဍ၊ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းကဏ္ဍ၊ အခြားဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ၊ မွေးမြူရေးနဲ့ရေလုပ်ငန်းကဏ္ဍ၊ သတ္တုကဏ္ဍနဲ့ စိုက်ပျိုးရေးကဏ္ဍတွေမှာလည်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကြပါတယ်"ဟု ဦးအောင်နိုင်ဦးက ပြောသည်။

၂၀၁၁ ခုနှစ်မတိုင်မီက သယံဇာတကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများဖြစ်သည့် လျှပ်စစ်ကဏ္ဍ၊ သတ္တုကဏ္ဍနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍစသည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုပမာဏများစွာစီးဝင်ခဲ့သည်။

"၂၀၁၁ ခုနှစ်နောက်ပိုင်းမှာတော့ အစိုးရကပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်ခဲ့တယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုပြီးရစေနိုင်တဲ့ စက်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍနဲ့ စိုက်ပျိုးရေးကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှုပိုမိုစီးဝင်ရေးကို ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် ၂၀၁၁-၂၀၁၂ ကနေ ၂၀၁၅-၂၀၁၆ အထိ ကာလမှာ စက်မှုကဏ္ဍဟာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုရဲ့ ၂၀ ဒသမ ၂၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့တယ်။ ဟိုတယ်ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးကဏ္ဍတွေမှာ အလားတူပဲ တိုးတက်လာခဲ့တယ်"ဟုလည်း ညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ပေါ်ပေါက်လာစေရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုလေးရပ်ကို ဆောင်ရွက်လျက်ရှိသည်။

"ပထမဆုံးအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနဲ့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခဲ့တယ်။ ရင်းနှီးမြှုပ်နှံမှုတွေ ပိုပြီးဝင်ရောက်လာစေဖို့ အထူးစီးပွားရေး ဇုန်ဥပဒေ၊ နည်းဥပဒေကိုလည်း ပြင်ဆင်ရေးဆွဲထုတ်ပြန်ခဲ့တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေနှစ်ရပ်ကိုပေါင်းပြီး ဥပဒေတစ်ရပ်ဖြစ်ပေါ်လာဖို့ ပြင်ဆင်ရေးဆွဲနေတယ်။ ဒီလိုပြင်ဆင်ရေးဆွဲရတာက နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေနဲ့ နိုင်ငံသားရင်နှီးမြှုပ်နှံမှုတွေလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ တူညီတဲ့အခွင့်အလမ်းတွေရရှိစေဖို့ ရည်ရွယ်ပါတယ်။

ဒုတိယအနေနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ယခင်ကန့်သတ်ထားတာတွေကို ဖြေလျှော့ပြီးတော့ ပွင့်လင်းမြင်သာမှုနဲ့ လွတ်လပ်စွာဆောင်ရွက်နိုင်ဖို့ ဆောင်ရွက်ခဲ့တယ်။ မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲတာပါ။ တတိယအနေနဲ့ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းတွေ တိုးတက်စေရေးကို ဆောင်ရွက်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေ လုပ်ငန်းကိစ္စတွေဆောင်ရွက်တဲ့အခါ ရုံးဌာနတွေကို တစ်နေရာတည်းမှာ ပြီးပြတ်အောင်ဆောင်ရွက်နိုင်ဖို့ ဌာနဆိုင်ရာ ပူးပေါင်းမှုလုပ်ငန်းအဖွဲ့ (One Stop Service) ကို ထူထောင်ခဲ့တယ်။

စတုတ္ထပြုပြင်ပြောင်းလဲတာကတော့ ဖွဲ့စည်းပုံတွေ ပြုပြင်ပြောင်းလဲတာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ အဆိုပြုချက်တွေကို ထိရောက်စွာ အကဲဖြတ်နိုင်ဖို့နဲ့မူဝါဒပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်ဖို့အတွက် အစိုးရဌာနတွေက တာဝန်ရှိသူတွေ၊ ကျွမ်းကျင်ပညာ

**သတင်းဆောင်းပါး – ရှင်မင်း**

ရှင်တွေ၊ ပုဂ္ဂလိကကဏ္ဍက ကိုယ်စားလှယ်တွေပါဝင်တဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို ၂၀၁၂ ခုနှစ်ကစပြီး ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။

ကော်မရှင်ရဲ့ လုပ်ငန်းတာဝန်တွေကို တာဝန်ယူဆောင်ရွက်ပေးနေတဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကိုလည်း နေပြည်တော်နဲ့ရန်ကုန်မြို့မှာသာ ရုံးဖွင့်လှစ်ထားရာကနေ မန္တလေး၊ တောင်ကြီးနဲ့ မော်လမြိုင်မှာ ထပ်မံဖွင့်လှစ်ထားတယ်။ ကျန်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်မှာလည်း ဖွင့်လှစ်ဖို့ဆောင်ရွက်သွားပါမယ်"ဟု ဆက်လက်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် သဘာဝသယံဇာတကိုအခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများကို ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများထံ တင်ပြကာ လိုအပ်သည့်လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ကို ဦးစွာဆောင်ရွက်ရကြောင်း၊ ထို့နောက် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုလွှာတင်ပြကာ အဆင့်ဆင့်စိစစ်ပြီးမှသာ အနီးစပ်ဆုံးကော်မရှင် အစည်းအဝေးသို့တင်ပြရကြောင်း၊ ကော်မရှင်အနေဖြင့်လည်း သဘာဝသယံဇာတကိုအခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်ခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ သက်ဆိုင်ရာအချက်အလက်များကို အခြေခံပြီး သေချာစွာစိစစ်ဆောင်ရွက်ပြီးမှသာခွင့်ပြုကြောင်း သိရသည်။

"သဘာဝသယံဇာတနဲ့ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို နိုင်ငံသားတွေရဲ့သဘောထားနဲ့ နိုင်ငံတော်အတွက် အကျိုးအမြတ်ရရှိနိုင်မှု အခြေအနေအပေါ်မှာ အခြေခံပြီးစဉ်းစားသွားမှာဖြစ်ပါတယ်။ အရင်ကသယံဇာတကိုအခြေခံတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လက်ခံခဲ့ရာကနေ အလုပ်အကိုင်အခွင့်အလမ်းပိုမိုတိုးတက်ရရှိစေနိုင်တဲ့ စက်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍနဲ့ စိုက်ပျိုးရေးကဏ္ဍစတဲ့ကဏ္ဍတွေကို ဦးစားပေးကဏ္ဍအဖြစ် မူဝါဒပြောင်းလဲဖော်ဆောင်ခဲ့တယ်။ ပြီးတော့ Environmental Impact Assessment ရယူဆောင်ရွက်ရမယ့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားတွေကိုလည်း အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါတယ်" ဟုလည်း ဆက်လက်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုသည် အရေးပါသည့်ကဏ္ဍအဖြစ်ပါဝင်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုဟုဆိုရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသာမက နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများပါ ပါဝင်ရမည်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာရရှိစေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိသကဲ့သို့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်အတွက်လည်း နိုင်ငံတော်က ကူညီဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် ဘဏ္ဍာနှစ်အလိုက် တိုးတက်မှုများဖြစ်ပေါ်ခဲ့ပြီး ရရှိခဲ့သည့်တိုးတက်မှုရလဒ်များကို ထိန်းသိမ်းကာ လာမည့်ဘဏ္ဍာနှစ်များတွင် ပိုမိုကောင်းမွန်သောရလဒ်များရရှိအောင် မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) စတင်ပါကလည်း အလုပ်လုပ်နိုင်သည့် လူဦးရေပမာဏများပြားမှု၊ အခြားအာဆီယံနိုင်ငံများထက် လုပ်ခနှုန်းထားသက်သာမှုများကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပိုမိုဝင်ရောက်လာနိုင်ပြီး ASEAN Comprehensive Investment Agreement (ACIA) အရလည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကျိုးကျေးဇူးများကို ခံစားခွင့်ရရှိမည်ဖြစ်သည်။

**မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုသည် အရေးပါသည့်ကဏ္ဍအဖြစ် ပါဝင်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုဟုဆိုရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသာမက နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများပါ ပါဝင်ရမည်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာရရှိစေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိသကဲ့သို့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်အတွက်လည်း နိုင်ငံတော်က ကူညီဖြည့်ဆည်းဆောင်ရွက်လျက်ရှိ**

# အားထုတ်မှုများနှင့် သားငါးထုတ်လုပ်မှုတိုးတက်ရေး

**သတင်းဆောင်းပါး - ဝေယံဦး**

လူဦးရေက တစ်နေ့တခြားတိုးပွားလာသည်။ တိုးပွားလာသည့် လူဦးရေအတွက် နေ့စဉ်စားနပ်ရိက္ခာ ဖူလုံရန် ကြိုးစားလျက်ရှိရာ သားငါးကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရန် မလွဲမသွေလိုအပ်လာသည်။

နိုင်ငံတကာတွင်လည်း စားနပ်ရိက္ခာဖူလုံရေးအတွက် နိုင်ငံတိုင်းကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း သားငါးထုတ်လုပ်နိုင်ရေး အားထုတ်လျက်ရှိရာ လိုအပ်ချက်များရှိနေသော်လည်း ပြည်သူများအတွက် တိုးတက်ထုတ်လုပ်နိုင်ရေး တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။

"ကျွန်တော်တို့ နို့စားနွားမွေးမြူရေးလုပ်ငန်းက နို့စားနွားအကောင် ၁၀၀ ကျော်ရှိပါတယ်။ နေ့စဉ် နွားနို့ပိဿာ ၁၅၀၀ ခန့်ထွက်ရှိပေမယ့် ဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် မလုပ်ပေးနိုင်သေးပါဘူး။ ဝယ်လိုအားက မြင့်မားနေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လေးထောင့်ကန်ရှိ ငွေစင်ပုလဲနို့စားနွား မွေးမြူရေးခြံမှ ဦးတင်ဝင်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်စတွင် နို့စားနွားကောင်ရေ ၁၉၃၄၂ ကောင် ရှိခဲ့ပြီး ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်စတွင် နို့စားနွားကောင်ရေ ၂၀၀၄၉ ကောင်အထိ တိုးတက်မွေးမြူနိုင်ခဲ့သော်လည်း နေ့စဉ်နွားနို့ဝယ်လိုအား များပြားနေဆဲပင်ဖြစ်သည်။

ထို့အတူ တစ်နိုင်ငံလုံး နွားနို့ထုတ်လုပ်မှုအနေဖြင့်ကြည့်လျှင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း နို့ပိဿာ ၁၃၂၅၇၄၃ ပိဿာထုတ်လုပ်နိုင်ခဲ့သည်။ သို့သော် နို့အပြင် နို့ထွက်ပစ္စည်းများဖြစ်သော နို့ဆီ၊ ဒိန်ချဉ် စသည်တို့ပါ ထုတ်လုပ်မှုကြောင့် တစ်နိုင်ငံလုံး နို့ဝယ်လိုအားပြည့်မီရေး ကြိုးစားဆောင်ရွက်နေရဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသားထုတ်လုပ်မှု တိုးတက်စေရန် နွား၊ ကျွဲ၊ သိုး၊ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်စသည့် တိရစ္ဆာန်များကို ပုဂ္ဂလိကမွေးမြူရေးသမားများအား ကူညီမှု၊ တိုက်တွန်းမှုနှင့် အသိပညာပေးမှုများ လုပ်ဆောင်နိုင်ရာ အသားထုတ်လုပ်မှု ပိုမိုတိုးတက်လာခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အသားထုတ်လုပ်မှု ၁၆၈၅၃၈၆ ပိဿာအထိ ရှိခဲ့သည်။

အသားကဏ္ဍထုတ်လုပ်မှုတွင် ပုဂ္ဂလိကနွားမွေးမြူရေးလုပ်ငန်းရှင်များဖြစ်သည့် ကျော်သရဖူ မွေးမြူရေးလုပ်ငန်း၊ ဂရင်းလန်းအသားစား နွားမွေးမြူရေးလုပ်ငန်းများကဲ့သို့ အကောင်ရေများများမွေးမြူကာ အသားထုတ်လုပ်မှုတိုးမြှင့်အောင်လည်း တဖြည်းဖြည်းအထောက်အပံ့ပြုနိုင်ခဲ့သည်။

တစ်ဖန် အသားစားနွားများအပြင် ခိုင်းကျွဲ၊ နွားထုတ်လုပ်မှု တိုးမြှင့်အောင်လုပ်ဆောင်ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ခိုင်းကျွဲနွားကောင်ရေ ၁၀၆၉၈ ကောင် ထုတ်လုပ်နိုင်ခဲ့သဖြင့် လယ်ယာကဏ္ဍတွင် ပစ်ပယ်၍မရနိုင်သေးသည့် ကျွဲ၊ နွားများ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးခဲ့သည်။

နို့စားနွား၊ ခိုင်းနွား၊ အသားစားနွား စသည့်မွေးမြူရေးလုပ်ငန်းများအတွက် မျိုးကောင်းမျိုးသန့်ရရှိရေး မျိုးရည်ချောင်းများ အခမဲ့ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ မျိုးရည်ချောင်း အခမဲ့ဖြန့်ဖြူးပေးနိုင်ခဲ့မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း မျိုးကောင်းမျိုးသန့်နွားများဖြစ်သည့် အသားစားနွား၊ နို့စားနွားတို့ကို စဉ်ဆက်မပြတ် အခြေခံလူတန်းစားများကလည်း တစ်ပိုင်တစ်နိုင် မွေးမြူလာခဲ့ခြင်းဖြစ်သည်။

နွားမွေးမြူရေးတွင် တစ်ပိုင်တစ်နိုင်မွေးမြူခြင်းမှသည် နို့စားနွားနှင့် အသားစားနွားများကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက်လည်း ဈေးကွက်သစ်များကို ချိတ်ဆက်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းအသားထုတ်လုပ်မှုကဏ္ဍတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိစေရန် မျိုးချောင်းများ အခမဲ့ပေးဝေနိုင်ခဲ့သည့်အတွက် ဈေးကွက်ဝင် နွားမျိုးကောင်းမျိုးသန့်များရရှိစေခဲ့သဖြင့် ကျေးရွာအနှံ့ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်မွေးမြူရေးအထိ ခရီးပေါက်ခဲ့သည်။

နွားမွေးတောင်သူများအတွက် အသိပညာဖြန့်ဝေပေးမှုများအပြင် မွေးမြူရေးဘဏ်စနစ်ဖြင့် ချေးငွေများထုတ်ချေးကာ အရင်းမပျောက်မတည်ရင်းနှီးမှုများ ထောက်ပံ့ခဲ့ရာ တောင်သူများအထိုက်အလျောက်အဆင်ပြေခဲ့သည်။ အခြေခံလိုအပ်ချက်များရှိနေလင့်ကစား အသားထုတ်လုပ်မှုကဏ္ဍတိုးတက်စေရန် အထောက်အကူဖြစ်စေခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

ရင်းနှီးငွေချေးပေးမှု၊ အသိပညာဗဟုသုတဖြန့်ဝေပေးနိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုတို့ကို ကျေးရွာများအထိ ကွင်းဆင်းအကောင်အထည်ဖော်နိုင်ခဲ့သည်။ ရာနှုန်းပြည့်မလွှမ်းခြုံနိုင်သေးသော်လည်း တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှု အနေအထားကိုကြည့်လျှင် ၂၀၁၁ ခုနှစ်မှစတင်ကာ တိုးတက်လာခဲ့သည်။

၂၀၁၁-၂၀၁၂ ခုနှစ်က အသားထုတ်လုပ်မှု တစ်နိုင်ငံလုံးအနေဖြင့် ၁၂၆၉၉၁၂ ပိဿာ ရှိခဲ့သော်လည်း ၂၀၁၂-၂၀၁၃ တွင် အသားပိဿာ ၁၃၉၃၁၅၁ ပိဿာ၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၁၅၂၆၃၅၉ ပိဿာ၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၁၆၈၅၃၉၆ ပိဿာအထိ တိုးမြှင့်ထုတ်လုပ်လာနိုင်သည်။

ပြည်တွင်း၌ အသားထုတ်လုပ်မှုတိုးတက်စေရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသကဲ့သို့ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ကလည်း နည်းပညာ၊ ဈေးကွက်ရရှိရေး စသည်တို့ကို တတ်စွမ်းသမျှ ကြိုးစားဖြည့်ဆည်းပေးနေသည်။

ယခုအခါ ပြည်ပဈေးကွက်သို့ ပြည်တွင်းမှ အသားတင်ပို့နိုင်ရေး ကြိုးစားလျက်ရှိရာ အရည်အသွေး စံချိန်စံညွှန်းမီသောအသားများ ထုတ်လုပ်နိုင်ရေးအားထုတ်ရန် လိုအပ်လျက်ရှိသည်။ အသားစားနွား၊ နို့စားနွားအပြင် ဆိတ်၊ ကြက်၊ ဘဲ၊ ဝက်၊ ကျွဲ၊ သိုးများကိုလည်း ယခုထက်ပိုမိုမွေးမြူနိုင်ရေး တွန်းအားပေးလျက်ရှိရာ မြေပြင်တွင် အခက်အခဲများရှိသော်လည်း ဝိုင်းဝန်းကူညီမှုဖြင့် ရေရှည်တွင် ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ်မွေးမြူသည့် မွေးမြူရေးခြံကြီးများ ဖြစ်ထွန်းလာစေမည်ဖြစ်သည်။

တစ်ချိန်ချိန်တွင် စီးပွားဖြစ်မွေးမြူရေးခြံကြီးများ ဖြစ်ပေါ်စေရန် လက်ရှိ အကောင်အထည်ဖော်နေသော မွေးမြူရေးဘဏ်စနစ်သည် အထောက်အကူပြုစတင်အခြေတည်နိုင်မည်ဖြစ်သည်။ မွေးမြူရေးဘဏ်စနစ်တွင် မြစိမ်းရောင်အသားကဏ္ဍအဖြစ် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်ပေါင်း ၆၁ ခု၊ မြို့နယ်ပေါင်း ၁၇၃ မြို့နယ်၊ ကျေးရွာပေါင်း ၄၈၄ ရွာတို့တွင် ကျေးရွာမွေးမြူရေးလုပ်ငန်း ရေရှည်တည်တံ့ရေးအတွက် တစ်ရွာလျှင် ကျပ်သိန်း ၃၀ ဖြင့် နွားကောင်ရေ ၁၇၈၉ ကောင်၊ ဝက် ၂၀၂၁၅ ကောင်၊ သိုးနှင့် ဆိတ် ၁၁၄၉၆ ကောင် ဖြန့်ဖြူးပေးနိုင်ခဲ့ရာ အနာဂတ်တွင် မွေးမြူရေးအတွက် အခြေခံကောင်းများကို ချပေးနိုင်ခြင်းဖြစ်သည်။

ငါးထုတ်လုပ်မှုကဏ္ဍကိုကြည့်လျှင် မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်းဒဏ် ကြုံတွေ့ခံစားရပြီးနောက်ပိုင်း ထိခိုက်မှုများဖြစ်ပေါ်ခဲ့သည်။ ပြည်တွင်း၌ ငါးမွေးကန်များပျက်စီးခဲ့သလို ပင်လယ်၊ မြစ်ချောင်းများအတွင်း ငါးသယံဇာတထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။ ပင်လယ်ပြင်ငါးဖမ်းဆီးမှုအပိုင်း တွင်လည်း ငါးမျိုးစိတ်များ လျော့နည်းကျဆင်းလာခဲ့သဖြင့် ယခင်ကထက် ငါးသယံဇာတ ၄၀ ရာခိုင်နှုန်းခန့်သာ ရှိတော့ကြောင်း ဩစတြေးလျနိုင်ငံမှ သုတေသနပညာရှင် ဒေါက်တာစတီးဒက်ချ်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပသော ဆွေးနွေးပွဲတစ်ခု၌ သုံးသပ်ပြောကြားခဲ့သည်။

ပြည်တွင်း၌ ငါးသယံဇာလျော့နည်းလာမှုကို ထိန်းသိမ်းနိုင်ရန်နှင့် ငါးထုတ်လုပ်မှုကို တိုးတက်စေရေးအတွက် ဂရန်အင်းများစွာအနက် ပင်လယ်ငယ်ကိုးပင်အင်း၊ မူးချောင်းရိုးအင်း၊ မအူအင်း၊ အင်းလေးအင်း၊ ညောင်ကြပ်အင်း၊ ပက္ကီအင်း၊ မရမ်းကြာအင်း၊ တော်ခရမ်းအင်း၊ ဒူးယားအင်း စသည့် အင်းပေါင်း ၁၁ အင်းကိုရွေးချယ်ကာ အင်းတစ်အင်းကို ငွေကျပ်သိန်း ၁၀၀ စီ ထောက်ပံ့ပေးခဲ့သည်။ ငါးသယံဇာတအနေအထားကို သိရှိနိုင်ရန် နော်ဝေနိုင်ငံမှ Dr . Fridtjof Nansen သုတေသနယာဉ်ဖြင့် မိုးလွန်ကာလနှင့် မိုးကြိုကာလများတွင် စစ်ဆေးဆောင်ရွက်ခဲ့သည်။ ထိုသို့ သုတေသနပြုမှုကြောင့် မြန်မာ့ရေပြင်တွင် ငါးသယံဇာတများစွာ လျော့နည်းလာနေပြီဖြစ်ကြောင်း၊ ထိန်းသိမ်းရန်လိုအပ်နေပြီဖြစ်ကြောင်း သိရှိခဲ့ရသည်။

ငါးသယံဇာတလျော့နည်းလာမှုကြောင့် နိုင်ငံတစ်ဝန်း ငါးသားဖောက်စက်ရုံ ၆၂ ရုံကို တည်ဆောက်ခဲ့ပြီး ငါးသားပေါက်များ သန်းပေါင်းများစွာ မွေးထုတ်ကာ ပြည်တွင်းငါးမွေးကန်များ၊ မြစ်ချောင်းအင်းအိုင်များအတွင်း ငါးမျိုးစိတ်များကို ထည့်သွင်းတိုးပွားစေခဲ့သည်။ ယခုနှစ် ပြီးခဲ့သည့် ဩဂုတ်လနှင့်ဇူလိုင်လများတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အများအပြားတွင် ငါးမွေးကန်ဟက်တာ ၃၀၀၀ ခန့် ထိခိုက်ပျက်စီးခဲ့ရာ ပြန်လည်ထူထောင်ရေးအတွက် ငွေကြေးနှင့် နည်းပညာများအပြင် ငါးသားပေါက်များကို ဖြန့်ဖြူးပေးခဲ့သည်။

ငါးဖမ်းပစ္စည်းများဖြစ်သည့် ပိုက်၊ လှေ၊ အင်ဂျင် စသည်တို့ကိုလည်း ထောက်ပံ့ခဲ့ပြီး ငါးထုတ်လုပ်မှုမကျဆင်းအောင် ဝိုင်းဝန်းကူညီပေးခဲ့သည်။ သို့သော်လည်း မြေပြင်တွင် လုပ်ငန်းအကောင်အထည်ဖော်ရာ၌ အခက်ခဲများရှိနေဆဲပင်ဖြစ်သည်။



တီလားပီးယားငါးသားဖောက်စခန်းများဖွင့်ပြီး စီးပွားဖြစ်လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-မင်းသစ်)

မြန်မာနိုင်ငံ၌ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ရေချိုငါးထုတ်လုပ်မှု စုစုပေါင်းတန်ချိန် ၁ ဒသမ ၄ သန်းခန့်ရှိခဲ့ရာ ၇၀ ရာခိုင်နှုန်းခန့်သည် စားနပ်ရိက္ခာဖူလုံရေးအတွက် ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ရေချိုငါးထုတ်လုပ်မှုအများစုမှာ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းမှုနှင့် ပြည်တွင်းဈေးကွက်ဖြန့်ဖြူးပေးနိုင်မှုအပေါ် အဓိကအကျိုးသက်ရောက်မှုရှိနေသည်။ ငါးလုပ်ငန်းတွင် တိုက်ရိုက်ပါဝင်လုပ်ကိုင်နေသော လူဦးရေမှာ သုံးသန်းခန့်ရှိနေပြီး ငါးလုပ်ငန်းနှင့်ဆက်စပ်ကာ အကျိုးခံစားနေသူများမှာ လူဦးရေ ၁၅ သန်းခန့်ရှိနေကြောင်း သိရသည်။

ရေငန်ငါးဖမ်းဆီးမှုအပိုင်းတွင်လည်း ပင်လယ်ပြင်တွင် မြန်မာနိုင်ငံပိုင်ဆိုင်သော ရေပြင်စီးပွားရေးဇုန် ၁၂မိုင် ခန့်ရှိပြီး ကုန်းတွင်း၌ ရေပြင်ဧရိယာ ၄၂၀၀ ဒသမ ၅၉ စတုရန်း မိုင်ကျယ်ဝန်းသည်။ မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတအခြေအနေ ကို ၁၉၇၉-၁၉၈၀ ခုနှစ်က အက်ဖ်အေအို ကူညီမှုဖြင့် ရေအနက်မီတာ ၂၀၀မှ မီတာ ၄၀၀ အထိ ရက်ပေါင်း ၁၀၂ ရက်ခန့် ပထမဆုံးအကြိမ် သုတေသနပြုလေ့လာခဲ့ရာရေချိုရေငန်ငါးပုစွန်မျိုးစုံ နှစ်စဉ်တန်ချိန် တစ်သန်းကျော်ကို မျိုးသုဉ်းမှုမထိခိုက်စေဘဲ ထုတ်ယူနိုင်ကြောင်း သိရသည်။ သို့သော်လည်း ၂၀၁၃ ခုနှစ် နိုဝင်ဘာမှ ဒီဇင်ဘာအထိ နော်ဝေနိုင်ငံ၏ အကူအညီဖြင့် မြန်မာ့ပင်လယ်ပြင်တွင် သုတေသနပြုခဲ့ရာ ငါးသယံဇာတမှာ ၄၀ ရာခိုင်နှုန်းခန့်သာ ကျန်ရှိတော့ကြောင်း စိုးရိမ်ဖွယ်ရာ သိရှိခဲ့ရသည်။

ထိုသို့ ရေချို၊ ရေငန် ငါးသယံဇာတလျော့နည်းလာမှု အဓိကအကြောင်းရင်းမှာ တရားမဝင် ငါးဖမ်းဆီးခြင်း၊ အလွန်အကျွံ ငါးဖမ်းဆီးခြင်း၊ စီမံခန့်ခွဲမှု အားနည်းခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ဂေဟစနစ် ပျက်သုဉ်းခြင်းကြောင့် ဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် တရားမဝင် ငါးဖမ်းဆီးမှုနှင့် အလွန်အကျွံငါးဖမ်းဆီးမှုများကို ထိန်းချုပ်ရန် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည့် ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတများ လျော့နည်းကျဆင်းလာမှုကို ကုစားနိုင်ရန်အတွက် နှစ်စဉ် ဧပြီလ ၁ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ ငါးဖမ်းရေယာဉ် ၆၅ ရာခိုင်နှုန်းကိုသာ ဖမ်းဆီးခွင့်ပြုခဲ့သည်။ ထိုသို့ ထိန်းချုပ်မှုကြောင့် ငါးဖမ်းဆီးမှု လျော့ကျသွားမည် ဖြစ်ပြီး နှစ်စဉ် ဇွန်လ ၁ ရက်နေ့မှစတင်ကာ ကမ်းနီးကမ်းဝေးငါးဖမ်းယာဉ်များအားလုံးကို ငါးဖမ်းခွင့်ပြုခဲ့သည်။

တစ်ဖန် ငါးသယံဇာတလျော့နည်းလာမှုကို ကုစားရာတွင် အထောက်အကူပြုနိုင်ရန် ၂၀၁၅ ခုနှစ်မှစတင်ပြီး တစ်နှစ်လျှင်သုံးလ ငါးဖမ်းခွင့်ပိတ်ပင်ရန်လည်း ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ငါးဖမ်းလုပ်ငန်းရှင်များ ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။ မြန်မာနိုင်ငံသည် ငါး၊ ပုစွန် ထုတ်လုပ်မှုတွင် အာဆီယံဒေသတွင် စတုတ္ထအဆင့်ရှိပြီး ကမ္ဘာတွင် အဆင့် ၁၄ နေရာ၌ ရပ်တည်လျက်ရှိရာ ငါးထုတ်လုပ်ရေးကဏ္ဍတိုးတက်ရန် အဘက်ဘက်မှ ကြိုးစားအကောင်အထည်ဖော်လျက်ရှိသည်။

တစ်ဖက်ကလည်း ငါးသားပေါက်မွေးမြူခြင်း၊ ငါးမျိုးများစိုက်ထည့်ခြင်း၊ ငါးမျိုးများ အခမဲ့ဖြန့်ဖြူးခြင်းများအပြင် ငါးသားပေါက်မွေးမြူခြင်းများကို နိုင်ငံတစ်ဝန်းငါးသားဖောက်ရုံ ၆၂ ရုံကို တည်ဆောက်ပေးခဲ့ကာ ငါးမျိုးများ အဆက်မပြတ်မွေးမြူဖြန့်ဖြူးပေးလျက်ရှိသည်။ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ငါးမွေးကန်များသို့လည်း ငါးသားပေါက်များ အခမဲ့ဖြန့်ဖြူးပေးခဲ့ရာ ငါးသယံဇာတထိန်းသိမ်းမှုများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ခဲ့သည်။

လောလောဆယ်တွင် မြန်မာနိုင်ငံမှ ငါး၊ ပုစွန်ထုတ်ကုန်များကို ဥရောပဈေးကွက်သို့ တင်ပို့ခွင့်ရရှိခဲ့ပြီဖြစ်ရာ အရည်အသွေးမီသော ငါးထုတ်ကုန်များကို ပြည်ပဈေးကွက်သို့ မကြာမီတင်ပို့နိုင်တော့မည်ဖြစ်သည်။ အခက်အခဲများရှိသော်လည်း ဖွဲလုံ့လဖြင့်ကြိုးစားခဲ့မှုကြောင့် ငါးလုပ်ငန်းရှင်များအတွက် အီးယူဈေးကွက်သို့ တင်ပို့ခွင့်ရရှိခြင်းမှာ အခွင့်အရေးကောင်းတစ်ရပ်ဖြစ်လာသည်မှာ အမှန်ပင်ဖြစ်သည်။

*စာမျက်နှာ (ခ) မှ*

၂၀၁၄ ခုနှစ်အတွင်း အာဆီယံဥက္ကဋ္ဌအဖြစ် အာဆီယံ၏ အရေးပေါ်အခြေအနေ၊ အကျပ်အတည်းများတွင် ဦးဆောင်နိုင်စွမ်းကိုလည်း ပြသနိုင်ခဲ့သည်။ ယင်းအကျပ်အတည်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် တူညီဆန္ဒကိုရယူ၍ ကြေညာချက်ခြောက်ခုကို ထုတ်ပြန်နိုင်ခဲ့သည်။ အာရှ-ဥရောပအစည်းအဝေးဟုခေါ်ဆိုသည့် အေဆမ် ထိပ်သီးအစည်းအဝေးအတွင်း နိုင်ငံတော်သမ္မတဦးသိန်းစိန် ခေါင်းဆောင်သည့် အာဆီယံ၏ သုံးပွင့်ဆိုင်ခေါင်းဆောင်များသည် ဥရောပသမဂ္ဂဘက်မှ ခေါင်းဆောင်များနှင့် တွေ့ဆုံနိုင်ခဲ့သည်။ အာဆီယံဥက္ကဋ္ဌ မြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတသည် အေပက်ပေါင်းစည်း ဆက်သွယ်မှုမိတ်ဖက်ပါဝင်မှု အစည်းအဝေးသို့ အာဆီယံကိုယ်စားပြု၍ တက်ရောက်ခဲ့သည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာလ ၁၁ရက်နေ့မှ ၁၂ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့၌ ကျင်းပသည့် (၂၅) ကြိမ်မြောက် အာဆီယံ-ကိုရီးယားဆွေးနွေးဖက် ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအား ကမ္ဘာ့နိုင်ငံများအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံနိုင်ရေး၊ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများတွင် တာဝန်ကျေပွန်သော ကမ္ဘာ့မိသားစုဝင်နိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နိုင်ရေးအတွက် လက်ရှိကျင့်သုံးနေသော ဂုဏ်ယူဖွယ်ရာ မြန်မာ့နိုင်ငံခြားရေးမူဝါဒအစဉ်အလာကို အောင်မြင်စွာဆက်လက်ကျင့်သုံးသွားနိုင်ရန် တာဝန်ကျရာ အခန်းကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။